
www.burmeseclassic.com



မောင်မြင့်ကား
(ဘိုကလေး)

# မုဆိုးဝတ္ထုတိုများ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၁၁၀၉၂၀၆၀၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၇၂၀၂၀၇

ထုတ်ဝေသူ
ဦးဇော်မင်းအေး ( မြ/၀၄၁၂၂ )ထက်ဝေယံစာပေ
အမှတ် (၇၉/၉၀) ၊ ဗဟိုစည်အိမ်ယာ
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၁၀၃၄၅

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးဇော်မင်းအေး ၊ (ဇော်ပုံနှိပ်တိုက်)၊ (၀၇၁၂၅)၊
အမှတ် (၃၈၆) ၊ အင်ကြင်းမြိုင်လမ်း၊ (၂၃) ရပ်ကွက်၊
သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းဖလင် - ကိုဦး
စာအုပ်ချုပ် - ပပမိုး
မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်း- ဝင်းမြင့်အောင်
ကွန်ပျူတာစာစီ - ထက်ဝေယံ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၀၀၀
ထုတ်ဝေသည့်ကာလ - ၂၀၀၇၊ ဇူလိုင်လ

BURMESE
CLASSIC
.com

ထက်ဝေယံစာအုပ်တိုက်

မောင်မြင့်မား(ဘိုကလေး)

# မုဆိုးဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

၁။ ဆတ်ပေါင်နှစ်ချောင်း

၂။ တစ်ဝက်ဟင်းစား

၃။ မိုးသည်းသည်းမှာ

၄။ အောင်ပွဲခံသောညတစ်ည

၅။ ပတာတ်မွှေးမွှေး

၆။ ဟင်းမျိုးနှင့်သတင်းဆိုး

၇။ ကိုပြူးနှင့်ခြေတံရှည်အိမ်ကြီး

၈။ တိုက်တိုက်ဆိုင်ဆိုင်

၉။ ဦးကာမ်းနော်နှင့်ရွှေရောင်ပုလဲလုံး

၁၀။ မည်းမည်းအကောင်ကြီး

၁၁။ လင့်စင်ပေါ်မှာတစ်ခဏ

၁၂။ ပြောင်သွားသောပြောင်

BURMESE CLASSIC .com

# ဆတ်ပေါင်နှစ်ချောင်း

မောင်မြင့်မား(ဘိုကလေး)

ထက်ဝေယံစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေး ဆရာလေး"

"ဟာ စောအယ်စေး ဩော် မုဆိုးကြီးတွေလဲပါတာကိုး ၊ ဘာကိစ္စများပါလိမ့်"

စောအယ်စေးက

"ဟိုတစ်နေ့က ကျွန်တော်တို့ တောပစ်မထွက်မီ ဆရာလေး ခေါ်လို့ ဆရာလေးအိမ်မှာ "တောင်ခဏဝင်ထိုင်ကြသေး တယ်လေ။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဆရာလေးပြောတဲ့ စကားတစ်ခွန်းကို သတိရ နေလို့၊ ဂရုစိုက်တာတောင် တောပစ်ထွက်ရင်းမကြုံဖူးတာတွေ တွေ့ခဲ့ ရလို့ ဆရာလေး ကိုစောကျိမ်းနဲ့ ကိုဖိုးလုံးက မေးစရာရှိလို့တဲ့"

"ဩော် - ဒါလား ထိုင်ကြပါဦး ကျွန်တော်ကလဲပြောပြ ချင်နေပါတယ်"

ထက်ပေယံစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆရာလေး ကိုအေးချိုက အသက်(၃၀)ကျော်အရွယ် မူလတန်းပြဆရာတစ်ယောက်ဖြစ်သည်။ စောအယ်စေးတို့ကို စာသင်ပေးခဲ့ဖူးသည်။ တစ်ရက်စောအယ်စေး၊ စောဂျိမ်းနှင့် ကိုဖိုးလုံးတို့တောပစ်ထွက်ကြရင်း ကိုအေးချို၏အိမ်တွင် စောအယ်စေးက ဝင်နှုတ်ဆက်ရင်း စောဂျိမ်းနှင့် ကိုဖိုးလုံးတို့ရင်းနှီးသွားကြခြင်းဖြစ်သည်။ စောဂျိမ်းနှင့် ကိုဖိုးလုံးက မုဆိုးများဖြစ်၍ ကိုအေးချို ကပိုရှုစိတ်ဝင်စား သွားသည်။ ဘာကြောင့်လဲဆိုတော့ ကိုအေးချို၏ဘခင်ဦးကြွက်နီက---နယ်တစ်ပိုက်တွင် နာမည်ကျော်မုဆိုးကြီးတစ်ယောက် ဖြစ်နေသောကြောင့်ဖြစ်သည်။

အခုအချိန်တွင်တော့ ဦးကြွက်နီက ကွယ်လွန်သွားပြီးဖြစ်သည်။ စောဂျိမ်းတို့ညဘက်လင့်ထိုး၍ တောဝက်ပစ်ရန်သွားကြမည်ဟု သိရသောအခါ စောဂျိမ်းတို့ စောင့်ပစ်မည့်လင့်သည် တစ်ချိန်က ကိုအေးချို၏ဘခင်ဦးကြွက်နီထိုးထားခဲ့သော လင့်ဖြစ်နေ၍ဘခင်မသေမီက စကားအချို့ကို သတိရကာ " ကိုဖိုးလုံးတို့ စောဂျိမ်းတို့ ဒီမှာတောပစ်ရင်တော့ သတိတော့ထားနော် အဲဒီနေရာကနဲနဲကြမ်းတယ်" ဟုပြောခဲ့ခြင်းဖြစ်သည်။ အခုတော့ ထိုကိစ္စဖြစ်မည်ဟု ကိုအေးချို သဘောပေါက်လိုက်သည်။

စောဂျိမ်းက

"ကျွန်တော့်တို့ တောပစ်မထွက်မီ ဆရာလေးအိမ်မှာ စကားဝင်ထိုင်ပြောရင်း ဆရာလေးပြောလိုက်တဲ့ ဖိုးပြန်တောမှာ တောပစ်ရင်သတိတော့ထားနော်။ အဲဒီနေရာက နဲနဲကြမ်းတယ် ဆိုတာကို သတိရလို့ ကျွန်တော်တို့သတိထားနေရင်း မကြုံဖူးတာတွေ ကြုံလိုက်ရတယ်။ ကံကောင်းလို့မသေ သံချောင်းတို့အဖေဆိုတာလို





ဖြစ်နေတယ်။"

"ဟုတ်လား ကဲ...ကဲ ထိုင်ကြပါဦး ရေနွေးကြမ်းသောက်ရင်း စကားပြောကြတာပေါ့"

ကိုအေးချိုက အိမ်ပေါ်သို့လှမ်းကြည့်လိုက်ချိန်တွင် ကိုအေးချို၏အမေဖြစ်သူက ရေနွေးကြမ်းအိုး ပန်းကန်များနှင့် ပုရစ်ကြော်တစ်ပန်းကန်ကိုလာချပေးသည်။

"ကဲ ဆိုပါဦးဗျာ ၊ ဘာတွေများဖြစ်လို့လဲ"

"ဆရာလေးအဖေမသေခင်က တောဝက်ပစ်ခဲ့ဖူးတဲ့လင့်ကိုတွေ့လို့ အတော်ပဲဆိုပြီး ကျွန်တော်တို့ကလဲ လင့်ထိုးပြီးပစ်ချင်နေတာ ဆရာလေးနဲ့တွေ့မှပဲ ဆရာလေးအဖေဆောက်ထားခဲ့တဲ့ လင့်ဖြစ်နေတယ်။ ဆရာလေးသတိပေးတာကို သတိရလို့ဂရုစိုက်နေရင်းက ကျွန်တော်တို့လင့်ပေါ်ကနေ တောဝက်ကိုပစ်လိုက်ချိန်မှာ တစ်ယောက်ယောက်က တွန်းချသလိုခံစားရပြီး လင့်ပေါ်ကနေပြုတ်ကျသွားတယ်။ ကျွန်တော် တစ်ယောက်တည်းမဟုတ်ဘူး၊ ကိုဖိုးလုံးလဲ အဲဒီလိုဖြစ်ပြီး နှစ်ယောက်လုံးအောက်ကိုကျသွားကာ အကျတော်လို့ပေါ့ မဟုတ်ရင် ဇက်ကျိုးပြီးသေနိုင်တယ်။ အောက်မှာကလဲ သစ်ရွက်ခြောက်တွေ ရှိလို့ပေါ့ ဆရာလေးရယ်"

"ဩော် အဲဒီလိုတောင်ဖြစ်တာလား"

"ဟုတ်ပါ့ဗျာ၊ ကျွန်တော်တို့တော့ မကြုံဖူးဘူး။ တောဆိုတာ အမှားအယွင်းရှိရင် မကြိုက်ဘူးဆိုတာ ကျွန်တော်တို့လို မုဆိုးလုပ်တဲ့လူတိုင်းသိတယ်။ ကျွန်တော်တို့လဲ ဘာမှအမှားအယွင်း မလုပ်ခဲ့ဖူးပါဘူးဗျာ။ တောကြမ်းတယ်ဆိုတာ ဆရာလေးအဖေက ဘာတွေများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ဖူးလို့ ပြောတာလဲ"

"ဖိုးပြန်တောက ကြမ်းတယ်ဆိုတာပဲ ပြောဖူးတယ် ဘယ်လိုကြမ်းတာလဲတော့တစ်ခါမှ ခရေစေ့တွင်းကျမပြောဖူးဘူး။ "

ကိုဖိုးလုံးက

"စောအယ်စေးက မီးထိုးပေးချိန်မှာ ကျွန်တော်တို့နှစ်ယောက် ကပစ်တာ စောအယ်စေး တွန်းချတာတော့မဟုတ်ဘူးဆိုတာတော့ သေချာတယ်။"

"ဒီလို ကိုဖိုးလုံးရဲ့ ကျွန်တော်တို့က ညီအစ်ကို သုံးယောက်ရှိတဲ့ အထဲမှာအဖေ ဝါသနာ ဗီဇတစ်ယောက်မှမပါဘူး။ အမေနဲ့ မရခင် ကတည်းက အဖေကမုဆိုးလုပ်လာတာ၊ ကျွန်တော်တို့ အရွယ်ရောက်တဲ့ အထိလဲ အဖေကမုဆိုးလုပ်ပြီး ကျွေးလာတာ၊ အကုသိုလ်အလုပ်ဆိုတာ အမေက အဖေကို ပြောပြသေးတယ်။ အဖေကသူ့ဝါသနာကို လုံးဝမစွန့်လွှတ်ဘူး။ မသေခင်တစ်နှစ်လောက်အထိ မုဆိုးလုပ်တုန်း၊ ကျန်းမာရေးမကောင်းလို့ အိပ်ရာထဲလဲမှသာ မလုပ်တော့တာ၊ အဲဒီ လောက်အဖေကဝါသနာကြီးတာ။ အဖေက စကားနည်းတယ်။ တော်ရုံတန်ရုံကိစ္စလောက်ကို မပြောဘူး။ ဒါပေမယ့် တစ်ခါတစ်လေ တော့ ညဘက်ထမင်းဝိုင်းမှာ ထမင်းစားကြရင်း ထူးထူးဆန်းဆန်းကြုံခဲ့ ဖူးတာတွေကို ကျွန်တော်တို့မိသားစုကို ပြောပြတတ်တယ်။ ကျွန်တော် ငယ်ငယ်က သရက်နယ်ထဲကို တောပစ်ထွက်ရင်း လက်မည်းကြီး အကြောင်းကို ပြောပြဖူးဘယ်။"

"ဟုတ်လား ဆရာလေးမှတ်မိသလောက်ပြောပြလို့ ရမလား။ ကျွန်တော်တို့လဲ သရက်နယ်ဘက်မှာ တောပစ်ထွက်ဖူးတယ်။





လက်မည်းကြီးအကြောင်းတော့ မကြားဖူးဘူး"

"ရပါတယ်၊ ကျွန်တော်သိသလောက် အဖေပြောပြခဲ့တာ ပြန်ပြောပြပါမယ်"

၁၉၅၀ ဝန်းကျင်လောက်ကဖြစ်သည်။ ကိုကြွက်နီကို သရက်နယ်ထဲက မုဆိုးတစ်ယောက်က လူကြုံနှင့် ကိုကြွက်နီကို စာပေး လိုက်သည်။ အထဲတွင် သူနေထိုင်ရာ သရက်မြို့အနောက်ဘက် ၁၀ မိုင်ကျော်ခန့်ဝေးသော ရွာပတ်ဝန်းကျင်တွင် တောပစ်ထွက်ရန် တောကောင်များ ပေါကြောင်းနှင့် မတွေ့တာကြာ၍ အလည်လာရန် ခေါ်ခြင်းဖြစ်သည်။ ကိုကြွက်နီက ထိုကဲ့သို့ သွားစရာလမ်းကို ရှာနေသူပီပီ သူနှင့်တောပစ်ထွက်လျှင် လိုက်နေကြတပည့် တစ်ယောက်ကို ခေါ်ကာ သရက်မြို့ကို ထွက်လာခဲ့သည်။

သရက်တွင် တစ်ညအိပ်ကာ သရက်မြို့အနောက်ဘက်(၂)မိုင် ခန့်ဝေးသော ရွာကလေး တစ်ရွာမှ ကိုကြွက်နီ၏ မိတ်ဆွေတစ်ယောက် ကို အကူအညီတောင်းကာ လမ်းပြအဖြစ်လိုက်ပို့ နိုင်းရသည်။ ရိုးမတော အတွင်းသို့ နံနက်စောစော ထွက်လာကြရာ မွန်းတည့်ချိန် လောက်တွင် တောင် ကျစမ်းချောင်းကလေးတစ်ခုကို ရောက်သည်။ လမ်းတစ် လျှောက် ကြီးကြီးမားမား သားကောင်ဆို၍ တစ်ကောင်မျှမတွေ့ရသေး။ ရှဉ့်တို့ယုန်တို့ တောကြက်တို့လောက်သာ တွေ့ရသည်။

ကိုကြွက်နီ၏ မိတ်ဆွေက ဒူးလေးပါလာသောကြောင့် ယုန်တစ်ကောင်နှင့်တောကြက် တစ်ကောင်တော့ပစ်လာခဲ့ကြသည်။ စမ်းချောင်းကလေးတွင်ပါလာသော ထမင်းထုပ်များကို ဖြည်ကာ ဖက်သန်းသီးသုတ်၊ ပဒပ်စာဟင်းချိုနှင့် ပစ်လာခဲ့သောယုန်ကို မီးကင်



www.burmeseclassic.com

www.burmeseclassic.com



ကာစားလိုက်ကြသည်။ ခဏ နားပြီး ခရီးဆက်ခဲ့ကြရာ နှစ်နာရီလောက် အကြာတွင် တောင်နှစ်လုံးအကြားရှိ ဒယ်အိုးသဏ္ဍာန်ဖြစ်နေသော ချိုင့်ဝှမ်းကလေးတစ်ခုကို ရောက်ကြသည်။ ထိုနေရာက အလယ်တွင် လျှိုကလေးတစ်ခုရှိနေ၍ ပတ်ဝန်းကျင်တွင် တောတမာ၊ တောသရက်၊ တောင်ကံ့ကော်၊ သစ်အယ်၊ သစ်စေး၊ အုံတုံ၊ ရင်းတိုက်၊ တောင်ပိန္နဲ၊ လက်ပံခါး၊ ဖက်ဝန်း၊ မျောက်လုပ်စသည့် အပင်များဖြင့် စိမ်းစိမ်းစိုစို နေရာကလေးတစ်ခုဖြစ်သည်။

လမ်းပြလိုက်လာသော ကိုကြွက်နီ၏မိတ်ဆွေကိုငွေအောင်က ပတ်ဝန်းကျင်ကိုကြည့်ကာ

"ကိုကြွက်နီကျွန်တော်တို့တော့ လမ်းမှားလာပြီထင်တယ်ဗျ"

"ဟေ...၊ မင်းသွားနေကြမဟုတ်ဘူးလား"

"သွားတော့သွားဖူးတယ် မရောက်တာကြာလို့"

"ဒါဆိုရင် လမ်းစပြန်ရှာပါဦးကွ၊ တော်ကြာလမ်းစပျောက်ပြီး တောထဲမှာညအိပ်နေရဦးမယ်"

စိမ်းစိမ်းစိုစို သစ်ပင်များ အကြားမှပတ်ဝန်းကျင်ကို ဟိုဟို သည်သည်ကြည့်နေရင်း (၁၅) ကိုက်လောက်အကွာရှိ မျောက်လုပ်ပင် တစ်ပင်ဘေးမှ သတ္တဝါ တစ်ကောင်၏ခေါင်းက ရိပ်ကနဲ ထွက်လာကာ လစ်ကနဲ ပြန်ပျောက်သွားသည်။ ကိုကြွက်နီက မြင်လိုက်ခြင်းဖြစ်သည်။

"ဟာ..."

"ဘာလဲကိုကြွက်နီ"

"ဆတ်ဝံလို့ထင်တယ် နည်းနည်းနောနောအကောင်ကြီး မဟုတ်ဘူး"





"ပြော...ပြော...ဝုန်း...ဝုန်း"

မျောက်လုပ်ပင်အနောက်ဘက်မှ တပြောပြောမြည်အောင် ပြေးထွက်သွားခြင်းဖြစ်သည်။ ကိုကြွက်နီရော ကိုငွေအောင်ပါ နူးလေးနှင့် တူမီးကိုချိန်ဖို့ပင်အချိန်မရလိုက်၊ သတ္တဝါကောင်၏ ပြေးထွက်သွားသော အသံကြောင့် ကျေးငှက်သာရကာများလန့်ဖြန့်၍ ဆူညံသွားတော့သည်။

"ကိုကြွက်နီ ဆတ်ဝံဆိုတာဘယ်လိုအကောင်မျိုးလဲ"

"မုဆိုးတိုင်းမကြုံဖူးဘူးကွ၊ ဒီကောင်မျိုးက ရှားတယ်၊ ဆတ်မျိုး ထဲမှာ အကြီးဆုံး၊ အကောင်ထွားတယ်၊ ကျွဲထက်တောင်မြင့်သေးတယ်၊ အရောင်က အညိုရောင်၊မျက်လုံးနည်းနည်းစိမ်းနေတယ်။ တစ်ကောင် လောက်ရလိုက်ရင် အချိန်ကမနည်းဘူးပေါ့၊ ငါမုဆိုးလုပ်လာတာ ကြာပြီ ရပ်စောက်အလွန်က ကြိုးဝိုင်းထဲမှာ တစ်ခါပဲ ပစ်ဖူးသေးတယ်၊"

" ကိုကြွက်နီ ဒီလျှိုထဲမှာ ဟင်းစားကောင် တစ်ကောင်ကောင် တော့ ရနိုင်လောက်တယ်ဗျ။ ကြုံတုန်းလေးဆင်းကြည့်ရအောင်"

" အေး...ငါလဲ စမ်းကြည့်ချင်တယ်၊ ဒါပေမယ့်လမ်းမှား လာတယ်ဆိုတော့ အချိန်တွေ ကုန်ပြီးတော်ကြာတောထဲမှာအိပ်နေရမှာ စိုးလို့ပါ"

"ယောက်ျားတွေခြေထောက်ပါ။ ပြီးတော့ မုဆိုးခြေထောက်ပါ။ ကိုကြွက်နီက ပူစရာမရှိပူနေတယ်။ ပြီးတော့ ဒီနယ်တွေက ကျွန်တော်တို့ နယ်ပါ"

" အေးအေးဒါဆိုလဲပြီးတာပါပဲကွာ"

ခပ်ပြေပြေနိမ့်ဆင်းသွားသော ရွက်ခြောက်များနှင့် ပြည့်နေ သည့် မြေသားအတိုင်း သုံးယောက်သားတရွေ့ရွေ့ဆင်းလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြွက်နီခေါ်လာခဲ့သော တပည့်ပေါက်ကျော်က စကားနည်း၍ အထုပ် အပိုးထမ်းကာ နောက်ကနေတိတ်ဆိတ်စွာပင်လိုက်လာသည်။ အောက် ဘက်လျှိုထဲမှ ရေသံသဲ့သဲ့ကို ကြားနေရသည်။ သစ်တိုပင်ကြီး တစ်ပင် ပေါ်မှ သစ်တိုသီးများက မှည့်၍ တဖြုတ်ဖြုတ်ကြွေကျနေသလို တောင်ပိန္နဲ ပင်ပေါ်မှ ပိန္နဲသီးများကလည်း ခူးမည့်သူမရှိသောကြောင့် ပိန္နဲသီးမှည့် များက အပင်အောက်တွင် အလုံးလိုက်ပြုတ်ကျနေသည်။ အပင်ပေါ်တွင် အူတိုင်ချည်းသာ တန်းလန်းကျန်နေရစ်လေသည်။

" ဘူ•• ဘူ••ဘူ"

" ဟာ ••• ငှက်နွှားအသံပဲကွ၊ ကိုငွေအောင်ခင်ဗျား ဒူးလေးနဲ့တော့ အံကိုက်ပဲ"

" ဟုတ်တယ်•••ကိုကြွက်နီအနောက်ဘက်က လာတဲ့အသံပဲ၊ ကျွန်တော်သွားချောင်းပြီး ဆော်ထည့်လိုက်မယ်"

" အေး တို့ဒီနားမှာပဲရှိမယ်"

ကိုငွေအောင်က အသံလာရာအနောက်ဘက်သို့ တရွေ့ရွေ့ လျှောက်သွားလိုက်သည်။ အသံက ခပ်လှမ်းလှမ်း ဝါးရုံအုပ်ဘက်ဆီမှ လာသောကြောင့် အရိပ်အခြေကြည့်ကာ ဝါးရုံအုပ်ဘက်ဆီကို ဒူးလေး ကို အသင့်အနေအထားဖြင့် လှမ်းလာခဲ့သည်။ တဘူးဘူးနှင့် အော်နေ သော ငှက်နွှားအသံက ကြားနေရဆဲ၊ အော်သံက ခေါင်းပေါ် လောက်တွင်ရောက်နေသည်။ ဝါးရုံက ဝါးပိုးဝါးရုံဖြစ်၍ အတော်မြင့်သည်။

ကိုငွေအောင်က ဝါးရုံပင်များအောက်ကနေချောင်းကာ ငှက်ကိုရှာနေဆဲ၊ တွေ့ပါပြီ။ ဆယ်ငါးကိုက်အမြင့်လောက်ရှိ ဝါးရုံကိုင်း တစ်ကိုင်းတွင် နားကာအော်နေသော ငှက်နွှား နှစ်ကောင်။ တောကြက်





ကြီးတွေလားအောက်မေ့ရသည်။ အတော်ကြီးသည်။ ကိုငွေအောင် ပစ်ကွင်းကောင်းကိုရှာရင်း တစ်နေရာတွင်ဝါးကိုင်းအကိုင်းအခက်များ ကြားမှ ဒူးလေးကို ထိုးချိန် လိုက်သည်။

" ဘူးဘူး"

" ဝှစ်"

မြားတန်းက တန်းတန်းမတ်မတ်ပင် တိုးဝင်သွားကာ ငှက်နွှား တစ်ကောင်ကို ထိုးဖောက်လိုက်သည်။ တစ်ကောင်က လန့်ဖြန့်ကာ ထွက်ပြေးသွားသော်လည်း ထိလိုက်သောအကောင်က မြားတန်းလန်းဖြင့် ဝါးရုံအကိုင်းအခက်များကြားမှ တစ်ရှိန်ထိုးပြုတ်ကျလာသည်။ ကိုငွေအောင်က ပြုတ်ကျလာသော ငှက်နွှားကို မျက်ခြေမပျက် ကြည့်ကာ လိုက်ကောက်ရန် ခြေလှမ်းပြင်လိုက်ကာ ရှိသေးသည်။

" ဟာ"

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ကိုကြွက်နီနှင့် ပေါက်ကျော်က ရေသံကြားရာ လျှိုဘက်ဆီသို့ တရွေ့ရွေ့ ဆင်းလာခဲ့သည်။လျှိုထဲတွင် ပေါက်နေသော တောငှက်ပျောပင်များက အလွန်သန်လှသောကြောင့် အပင်များ အပေါ်ကိုထိုးထိုးထောင်ထောင်ထွက်ကာ ငှက်ပျောလက်များဖြင့် အုံ့ဆိုင်းနေသည်။ ကိုကြွက်နီက တူမီးကိုအသင့်ကိုင်ရင်း နောက်ဘက်လှည့် ကာပေါက်ကျော်ကို သတိရှိစေရန်အချက်ပြလိုက်သည်။

ပေါက်ကျော်က ပုခုံးတွင်လွယ်လာသော အထုပ်အပိုးများကို သစ်ပင်တစ်ပင်ခြေရင်းတွင် ချလိုက်ကာ လုံတိုလေးကို အသင့်ကိုင်ရင်း နောက်ကလိုက်လာရသည်။

ရေစီးသံက တဖြည်းဖြည်းကျယ်လောင်စွာကြားလာခဲ့သည်။ ကိုကြွက်နီက ငှက်ပျောတော ထဲသို့ဝင်လိုက်ကာ ငှက်ပျောပင်တစ်ပင်ဘေးတွင် ကပ်၍အရိပ်အခြေကြည့်နေသည်။ ငြိမ်သက်နေသည်။ ကျေးငှက်သာရကာများအော်သံမှလွဲ၍ ဘာသံမှ မကြားရ၊ မုဆိုးအတွက် ငြိမ်သက်နေ ခြင်းသည် သတိကောင်းစွာထားရမည့် အနေအထားဖြစ်





သည်။ ဆင်ခြေလျှောအတိုင်း ပေါက်၍နေသော ငှက်ပျောပင်များကို အကာအကွယ်ယူကာ တရွေ့ရွေ့ ဆင်းလာကြရင်း ငှက်ပျောတောအလယ်ကိုရောက်လာသည်။ ငှက်ပျောလက်များက နေပျောက်မထိုးအောင် ရှိနေသောကြောင့် နေ့ခင်းကြောင်တောင်ဖြစ်သော်လည်း မှောင်နေသယောင်ဖြစ်နေသည်။

" ခွပ် . . . ခွပ် . . . ခွပ် "

ခွပ်ခွပ်အသံက တိုညှင်းစွာထွက်လာသောကြောင့် ကိုကြွက်နီက ငြိမ်၍နားထောင်လိုက်သည်။ ပေါက်ကျော်က ကိုကြွက်နီအနားကိုရောက်လာသည်။

" ဦးလေးကြွက် ဘာသံလဲဗျ "

" တစ်ကောင်ကောင်က တစ်ခုခုကို ကိုက်ဝါးနေတဲ့အသံကွ၊ နီးတော့နီးနေပြီ လျှိုထဲမှာ တစ်ကောင်ကောင်တော့ရှိမယ်၊ သတိတော့ထားနော် "

" စိတ်ချပါ ဦးလေးကြွက် "

" တောက် . . . တောက် . . . တောက် "

" ဦးလေးကြွက် . . . ရှဉ့်တွေကတော့ ကျွန်တော်တို့ရောက်နေကာ သိနေပြီထင်တယ် "

" အေးလာ . . . ရှေ့ကို နည်းနည်းတိုးကြည့်မယ် "

နိမ့်ဆင်းလာသော မြေပြင်က ပြေသွားကာ ငှက်ပျောတောအလယ်ကို ရောက်လာသည်။ ဆယ်ကိုက်အကွာလောက်တွင် ကျောက်တုံးကျောက်ခဲများဖြင့် ပြည့်နေသောလျှိုထဲမှစမ်းချောင်းကလေး။ ကိုကြွက်နီနှင့် ပေါက်ကျော်က တိတ်ဆိတ်စွာဆင်းလာကြသော်လည်း ခွပ်ခွပ်



www.burmeseclassic.com

www.burmeseclassic.com



အသံက ပျောက်သွားသည်။ ငှက်ပျောတောအစပ်မှ ငှက်ပျောပင် တစ်ပင်ကိုကွယ်ကာ ကိုကြွက်နီက လျှိုထဲကို အကဲခတ်လိုက်သည်။ တစ်ကောင်တစ်မြီးတောင်မတွေ့။ ရေကျသံက အနိမ့်ပိုင်းတွင် ဖြစ်၍ ကျောက်တုံးကျောက်ခဲများကို နင်းကာလျှောက်သွားလိုက်သည်။

"ခွပ်. . .ခွပ်. . .ခွပ်"

ကိုကြွက်နီက တုန့်ကနဲရပ်ကာ အသံကိုနားတောင်လိုက်သည်။ စမ်းချောင်းကိုအုပ်မိုးကာ ကိုင်းကျနေသော နဘူးခြုံကြီး၏ တစ်ဘက်မှ ကြားနေရခြင်းဖြစ်သည်။ ကိုကြွက်နီက အပေါ်ကို မော့ကြည့်လိုက်သည်။ အသီးများပြွတ်သိပ်ကာသီးနေသော ရုံးပင်ကြီးတစ်ပင်။ သေချာပြီ။ ကိုကြွက်နီက ပေါက်ကျော်ကို လက်ညှိုးထိုးပြလိုက်သည်။ ပြီးနောက် ငှက်ပျောတောထဲသို့ ပြန်ဝင်ကာ ငှက်ပျောပင်များကို အကာအကွယ် ယူ၍ နဘူးခြုံ၏တစ်ဘက်အသံကြားရာဆီသို့ ကွေ့၍ တက်လာခဲ့သည်။

မြင်ကွင်းကရှင်းသည်။ ရုံးသီးများကို တခွပ်ခွပ်ကိုက်ဝါးကာ စားနေသော ဆတ်ထီးတစ်ကောင်။ ဦးခေါင်းထိပ်တွင် လက်လေးလုံးခန့် ထွက်နေသော ချိုတစ်စုံ၊ ဝဖီးနေသော ဆတ်ထီးကြီးဖြစ်သည်။ အေးဆေး စွာပင်ရုံးသီးများကို တခွပ်ခွပ်နှင့်ကိုက်ဝါးနေသည်။ အခွင့်အရေးကောင်းကို လက်လွှတ်လို့မဖြစ်။ နောက်တစ်ကြိမ် ပြန်မရနိုင်။

ကိုကြွက်နီက အပင်လုံးအတော်ကြီးသော တောငှက်ပျော ပင်ကြီးဘေးတွင် တူမီးကြီးကိုကပ်ကာ ခလုတ်ကိုဆွဲလိုက်သည်။ ပစ်ကွင်းကရှင်းသည်။ ဘေးတိုက်အနေအထားဖြစ်သည်။

"ဒိန်း"

ကျယ်လောင်သော တူမီးသံကြောင့် တိရိစ္ဆာန်မျိုးစုံ၏





ထိတ်လန့်တကြားအော်သံများက တစ်တောလုံးဆူညံသွားသည်။ သားကောင်ကြီးများနှင့်ဆုံပါက ပစ်ရန်ယမ်းပြင်းပြင်းစပ်ထားသောကြောင့် ဆတ်ထီးကြီး၏ လက်ပြင်နောက်တွင် မြှိုင့်ဝင်သွားကာ ဖွေးကနဲ ဖြစ်သွား သည်။ ဆတ်ထီးကြီးကရှေ့လက်နှစ်ချောင်းညွှတ်ကျသွားပြီး မြေကြီးပေါ်သို့ ခေါင်းစိုက်သွားတော့သည်။

ကိုကြွက်နီနှင့် ပေါက်ကျော်က ငှက်ပျောတောထဲမှ ထွက်ကာ ကျောက်တုံးကျောက်ခဲများ ကိုဖြတ်ကျော်ပြီး နဘူးခြုံကြီးရှိရာသို့ အပြေးအလွှားရောက်လာကြသည်။ ဆတ်ထီးကြီးကိုလည်း ချက်ကောင်း မှန်ထားပြီးဖြစ်၍ လဲကျသွားသည်ကိုလည်း တွေ့လိုက်ရသောကြောင့် ကျောက်တုံး ကျောက်ခဲများကို ခုန်ကျော်နေစဉ်မကြည့်မိ။ အနားရောက် သွားတော့မှ နှစ်ယောက်လုံး "ဟာ" ကနဲဖြစ်သွားသည်။

ဆတ်ကြီးကနေရာတွင်မရှိတော့။ သွေးများကတော့ လဲကျသွား သည့်နေရာတွင် အိုင်ထွန်းနေသည်။ သို့သော်တူမီးမှန်ထားသော ဆတ်ကြီးကို ဒရွတ်တိုက်ဆွဲထားသော စွတ်ကြောင်းကြီး။ စွတ်ကြောင်း ကြီးအတိုင်းကြည့်လိုက်ရာ. . .

"ဟာ."

ကိုကြွက်နီရော ပေါက်ကျော်ပါလန့်ဖြန့်သွားသည်။ အတွေ့ အကြုံနည်းသော ပေါက်ကျော်တော့မသိ။ ကိုကြွက်နီပင် ကြက်သည်း မွေးညင်းများထသွားသည်။ တောခြောက်တာတို့တော ပျောက်တာတို့က ကိုကြွက်နီတို့အတွက် ရိုးနေပြီ။ တစ်ခါတလေသိတောင်မသိလိုက် ပြန်စဉ်းစား ကြည့်မှ၊ အချင်းချင်းပြောကြမှ တောခြောက်ခံရတာပါလား တောပျောက်တာပါလားဆိုတာ တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နဘူးခြံထဲသို့ လက်မည်းမည်းကြီးက ဆတ်ကောင်ကို ဆွဲသွင်းနေသည်မှာ ခေါင်းပင်ဝင်နေပြီ၊ ကျောက်တုံးကျောက်ခဲ သစ်မြစ်သစ်ခက်နှင့် နဘူးကိုင်းများက ကန့်လန့်ခံနေ၍ ဖြုန်းကနဲ မဝင်ခြင်းဖြစ်သည်။ ကိုကြွက်နီက သတ္တိကောင်းသည်။ စဉ်းစားမနေဘဲ တစ်ဟုန်ထိုးပြေးသွားကာ ဆတ်ထီးကြီး၏ ခြေထောက်နှစ်ချောင်းကို ဆွဲထားလိုက်သည်။ ပေါက်ကျော်လည်း ထိုအခါကြမှ သတိဝင်လာကာ ကိုကြွက်နီနှင့်အတူ ဆတ်ထီးကြီး၏ ခြေထောက်ကို ဝိုင်းဆွဲသည်။

နှစ်ယောက်သား ခြေကန်ကာဆွဲနေကြရင်း တမြစ်မြစ်မြည်သံနှင့်အတူ နောက်ကိုပတ် လက်လှန်ကာ ကျသွားသည်။ ကိုကြွက်နီနှင့် ပေါက်ကျော်တို့နှစ်ယောက်လက်ထဲတွင်တော့ သွေးသံရဲရဲဖြင့်ကျန်နေခဲ့သော ဆတ်ထီးကြီး၏ ပေါင်တစ်ချောင်းဆီ၊ ထိုအခါကြမှ နဘူးခြံထဲက ဒရှုတ်တိုက်ဆွဲသွားသော အသံကြီးကို ကြားလိုက်ရသည်။

◆ ◆ ◆ ◆ ◆





ကိုဖိုးလုံးက

" သတ္တဝါတစ်ကောင်ကောင်၊ ဥပမာ- ဝက်ဝံလိုအကောင်မျိုးက အမွေးအမျှင်တွေနဲ့ဆို တော့ ဝက်ဝံဆွဲတာမျိုးရော မဖြစ်နိုင်ဘူးလား"

ကိုအေးချိုက-

" ကျွန်တော်လည်း အဖေကို အဲဒီလိုမေးဘူးတယ်၊ သတ္တဝါလက်က လူနဲ့မတူတဲ့ လက်သည်းတွေပါမယ်၊ သတ္တဝါဆိုရင် သူ့အစာကို ပြန်ဆွဲတဲ့ လူကိုရန်ပြုမယ်၊ အခုဟာက အကောင် အထည်မတွေ့ဘူး။ လက်မည်းကြီးပဲတွေ့ရတာတဲ့။ ငှက်ငန်းသွားပစ်တဲ့ ကိုငွေအောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့ပြန်ဆုံတော့လည်း ကိုငွေးအောင်လဲ အဲဒီလိုကြုံလိုက်ရတာ"

စောဂျိမ်းက ရေနွေးကြမ်းတစ်ခွက်ကို ယူသောက်ရင်း-

" ကျွန်တော်လည်း တောတွေအကြောင်း အမဲလိုက်ရင်း ကိုယ်တွေ့ ကြုံဖူးပါတယ်၊ လင့်စင်ပေါ်ကတွန်းချခံရတာက ဒီတစ်ခါပဲ ကြုံဖူးသေးတယ်၊ ကိုအေးချို့တို့အဖေ ဦးကြွက်နီကတော့ ကျွန်တော်တို့ထက် အသက်ကြီးဝါရင့်မုဆိုးကြီးဆိုတော့ အတွေ့အကြုံက ကျွန်တော်တို့ထက် ပိုများပါတယ်။အခုကိုအေးချိုပြန်ပြောပြတာဘဲ အတော်ထူးဆန်းနေတယ်။ ကျွန်တော်တစ်ခုသိချင်တာက ကျွန်တော်တို့မုဆိုးတွေများတောကောင်ပစ်ဖို့ လင့်ဆောက်ပြီး ကိုယ်ပစ်တဲ့တောကောင်ရပြီးရင် လင့်စင်ကိုဖျက်ပစ်တတ်တယ်၊ ကိုအေးချိုအဖေ ကျတော့ဘာဖြစ်လို့အဲဒီလင့်ကို ပြန်မဖျက်ရတာလဲ"

" အဲဒါလည်း ပဟေဠိတစ်ခုပါပဲဗျ"

မောင်မြင့်မား(ဘိုကလေး)

◆ ◆ ◆ ◆ ◆





# တစ်ဝက်ဟင်းစား

မောင်မြင့်မား(ဘိုကလေး)



www.burmeseclassic.com

www.burmeseclassic.com



" အမြဲတေကတော့ တကယ်ကောင်းကွာ၊ ငါ့မိန်းမတောင် ခေါ်ပြုရမလိုဖြစ်နေပြီကွ"

" အေးကွ၊ မင်းကောင်မကတော့ နိပ်တယ်။ လုပ်စားလို့ တော့ရပြီကွ"

" အဲဒါကြောင့် မင်းအဖော်လိုက်ခဲ့၊ လိုက်ခကတော့ မင်းတစ်ဝက်ငါတစ်ဝက်ပေါ့ကွ၊ ငါကခံထိုးရော၊ ဆီရော၊ ဓိုက်မှာ မင်းက အသားတင်ရမှာ"

" စားဖို့သောက်ဖို့ရော"

" စားဖို့ သောက်ဖို့ကတော့ ငါ့မိန်းမမပုစိန်ကို နှစ်ယောက် စာစီစဉ်ခိုင်းလိုက်ပါ့မယ်၊ သောက်ဖို့ကတော့ မင်းဘာသာမင်းရှာခဲ့ ပေါ့ကွာ- ငါမှ မသောက်တတ်တာ"





သူကြီးကိုစိန်ဘန်းအိမ်သို့ရောက်ချိန်တွင် ကိုစိန်ဘန်းမရှိ သောကြောင့် သူကြီးကတော်တည် ခင်းထားသော ရေနွေးကြမ်းနှင့် ဆတ်သားခြောက်ဖုတ်ကို ထိုင်စားနေကြရင်း တစ်ဘက်အိမ်မှလူ နှစ်ယောက်ပြောဆိုနေသံကို စောဂျိမ်းနှင့် ကျော်မိုးကကြားနေရခြင်း ဖြစ်သည်။ ထိုလူနှစ်ယောက် ရှေ့ရှိမြေကွက်လပ်တွင် ကြက်မ တစ်ကောင်က မြေကြီးကိုယက်လိုက်၊ " ကရော်ကရော်" အသံပေး လိုက်၊ ဖုတ်လူးလိုက်နှင့် အလုပ်ရှုပ်နေလေသည်။ စောဂျိမ်းက ရေနွေး ကြမ်းသောက်လိုက်၊ ဆတ်သား ခြောက်ဝါးလိုက်နှင့် ငြိမ်၍နားထောင် နေသော်လည်း ကျော်စိုးက-

" စောဂျိမ်း ဒီလူတွေကြက်ကို ကြည့်ပြီးဘာတွေပြော နေကြတာလဲ"

"ကြက်တည်သမားတွေပါကွာ၊ကြက်အကြောင်းပြောနေကြတာပေါ့"

ထိုအချိန်တွင်ခြံဝမှသူကြီးကိုစိန်ဘန်းကအသံကျယ်ကျယ် နှင့်အော်ကာ ဝင်လာသည်။

"ဟော့မုဆိုးတွေဘယ်တုန်းကရောက်သလဲကွ၊ မလာတာတောင် အတော် ကြာပြီ"

"ကိုစိန်ဘန်းရေ၊ မရောက်တာအတော်ကြာ လို့မျက်စိ လည်လာတာပေါ့ဗျာ··· နောက်ပြီး သူကြီး ကတော်ကျွေးတဲ့ ပတာတ်ဆီ ပြန်နဲ့လဲလူးဆုးပုပ်ဟင်းချိုမသောက်ရတာကြာလို့ဗျို့"

သူကြီးကိုစိန်ဘန်းက သူကြီးဆိုသော်လည်း အသက်က(၄၀) ဝန်းကျင်လောက်သာရှိသေးသည်။ စကားပြောလျှင် အားရပါးရနှင့် ကျယ်ကျယ်ပြောတတ်သည်။ ရိုးသားသည်။ ပွင့်လင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ချီးမင်းတို့က မေ့တုန်းကမေ့နေပြီး ငါ့မိန်းမလက်ရာ သတိရတော့မှ ရောက်လာကြ တာကိုးကွ"

"တော ဆိုတာမုဆိုးခဏခဏလာရင် သားကောင်ရှားတတ်တယ်ဗျ။ ခုလိုမေ့လောက်မှ တစ်ခါလာတော့ ပေါပေါများများပစ်ရတာပေါ့ဗျာ"

စောကျိမ်းတို့နှင့် သူကြီးကိုစိန်ဘန်းတို့ အပြန်အလှန်ပြောနေကြသံကို တစ်ဘက်အိမ်မှ ကြက်တည်သမားနှစ်ယောက်က ကြားသွားသောကြောင့် သူကြီးအိမ်ကို ကူးလာသည်။ တစ်ယောက်က

"သူကြီး သူတို့က မုဆိုးတွေလား"

"အေး"

"ဒါဆိုရင်အတော်ပဲ မုဆိုးကြီးတွေဘယ်တော့မှ တောပစ်ထွက်ကြမလဲ"

"စိန်သောင်း မင်းကဘာဖြစ်လို့ မေးတာလဲ"

"သူကြီးရယ် ကျွန်တော်တို့ ကြက်တည်ထွက်တာမကြာခဏဆိုတာ သူကြီးအသိပါ။ တစ်ခါတလေ အဆင်မပြေဘူး သူကြီးရဲ့ တောဝက်လိုက်လို့ပြေးရတာတို့ ကျားသစ်တွေ့လို့ ပြေးရတာတို့ မကြာခဏပဲ၊ ကြက်တည်တဲ့ပိုက်တွေတောင် ဆုံးခဲ့ဖူးတယ်။ အခုလိုမုဆိုးတွေပါတော့ ကျွန်တော်တို့အားရှိတာပေါ့။"

"မင်းတို့ကိုမုဆိုးတွေက ခေါ်ချင်ဦးမှကိုးကွ"

"တောထဲရောက်ရင်တော့ ကိုယ့်အလုပ်ကိုယ်လုပ်ရင် ဖြစ်ပါတယ်။ တစ်ယောက်အလုပ်ကို တစ်ယောက်အနှောက်အယှက် မဖြစ်ရင်ပြီးတာပါပဲ"





စောကျိမ်းစကားကြောင့် စိန်သောင်းခမျာအားတက်သွားသည်။

"ကျေးဇူးပါပဲ မုဆိုးကြီးရယ်၊ ကျွန်တော်တို့ ကြက်တည်လို့ရရင်လဲ တစ်ဝက်ပေးပါ့မယ်"

"ကျွန်တော်တို့ရရင်လဲ ဟင်းစားပေးပါ့မယ်ဗျာ မပူပါနဲ့"

သူကြီးကိုစိန်ဘန်းက

"ကဲ ဒါဆိုရင် စောကျိမ်းတို့ရော စိန်သောင်းတို့ရော အလုပ်ဖြစ်သွားပြီ။ စောကျိမ်းတို့က ဘယ်တော့ထွက်ကြမလဲ"

"ဒီနေ့တော့ ပင်ပန်းလာတယ်ဗျာ။ နားဦးမယ် နောက်နေ့မှ ထွက်ကြတာပေါ့"

"အေး ဒါဆိုလဲ ညနေစာအတွက် မင်းတို့အကြိုက်လဲ လူဆူးပုတ်ဟင်းချိုကတော့ ရတယ်ကွ ပတာတ်ဆီပြန်ကတော့ ဒီရာသီက ပတာတ်မရကြဘူးကွ။ ရွာထဲက ဝက်တစ်ကောင်ပေါ်နိုင်းပြီး မျှင်ငါးပိကိုမရမ်းသီးနဲ့ ထောင်းလိုက်ရင်မကောင်းဘူးလား"

"ကောင်းတာပေါ့ ကိုစိန်ဘန်းရယ်"

"အေး ငါ့မိန်းမကိုစီစဉ်ခိုင်းလိုက်မယ် မင်းတို့ရေချိုးကြနားကြအုန်း"

စောကျိမ်း၊ ကျော်စိုး၊ စိန်သောင်းနှင့် ဉာဏ်မြင့်ဟို့လေးယောက်သား အထုတ်အပိုးကိုယ်စီနှင့် ရွာထဲမှထွက်လာခဲ့ကြသည့်မှာ တစ်နာရီနီးပါးလောက်ကြာမှ တောစပ်ကိုရောက်လာကြသည်။ တောစပ်ကိုရောက်တော့ အထုတ်အပိုးများကိုချကာ နားကြရင်းစိန်သောင်းနှင့် ဉာဏ်မြင့်က လက်ဖက်များ၊ ဘဲဥပြုတ်များကို ထုတ်ကာသစ်ပင်တစ်ပင်အောက်တွင် တင်မြှောက်လိုက်ကြသည်။ ဒေသအလိုက်



www.burmeseclassic.com

www.burmeseclassic.com



တောဝင်မည့်သူများ၏ အစဉ်အလာဖြစ်သည်။

ခဏနားကြပြီးနောက် တောတွင်းလူသွားလမ်းကလေးအတိုင်း လျှောက်လာကြပြီး နောက် တစ်နေရာအရောက်တွင် စိန်သောင်းက

"ကျွန်တော်တို့ ဒီနားတစ်ပိုက်မှာ ကြက်တည်ကြမယ်။ မှဆိုးကြီးတို့ကကော"

"ဒါဆိုရင်တို့လဲ ဒီနားတစ်ပိုက်လောက်မှာ တောကောင် လိုက်ပစ်ဦးမယ်။ မရောက်တာ ကြာတော့ တောကိုမေ့တော့တော့ဖြစ် နေပြီ။ သိပ်ဝေးဝေးမသွားရဲဘူး"

စောဂျိမ်းကပတ်ဝန်းကျင်ကို လေ့လာလိုက်ရင်း တစ်နေရာမှ လုံးပတ်အတော်ကြီး၍ အတော်မြင့်သော ကညင်ပင်ကြီးကိုကြည့်ကာ

"နေမွန်းတည့်ချိန်လောက်မှာ ဒီကညင်ပင်အောက်မှာ အားလုံးဆုံကြမယ်။ တို့လဲသားကောင် ရရ၊ မရရ ဒီနေရာကို အရောက်လာမယ် ဟုတ်ပြီလား။ နောက်တစ်ခုမှာစရာရှိတာက ခင်ဗျားတို့ ဒုက္ခအခက်အခဲတစ်ခုခုတွေ့ရင် လက်ခေါက်မှုတ်ပြီး အချက်ပေး ဒါဆိုဖြစ်တယ်နော်"

"ဖြစ်တယ် ဖြစ်တယ်"

"ဒါဆို ကျုပ်တို့သွားပြီ"

◆ ◆ ◆ ◆ ◆





အောက်ခြေတွင်ခြုံနွယ်များ ရှုပ်သလောက်အပေါ်တွင် ျပ်းသစ်ပင်ကြီးများက ရှုပ်နေသည်။ ထင်းခုတ် ဝါးခုတ်သမားများ လာကြသော လူသွားလမ်းကလေးများကလည်း သစ်ပင် ယ်များပိတ်ကာ တချို့နေရာများတွင် လမ်းပျောက်နေသည်။

နာရီဝက်လောက်လျှောက်လာကြသည်အထိ သားကောင် အယောင်မျှပင် မတွေ့ရသေး။

"ကျော်စိုး··· တောကတော့ပိတ်နေတာပဲကွ၊ သတိတော့ရှိ နော်၊ ငြိမ်နေတာပိုဂရု စိုက်ရမယ်"

"စိတ်ချ စောဂျိမ်းသေနတ်ကို အဆင်သင့်လုပ်ထားတယ်"

"ဘူးဘူးဘူး"

အတော်ကြီးသော ထောက်ကြန့်ပင်ကြီးပေါ်မှလာသော အသံ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။စောဂျိမ်းရော ကျော်စိုးပါသဘောပေါက်လိုက်သည်။ ငှက်ငှေ့၊ တစ်ကောင်အော်သံဖြစ်သည်။ ကျော်စိုးက…။

"ဘယ်လိုလဲ စောဂျိမ်း ချောင်းပြီးဆော်ထည့်လိုက်ရမလား"

"အေးကွ၊ ငှက်ငှေ့အားကတစ်ကောင်ကို ကြက်မတန်းလောက် အချိန်စီးတာ၊ ပြုတ်ကြော်လေး လုပ်စားရင်သိပ်ကောင်းတယ်ကွ။ ဒါပေမယ့်သေနတ်သံကြားရင် သူ့ထက်ကြီးတဲ့ တောကောင်တွေ လွတ်သွားပါ့မယ်ကွာ လုပ်မနေပါနဲ့တော့"

ထောက်ကြန့်ပင်ကို ကျော်၍ ဆင်ခြေလျှောတောင်၊ စောင်းကလေးအတိုင်း လျှောက်လာ ကြရင်း တစ်နေရာ အရောက်တွင် ရှေ့ကသွားနေသော စောဂျိမ်းကတစ်စုံတစ်ခုကို တိုက်မိကာ ရှေ့ကို ဟပ်ထိုးလဲကျသွားတော့သည်။ ကျော်စိုးကပြေးထူရင်း။

"စောဂျိမ်း ဘာကိုတိုက်ပြီးလဲတာလဲသိလား"

"မသိဘူးကွ ခြေထောက်တော့အတော်အီသွားတယ်"

"လိပ်ကြီးတစ်ကောင်ကို တိုက်မိတာဗျ"

စောဂျိမ်းက ကုန်းရုန်းထရင်းခလုတ်တိုက်မိသော လိပ်ကိုကြည့်လိုက်သည်။ ပြီးမှ…

"တော်သေးတယ်"

"ဘာဖြစ်လို့လဲ စောဂျိမ်း"

"မဆိုးက တောထဲမှာလိပ်ကိုတွေ့ရင် နိမိတ်မကောင်းဘူးလို့ အစွဲရှိကြတယ်။ ငါ့အမြင် တော့လိပ်ကိုတွေ့ရင် ဟင်းမျိုးကိုတွေ့ တတ်လို့နိမိတ်မကောင်းဘူးလို့ထင်ကြတယ်လို့မြင်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဟင်းမျိုး(ကျား)ဆိုတဲ့အကောင်ကလိပ်ကိုတွေ့ရင် ကိုက်စားလို့





မရတော့ ဆော့တတ်တယ်ကွ။ လိပ်ကပက်လက်လန်ပြီးပတ်ချာလည် နေရင်လက်နဲ့ ပုတ်ပြီးဆော့တတ်တယ်။ ဒါ့ကြောင့်လိပ်ပက်လက်လန် နေတာတွေ့ရင် အနီးပတ်ဝန်းကျင်မှာ ဟင်းမျိုးရှိတတ်တယ်။ အတွေ့ အကြုံမရှိတဲ့ မုဆိုးတိုရင်လိပ်ကိုတွေ့ ပြီး ဟင်းမျိုးနဲ့ရင်ဆိုင်တိုးတော့ တာပဲ။ ဒါကြောင့်မို့ ပက်လက်လား၊ မှောက်ခုံလားထကြည့်တာ အခုတော့မှောက်ခုံတွေ့လို့ စိတ်အေးသွားတာ"

လိပ်ကအချင်းတစ်ပေလောက်ရှိသော တောင်လိပ် တစ်ကောင်ဖြစ်သည်။ တရွေ့ရွေ့နှင့် ခြုံတောထဲသို့ဝင်သွားသည်။ ဆင်ခြေလျှောတောင်စောင်းကလေးအတိုင်းတက်လာကြရင်း ကိုက် (၁၀၀)လောက်အ ရောက်တွင်…

"တောက်…တောက်…တောက်…တောက်"

စောဂျိမ်းရော ကျော်စိုးပါ တစ်ယောက်ကို တစ်ယောက်ကြည့် လိုက်ကြသည်။ ထိုအသံများ ကရှဉ့်များရန်သူကိုမြင်၍ တစ်ကောင်နှင့် တစ်ကောင်အချက်ပေးသံဖြစ်သည်။ စောဂျိမ်းတို့ကို ရန်သူ ထင်၍အချက် ပေးသံလား၊ တခြားရန်သူတွေ့၍အချက်ပေးသံလားတော့ ခွဲခြား၍မသိနိုင်။ ထို့ကြောင့်နှစ်ယောက်သားမျက်ရိပ်၊ မျက်ခြည်ပြကာ တဖြည်းဖြည်း ရှိတက်လာကြရာ တောင်စောင်း ထိပ်နားအရောက်တွင် စွန်လက်သည်း မြှနှင့်ခေါင်ပုံ့ခြုံများ ရောထွေးကာပေါက်နေသော ခြုံကြီး တစ်ခုထဲမှထဲမှ သိမ်းကနဲသိမ်းကနဲလှုပ်ရမ်းနေကာ သတ္တဝါတစ်ကောင်၏ မချိမဆန့် အော်သံကိုပါ ကြားလိုက်ကြရသည်။

ခြုံကြီးက လှုပ်ရမ်းနေဆဲ၊ သတ္တဝါတစ်ကောင်၏ မချိမဆန့် အော်သံကိုလည်း ကြားနေရဆဲ စောဂျိမ်းနှင့် ကျော်စိုးက တောင်စောင်း



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ရှိ မြရာပင်အစုလေးတစ်ခု၏ အကွယ်မှ မျက်တောင်မခတ်ကြည့်
နေကြသည်။

ခြုံကြီးကတဖြည်းဖြည်းမြေပြင်ပေါ်သို့ အိကျလာသည်
သိပ်မကြာလိုက် ထုထည်ကြီးလှသော အစိုင်အခဲကြီးတစ်ခုက ခြုံထဲမှ
လျောထွက်လာကာ တောင်စောင်းအတိုင်းတလိမ့်လိမ့်နှင့် ဆင်းသွား
တော့သည်။

"ဟာ..."

"စောဂျိမ်းစပါးကြီးမြွေကြီးထင်တယ်"

"အေး ဟုတ်မယ်၊ လုံးထွေးပြီးလိမ့်ဆင်းသွားတာဆိုတော့
မြွေတစ်ကောင်ထဲတော့ ဖြစ်နိုင် မယ်မထင်ဘူးကွ"

လိမ့်ဆင်းသွားသော အစိုင်အခဲကြီးက ဆင်ခြေလျှော
တစ်လျှောက် သစ်ရွက်ခြောက်များ သစ်ကိုင်းခြောက်များကို တမြောမြော
မြည်အောင် တိုက်ချသွားလေသည်။ ခြုံတစ်ခုထဲသို့လိမ့်ဝင်သွားပြီး
နောက် တိတ်ဆိတ်ငြိမ်သက်သွားသည်။

"စောဂျိမ်းသွားကြည့်ရအောင်"

"အေး"

စောဂျိမ်းတို့နှစ်ယောက်တိတ်ဆိတ်စွာနှင့် ခြုံတောရှိရာသို့
ချဉ်းကပ်သွားကြသည်။ ခြုံတော ကြီးကတော့ ငြိမ်သက်နေသော်လည်း
ခြုံပင်များကိုဖြဲကာ တရွေ့ရွေ့တိုးလာရင်း တစ်နေရာအရောက်တွင်
ဘွားကနဲတွေ့လိုက်ရသည်ကား

"ကျော်စိုးရေ ဘယ်လိုပြောရမှန်းတောင်မသိတော့ဘူး"

ကျော်စိုးကလည်း မြင်ကွင်းကို တအံ့တသြကြည့်ရင်း...





"အေးဟုတ်ပါ့"

"စောဂျိမ်းရာဘယ်လိုပြောရမလဲ အဲဒါစားရက်ကြံ့လို့ မုဝ်ဆိတ်
ပျားစွဲတယ်ဆိုတာပေါ့"

စပါးကြီးမြွေကြီးက ဆတ်တစ်ကောင်ကိုမြိုရန် အားထုတ်
နေရင်း ဆတ်ကောင်ကရုန်းကန် နေသောကြောင့်ခြုံထဲကနေ
အရှိန်လွန်ကာတောင်စောင်းအတိုင်းနှစ်ကောင်စလုံး လုံးထွေးလျက်
လိမ့်ကျလာခြင်းဖြစ်သည်။တောင်စောင်းအောက်က ခြုံတောထဲသို့
လိမ့်ဆင်းလာရင်းခြုံတောထဲမှ သစ်ခြောက်ပင်တစ်ခုနှင့် ဝင်ဆောင့်မိ
သည်။သစ်ခြောက်ပင်၏ ကျိုးနေသောငုတ်အချွန်တစ်ခုက စပါးကြီးမြွေ၏
ခေါင်းကိုတည့်တည့်စိုက်ဝင်သွားသည်။ အနားတွင်လည်းစပါးကြီးမြွေက
ဆွဲ ဆန့်ထားသောကြောင့် မသေမရှင်ဖြစ်နေသော ဆတ်ကောင်
ကလည်းတုံးလုံးလဲလျက်။ စပါးကြီး မြွေ၏ခေါင်းကို သစ်ပင်ငုတ်က
ထုတ်ချင်းခတ်စိုက်ဝင်နေသော်လည်း မြွေကြီး၏ခန္ဓာကိုယ်က တွန့်လိမ်
ရစ်ပတ်ကာလှုပ်ရှားနေလျက်။

စောဂျိမ်းရော ကျော်စိုးပါပျော်နေကြသည်။ သေနတ်တစ်ချက်
မျှမပစ်၊ ကျည်တစ်တောင့် မျှမကုန်ပဲ ဟင်းစားနှစ်ကောင်ရလိုက်
သောကြောင့်ဖြစ်သည်။ ထို့အပြင်စပါးကြီးသည်းခြေကို ရောင်းပါက
ဈေးကောင်းပင်ရဦးမည်ဖြစ်သည်။

စပါးကြီးအကောင်ကြီးကို အိတ်တစ်လုံးတွင် ထည့်၍
ဆတ်ကောင်ကိုခြေထောက်လက် ထောက်များတုတ်ချည်ကာ နှစ်ကောင်
စလုံးဝါးလုံးတစ်လုံးနှင့် ရှေ့နောက်တစ်ယောက်စီထမ်းကာ ကညင်ပင်ကြီး
ဆီသို့ မှန်း၍လျှောက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စိန်သောင်းနှင့် ဉာဏ်မြင့်ကစောစီးစွာရောက်နေကြသည်။ သူတို့အနားတွင် တောကြက် ၄ ၊ ၅ ကောင်ကို ကြိုးချည်လျှက်သား အတွဲများဖြင့် တွေ့ရသည်။ စိန်သောင်းက

"မုဆိုးကြီးတို့လဲအဆင်ပြေလာတယ် ထင်တယ်"

"ဟာ မင်းတို့အမြင်ပဲ သိပ်အဆင်ပြေတာပေါ့ကွာ။ မင်းတို့ရော"

"ပြေမှပြေပေါ့ဗျာ။ ဒီတောက လူ့အလာနည်းတယ်ထင်တယ်"

ကျွန်တော်တို့ကောင်မက မှယာမာယာတောင်မပြလိုက်ရဘူး။ အသံပေးရုံလေးနဲ့တင် ဟောတစ်ကောင် ဟောတစ်ကောင်ပဲဗျို့၊ မုဆိုးကြီးတို့နဲ့ ဟင်းစားလဲစားကြတာပေါ့ဗျာ။ ဟို အထုပ်ကြီးထဲက ဘာကြီးလဲဗျ"

"စပါးကြီးမြွေကွ"

"ဟာ ဒါဆိုရင်တောပြန်ပြီဗျို့၊ စပါးကြီးသည်းခြေက သိပ်အဖိုးတန်ဗျ"

"မင်းတို့တောကြက်ဘယ်နကောင်ရလဲ"

"၁၆ ကောင်ပါ"

"ဘာအရင်းအနှီးစိုက်လိုက်ရလဲ"

"ဘာမှမစိုက်ရပါဘူး။ ကျွန်တော်တို့ကောင်မပဲလာကာနီး အစာကျွေးရတဲ့ အစာဖိုးပါပဲ၊ ဘာဖြစ်လို့မေးတာလဲ"

"တို့လဲကျည်တစ်တောင့်မှမကုန်၊ သေနတ်တစ်ချက်တောင် မပစ်လိုက်ရပါဘူးကွာ"

စောကိုမ်းကာဖြစ်ပုံကိုရှင်းပြလိုက်သည်။ စိန်သောင်းနှင့် ဉာဏ်မြင့် အံ့သြသွားကြသည်။





"မုဆိုးကြီးတို့ ဒီတစ်ခါလာတာကံကောင်းတယ်ဗျာ။ အင်း ကံကောင်းတယ်ပဲပြောရမလား။ ကျွန်တော်တို့တော့ ဝင်ဝင်ချင်း ပိုင်ရာဆိုင်ရာတွေကို တင်မြှောက်ပသလို့ ပေးကမ်းစွန့်ကြဲတယ်ပဲ ပြောရမလား..."

"ထားပါတော့ကွာ...သားကောင်ရဘို့ပဲအရေးကြီးပါတယ်။ အဲဒီတော့တို့လဲတောကြက် ဆီပြန်မစားရတာကြာပြီကွ၊ တို့ဆီက ဆတ်တစ်ခြမ်းယူ၊ မင်းတို့ကတောကြက်ဘယ်နှစ်ကောင်ပေးမှာလဲ"

"တစ်ယောက်တစ်ဝက်ဆိုတော့ ရှစ်ကောင်ယူပေါ့ဗျာ။"

"အေးဟုတ်ပြီ နောက်ပြီး မင်းတို့ကစပါးကြီးသား စားရဲလား"

"စားလို့ရတာအကုန်စားပဲ"

"အေးဟုတ်ပြီ၊ ဒါဆိုတစ်ဝက်ယူပေါ့ကွာ၊ တောကြက်ဆီပြန်၊ မြွေသားပြုတ်ကြော်၊ ဆတ်သားခြောက်ဖုတ် အဆင်ပြေတယ်ဟေ့"

"တစ်ဝက်စီဆိုရင် မုဆိုးကြီးကပေးစရာကျန်သေးတာပေါ့"

"ဟေ...ဘာပေးရမှာတုန်းကွ"

"စပါးကြီးသည်းခြေတစ်ဝက်..."

"ဟေ...ဒါကတော့ မင်းတို့က ငါ့ချီး"

စိန်သောင်း၊ ဉာဏ်မြင့်နှင့် ကျော်စိုးတို့သုံးယောက် ဝိုင်းရယ်လိုက်ကြမှ စောကိုမ်းကာသူ့ကို နောက်မှန်းသဘောပေါက်ကာ ရောယောင်၍ဝိုင်းရယ်လိုက်တော့သည်။

◆ ◆ ◆ ◆ ◆

မောင်မြင့်မား(ဘိုကလေး)



www.burmeseclassic.com

www.burmeseclassic.com



## မိုးသည်းသည်းမှာ

မောင်မြင့်မား(ဘိုကလေး)





ကိုတိုးစိန်က တဲတားထိပ်တွင်ရပ်ကာ မြစ်ထဲကိုကြည့်လိုက်သည်။မြစ်ရေကလှိုင်းကြက်ခွပ် ကလေးများထကာ တသွင်သွင်စီးနေဆဲ။ ညနေရေခဆိုရင်တော့ ဝိုက်ချမှုဖြစ်တော့မည်။ တဲမှာက စားစရာမရှိတော့ မြစ်နားချောင်းနား လယ်နားဆိုတော့ ဆန်နှင့်ဟင်းချက်စရာသားငါးမပူရသော်လည်း နေ့တိုင်းကြတော့ သားငါးမစားချင်၊ ကြာတော့ ညီစော်နံလာသည်။ထို့ကြောင့်ဟင်း ချက်စရာဘိုးအတွက် ကိုတိုးစိန်ဝိုက်ချမှုဖြစ်တော့မည်။

ဇနီးသည်နေမကောင်းသောကြောင့် ကိုတိုးစိန်သုံးရက်လောက်ရေထဲမဆင်းဖြစ်၊ သုံးရက် အတွင်းဇနီးသည် ဆေးဘိုးနှင့်အိမ်စရိတ်ကလိုငွေဂဏန်းများဖြင့် တက်လာသည်။ငါးသလောက် ဆားနယ်များကိုရောင်း၍ အိမ်စရိတ်များဖြည့်ရသောကြောင့် ဆားနယ်ကနှစ်ဝိသာလောက်သာ ကျန်တော့သည်။

ကိုတိုးစိန်တဲတားထိပ်တွင် ရပ်နေတုန်းခပ်လှမ်းလှမ်းမှ လှော်လာနေသော ဘောက်တူ တစ်စင်းပေါ်မှ လူတစ်ယောက်က ကိုတိုးစိန်ကိုလက်ပြနေသည်။ ဘယ်သူပါလိမ့်ဟု ကိုတိုးစိန် စဉ်းစားနေဆဲ ဘောက်တူက အနားကိုတဖြည်းဖြည်းရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ရောင်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားသော လူတစ်ယောက် ဘောက်တူဦးတွင် ထိုင်ရင်းကိုတိုးစိန်ကို လက်ပြလိုက်ပြန်သည်။

"ဟေ့ ကောင် တိုးစိန်"

"ဟာ စောဂျိမ်း"

"ဘာကြည့်နေတာလဲ ငါစောစောကတည်းက လက်ပြနေတာ မမြင်ဘူးလား"

"မြင်တယ်ကွ၊ မင်းမှန်းမသိလို့ ငါဆီလာတာလား"

"အေးပေါ့"

"လာကွာ တဲကိုသွားရအောင်"

တဲဆိုသော်လည်း ဝေးဝေးမှာမဟုတ်၊ ကမ်းစပ်မှာပဲဖြစ်သည်။ ကိုတိုးစိန်တို့ ငါ်ငါတဲများက ကမ်းစပ်မှာပဲ တဲဆောက်ကာကမ်းစပ်သောင်ပေါ်မှာပဲ ပိုက်များကို လှမ်းကြသည်။ ရလာသော ငါးများကိုလည်း ကမ်းစပ်မှာပင်စင်ထိုးကာ ငါးခြောက်လှမ်းကြသည်။ ထို့ကြောင့် ကိုတိုးစိန်တို့ ရွာကိုမြစ်ထဲမှ လှမ်းကြည့်လိုက်လျှင် ငါးခြောက်စင်များ ပိုက်စင်များကို အဝေးကပင်မြင်ရသည်။

"ထိုင် စောဂျိမ်း။ အထုတ်အပိုးတွေလဲချဦး"

စောဂျိမ်းက အထုပ်အပိုးများကိုချကာ အေးအေးဆေးဆေး ထိုင်လိုက်ရင်း

"မင်းဗူးမျှောမထွက်ဘူးလား"

"မိန်းမနေမကောင်းလို့နားနေတာ သုံးရက်လောက်ရှိပြီ၊ ဒီညနေဆိုရင်တော့ ထွက်မလားလို့"

"လုပ်စမ်းပါဦးကွာ၊ ငါအပြန်ငါးသလောက်ဆားနယ် ယူသွား





ချင်လို့"

"ရပါတယ်။ ဒါနဲ့မင်းက ငါ့ဆီဘာလာလုပ်တာလဲ"

"မင်းဆီမရောက်တာလဲကြာလို့ နောက်တစ်ခုကမင်းတို့ဆီမှာ မျောက်ပေါတယ်ကြားလို့"

"ဟေ · ·းကမျောက်ကိုဘာလုပ်ဖို့လဲ၊ တို့ဆီက မျောက်တွေက ဘယ· · ·းဘူး။ မျောက်ချေးခါးလဲ စားကောင်းမှာ မဟုတ်ဘူး"

"ဟေ· · ·ဘာဖြစ်လို့တုန်း"

"တို့ဆီက မျောက်တွေက မျောက်တံငါလို့ခေါ်တယ်ကွ၊ တခြားဒေသတွေမှာတော့ ပျားမျောက်လို့ခေါ်တယ်ပြောတယ်၊ ဒီကောင်တွေက ကမ်းစပ်ကသစ်ပင်တွေပေါ်မှာ နေကြပြီးမြစ်ရေ ကျသွားရင် တာပြင်ပေါ်ကဆင်းပြီး ဂဏန်းတို့ငါးတို့ရှာစားတဲ့ကောင်မျိုးတွေကွ။ မင်းတို့တောထဲက မျောက်တွေလိုသစ်သီးသစ်ဥတွေသာ စားတဲ့ ကောင်မျိုးမဟုတ်ဘူး"

"ဟုတ်လား· · ·သိပါဘူးကွာ၊ ငါကမျောက်ဆိုရင် အတူတူပဲ အောင်မေ့လို့"

"မုဆိုးလုပ်ပြီးဒီတစ်ခါတော့ ညံ့သွားပြီကွာ။ ဒီကောင်မျိုးတွေက မျောက်ချေးခါးလဲ စားကောင်းမှာမဟုတ်ဘူး"

"စားဘို့မဟုတ်ဘူး"

"ဟေ· · ·ဒါဆိုရင် ဘာလုပ်ဖို့လဲ

"မျောက်သွေးစစ်စစ်လိုချင်လို့ကွ"

"ဘာလုပ်ဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



“ငါတို့ရွာက ငါ့ကိုဆေးကုပေးဘူးတဲ့ ဗိန္ဒောဆရာကြီးက ဆေးဖော်ဘို့မျောက်သွေးစစ်စစ် လိုချင်တယ်ဆိုလို့”

“ဪ ဒီလိုလား၊ ဒါဆိုရင်တော့ ရပါတယ်ကွာ။ မင်းလိုပဲ မနှစ်က စစ်ပင်ကွင်းရွာက ငါ့မိတ်ဆွေတစ်ယောက် မျောက်သွေးလိုချင်တယ်ဆိုလို့ ငါတစ်ကောင်ဖမ်းပေးလိုက်ပါတယ်”

“ဒါဆိုရင် လုပ်စမ်းပါကွာ တစ်ကောင်လောက်”

ကိုတိုးစိန်က တဲပေါ်ကနေမြစ်ထဲကို လှမ်းကြည့်လိုက်ပြီး

“ရေကျပဲကွ၊ တော်ကြာရေစစ်တော့မယ်၊ အခုသွားတောင်ရင်ရတယ်။ မင်းပါလိုက်မှာလား”

“လိုက်မှာပေါ့၊ မင်းလုပ်တာလဲ ဗဟုသုတရအောင် လိုက်ကြည့်မယ်လေ”

“အေး ဒါဆိုခဏစောင့်၊ မင်းခဏထိုင်စောင့်ရင်း ရေနွေးကြမ်းနဲ့ငါးခြောက်ဖုတ်စားကွာ။ ငါဒီနားကို လိုတာလေးတွေ သွားဝယ်လိုက်ဦးမယ်”

ခဏအကြာတွင် ကိုတိုးစိန်ပြန်ရောက်လာသည်။ လက်ထဲတွင် ငှက်ပျောသီး၄ ၊ ၅ လုံး ပါလာသည်။ ထို့နောက်လက်သန်းလုံးလောက်ရှိ ကြိုးတစ်ခွေကို ထုတ်လိုက်ပြီး

“ကဲ စောက်ျမ်းသွားကြမယ်”

“မျောက်ထောင်ဖို့ပစ္စည်းကိရိယာစုံပြီလား”

“အေး စုံပြီ”

ဘောက်ဘုကို ရှေ့တစ်ယောက်နောက်တစ်ယောက်လှော်ကာ ရေကျအတိုင်းစုန်ဆင်းလာကြသည်။ နာရီဝက်လောက်အကြာတွင်





မြစ်ကွေ့အရောက်၌ မျောက်အော်သံများကြားလာရသည်။မြစ်ကွေ့အတိုင်း လှော်၍ကျော်လာသည်နှင့် သောင်ပြင်ကြီးတစ်ခုကို ဘွားကနဲတွေ့လိုက်ရသည်။

မြစ်ကမ်းပါးရှိလမုပင်များပေါ်မှ ကွီကွီကွကွနှင့်အော်နေသော မျောက်များနှင့်သောင်စပ်တွင် တက်လိုက်ဆင်းလိုက်လုပ်နေသော မျောက်တစ်အုပ်။ ရေက လုံးဝကုန်အောင်မကျသေး။ တိုးစိန်ကရေစပ်တွင် လှော်တက်ကိုစိုက်ကာ ကြိုးချည်လိုက်သည်။

ထို့နောက်ကြိုးတစ်ခွေကိုယူ၍ ရေထဲကိုဆင်းလိုက်သည်။ ကြိုးတစ်စကို လှေဦးတွင်ချည် လိုက်သည်။ ကြိုးတစ်စိတ်တစ်ပိုင်းကိုရေထဲနှစ်၍ ချလိုက်ပြီးကျန်အစိတ်အပိုင်းများကို ရွှံ့များ တွင်နှစ်၍ တဖြည်းဖြည်းလတာပြင်ပေါ်သို့တက်လာသည်။ စောကျိမ်းက ဘောက်တူ ပေါ်မှ တိုးစိန် လုပ်သမျှကို ထိုင်ကြည့်နေသည်။

ကြိုးအဆုံးတွင် ကွင်းလျောတစ်ခုလုပ်လိုက်ကာ ကွင်းလျော အဝိုင်းလုပ်၍ ရွှံ့ထဲတွင် နှစ်လိုက်သည်။ တိုးစိန်တို့ လတာပြင်ပေါ်တွင် ရှိနေသောကြောင့် မျောက်များကဆင်းမလာပဲ တိုးစိန် တို့လုပ်သမျှကို အကဲခတ်နေကြသည်။ တိုးစိန်ကငှက်ပျောသီးများကို ထုတ်ကာ မျောက်များမြင် သာအောင်ပြ၍ ရွှံ့ထဲတွင်နှစ်၍ ရွှံ့အနည်းငယ်ဖုံးထား လိုက်သည်။ ငှက်ပျောသီးတစ်လုံးကိုတော့ ကွင်းလျောအဝိုင်းအလယ် တွင် နှစ်ထားလိုက်သည်။

ထို့နောက် ကိုတိုးစိန်က ဘောက်တူဆီသို့ ပြန်လာသည်။ ရေကျသွားသောကြောင့် လှော်တက်ကိုနုတ်ကာ သောင်ပေါ်မှ တွန်း၍ ရေထဲကိုလှော်လာခဲ့သည်။ တိုးစိန်တို့ဘောက် တူခတ်ရင်းလှမ်း



www.burmeseclassic.com

www.burmeseclassic.com



သို့ရောက်သောအခါ မျောက်များကလတာပြင်ပေါ်ကို ဆင်းလာခဲ့သည်။

စောဂျိမ်းနှင့် ကိုတိုးစိန်က ရေထဲကနေ၍ မသိမသာကြည့်နေကြသည်။ တချို့မျောက်များက ဂဏန်းများကို နှိုက်၍စားသည့်အကောင်က စား၊ တချို့က ငါးပျံလေးများကို ကောက်စားသည့်အကောင်က စားနှင့် အလုပ်ရှုပ်နေကြချိန်တွင် မျောက်၃၊၄ကောင်က ကိုတိုးစိန်လုပ်ကိုင်နေပုံကိုမြင် ထားပြီးဖြစ်၍ ငှက်ပျောသီးမြှုပ်ထားသည့်ရွှံ့များကိုဖယ်၍ ငှက်ပျောသီးကို ကောက်စားနေကြသည်။

မျောက်တစ်ကောင်က ကြိုးကွင်းလျောနေရာသို့ရောက်လာကာ ရွှံ့ထဲသို့နှိုက်၍ ငှက်ပျောသီးကို ဆွဲထုတ်လိုက်ချိန်တွင် ကိုတိုးစိန်က ဘောက်တူပေါ်မှနေ၍ ကြိုးကိုဆောင့်ဆွဲလိုက်သည်။ ကွင်းလျောက မျောက်ခြေထောက်နှင့် လက်တစ်ချောင်းကို ရစ်ပတ်သွားသည်။ မျောက်ကလန့်ဖြန့်၍ ရန်းကာလတာပြင်အပေါ်ကိုလဲကျသွားလေသည်။

ကြိုးကွင်းမိနေသော မျောက်အော်သံကြောင့် ကျန်မျောက်များက ထွက်ပြေးသွားကုန်ကြသည်။ စောဂျိမ်းနှင့် ကိုတိုးစိန်က ဘောက်တူကို ကပ်ကာ မျောက်ကိုဖမ်းလိုက်ကြသည်။

" တိုးစိန်တယ်ဟုတ်ပါလားကွ"

" စောဂျိမ်းတို့ အမဲလိုက်သလိုကျည်သုံးမှ သားကောင်ရတာမဟုတ်ပါဘူး။ ကျည်မကုန်ပဲနဲ့လဲ သားကောင်ရနိုင်ပါတယ်။ ကဲ-ပြန်မယ်မဟုတ်လား"

" အေး"

" ညနေရောက်ရင် ငါပိုက်ချထွက်မလို့ကွ၊ မိန်းမနေမကောင်းလို့ မထွက်တာ(၃)ရက်ရှိပြီ၊ အိမ်မှာလည်းအသုံးစရိတ်ပြတ်နေပြီ"





" ဒါဆိုရင် ငါလဲလိုက်ခဲ့မယ်လေကွာ၊ မင်းမရှိတော့ ပျင်းစရာကြီး"

"အေး-ဒါဆိုရင်ပြီးရော-တဲကိုရောက်ရင်လိုအပ်တာတွေ ပြင်ဆင်ပြီးထွက်ကြမယ်၊ မထွက်ခင်ဗိုက်ဖြည့်ကြတာပေါ့ကွာ...၊ တဲထဲမှာတော့ ငါးသလောက်ဆားနယ်နှင့် ငါးရန့်ခြောက်ဖုတ်ပဲရှိတယ်"

"ငါလမ်းမှာတွေ့လို့ ဘောက်တူကပ်ပြီး ဝယ်လာတဲ့ဂဏန်းတွေနဲ့ ဖလန်တောင်ပေးတွေ ပါသေးတယ်ကွ၊ ဂဏန်းချဉ်ရေချက်ပြီး ဖလန်းတောင်ပေးကြော်ပေါ့ကွ၊ မကောင်းဘူးလား"

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်တွင်မိုးသားများကင်းစင်နေသော မကြာမီအချိန်ကပင် နေလုံးကြီးသည် အနောက်ဘက်လမုတောအုပ်အတွင်းသို့ ငုတ်လျှိုးသွားပြီဖြစ်သည်။

ကိုတိုးစိန်က ကောင်းကင်ကြီးကို မော့ကြည့်လိုက်ကာ ပိုက်ဖုံများကို ဘောက်တူပေါ်ကို တင်လိုက်သည်။ အရောင်အဆင်းမရှိသော စွပ်ကျယ်ဟောင်းတစ်ထည်ကို ကောက်စွပ်လိုက်ကာ မီးအုပ်ဆောင်းအတွင်းမှ မီးခွက်ကို ထုတ်၍ ရေနံဆီဖြည့်လိုက်ပြန်သည်။ မီးဖိုပေါ်မှ ရေနွေးကြမ်း တည်ထားသောမြေအိုးကိုမကာ ဘောက်တူထဲကို ချလိုက်ပြီး

"စောကျိမ်းရေ သွားမယ်ဟေ့"

"အေးအေးလာပြီ၊ ကွမ်းယာနေတာကွ၊ မင်းအတွက်ရော ဆေးပေါ့လိပ်ပါပြီလား"





"အေး"

ကောင်းကင်ကြီးက ကြည်လင်နေဆဲ။ ကိုတိုးစိန်ကတံတားတိုင်တွင် ချည်ထားသောကြိုးကို ဖြုတ်ကာ ဘောက်တူကိုမြစ်လယ်သို့ လှော်လိုက်သည်။ စောကျိမ်းက လှေဦးကလှော်နေသည်။ မြစ်လယ်သို့ ရောက်သောအခါ ကိုတိုးစိန်က ပိုက်ကိုစချတော့သည်။ လှော်ရင်း ပိုက်ချရင်းနှင့် ပိုက်တစ်စုံက ကုန်သွားတော့သည်။ ပိုက်ကုန်သွားသည့်အတွက်ပိုက်ကြိုးကို ဘောက်တူတစ်နေရာတွင် ချည်လိုက်ပြီး ကိုးတိုးစိန်က ဆေးပေါ့လိပ်တစ်တိုကို ကောက်ကိုင်လိုက်သည်။ ဦးတွင်ထိုင်နေသော စောကျိမ်းအား-

"အနားယူချိန်ပေ့ား အားဖြည့်ထား၊ မင်းကဆေးလိပ်မသောက်တတ်တော့ ရေနွေးကြမ်းသောက်ပြီး ငါးခြောက်ဖုတ်စားကွာ"

"အေးအေးအခုတော့ ငါကွမ်းဝါးနေတယ်ဟေ့"

ရေက အောက်ဘက်ကို ပြန်လည်စွဲစပြုနေပြီ။ ဘောက်တူနှင့် ပိုက်ကလည်း အောက်ဘက်သို့ တရွေ့ရွေ့မျောပါနေပြီ။ ကိုတိုးစိန်ကရေနွေးကြမ်းတစ်ခွက်ကို ငုံသောက်လိုက် ကာ ဆေးပေါ့လိပ်ကိုလည်း တထောင်းထောင်းထအောင် ဖွာရှိုက်နေလိုက်သည်။ လက်ကလည်း အငြိမ်မနေ၊ ဘောက်တူနံရံကို တဒေါက်ဒေါက်ရိုက်ကာ ငါးများကို ခြောက်နေသည်။

"စောကျိမ်း လာကွာ၊ ရေနွေးကြမ်းနဲ့ ငါးခြောက်ဖုတ်စား ရအောင်"

စောကျိမ်းက ကိုတိုးစိန်ရှိရာ ဘောက်တူပဲ့ဘက်သို့လျှောက်လာကာ ထိုင်လိုက်သည်။ ကိုတိုးစိန်ကငါးခြောက်တစ်ဖတ်ကို ဝါးရင်း-



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ မုဆိုးလိုတော့ ပြေးလွှားပစ်ခတ်မနေရဘူးပေါ့ကွာ၊ ဒါပေမယ့် တစ်ခါတလေ သက်စွန့်ဆံဖျားကြုံရတယ်၊ ကုန်းပေါ်မှာက ပြေးလို့ရပေမယ့်၊ ရေထဲမှာက ရေနစ်ရင် အသက်ဆုံး ရတာပဲ"

"တို့မုဆိုးလည်း တစ်ခါတလေ အသက်နဲ့ရင်းရတာတွေလည်း ရှိပါတယ်၊ အတွေ့အကြုံကတော့ တစ်မျိုးစီပေါ့ကွာ"

စကားထိုင်ပြောနေရင်း တိုးစိန်မျက်လုံးက အအားမနေပဲ ပိုက်ချထားရာ ဖော့လုံးများဆီသို့ မျက်စိကရောက်နေသည်။ တိုးစိန် မျက်လုံးက ဝင်းလက်သွားသည်။

ပိုက်အလယ်လောက်မှ ဖော့လုံး ၃၊၄ ခုက မြုပ်ချည်ပေါ်ချည် ဖြစ်နေသည်မဟုတ်ပါလား။

"စောဂျိမ်း လှုပ်ရှားဖို့ အချိန်ရောက်ပြီကွ"

ကိုတိုးစိန်သည် ပိုက်ခေါင်းကြိုးကို ဖြုတ်ချလိုက်ကာ မြုပ်ချည်ပေါ်ချည်ဖြစ်နေသော ဖော့လုံးများဆီသို့ ဘောက်တူကို လှော်လိုက်သည်။ မြုပ်နေသော ဖော့လုံးနေရာမှ ပိုက်ခေါင်းကြိုးကို ဆွဲမလိုက်သောအခါ ပိုက်တွင်တိုးကာမိနေသော ငါးသလောက် တစ်ကောင်၊ ပိုက်မှဖြုတ်ကာ ဘောက်တူဝမ်းထဲကို ပစ်ထည့်လိုက်သည်။ နောက်ထပ်မြုပ်နေသော ဖော့လုံး ၃၊၄ ခုရှိရာသို့ သွားကာ တိုးနေသော ငါးသလောက်များကို တစ်ကောင်ပြီးတစ်ကောင် ဘောက်တူဝမ်းထဲသို့ ပစ်ထည့်လိုက်ချိန်မှာပင် ခပ်လှမ်းလှမ်းမှ ဖော့လုံးများက မြုပ်ချည်ပေါ်ချည် ဖြစ်နေပြန်သည်။

ကိုတိုးစိန်က ဖော့လုံးများကို ကြည့်ကာ အရမ်းပျော်နေသည်။ သွက်လက်စွာနှင့် တစ်ကောင်ပြီးတစ်ကောင်ဖော်ကာ ဘောက်တူထဲသို့





ပစ်ထည့်လိုက်သည်။

"တိုးစိန်တယ်ဟုတ်ပါလားကွ"

"ဒါတောင် ပိုက်ကိုဖော်ရသေးတာ မဟုတ်ဘူး"

ထိုအချိန်တွင် ခပ်လှမ်းလှမ်းရှိ ပိုက်ချနေသော ဘောက်တူ တစ်စီးပေါ်မှ လှမ်းအော်သံ ကြားလိုက်ရသည်။

"တိုးစိန်ရေ--အခြေအနေကောင်းလားဟေ့"

"အေး ကောင်းတယ်ကွ ၄ ၊ ၅ ဆယ်ကောင်တော့ရနေပြီ"

"မှောင်တော့မယ်ဟေ့၊ ငါတော့ သိမ်းတော့မယ်"

"အေးအေး"

ကိုတိုးစိန်တို့နှင့် ပိုက်ချဖော်ပိုက်ချဖက် ထွန်းမောင်က အော်လိုက်ခြင်းဖြစ်သည်။ အခုမှ ကိုတိုးစိန်သတိထားမိသည်။ အလင်းရောင်က ဖျော့ဖျော့ကလေးသာ ရှိတော့သည့် မြစ်ပြင်တစ်လျှောက် ပိုက်ချနေသောလှေများ၊ ဘောက်တူများမှ အလင်းရောင်ဖျော့ဖျော့ကို ဟိုနားတစ်ခု၊ ဒီနားတစ်ခုသာ မြင်နေရသည်။ လှိုင်းကြပ်ခွပ်ကလေးများ က တဖြုတ်ဖြုတ်တိုက်ခိုက်နေဆဲ။ စော ဂျိမ်းက-

"တိုးစိန်ရှေ့နားက ဖော့လုံးက ငါးတိုးနေတယ်ထင်တယ်ကွ"

"အေး- ဟုတ်တာပေါ့ကွ၊ ဒီကောင်ကမသိမသာကလေး တစ်ချက်တစ်ချက်မှတိုးတာ ပါးဟတ်တို့၊ ရေယက်တို့မှာ ချိတ်နေတာ ဖြစ်ရမယ်"

ကိုတိုးစိန်က ဘောက်တူကိုရွှေ့ကာ ပိုက်ကြိုးကိုမတင် လိုက်သည်။ ငါးဆယ်သားခန့်ရှိ ငါးသလောက်တစ်ကောင်။ ရေယက် နှင့်ညှိနေခြင်းဖြစ်သည်။ အလင်းရောင် တဖြည်းဖြည်းပျော့



www.burmeseclassic.com

www.burmeseclassic.com



လာသည်နှင့်အမျှ ဖေါ့လုံးကလေးများကို လရောင်မှုန်ပျပျအောက်တွင် ဝိုးတဝါးသာမြင်ရတော့သည်။

ကိုတိုးစိန်က ဘောက်တူကိုတရွေ့ရွေ့လှော်ရင်း ပိုက်တန်းတလျှောက် ငါးတိုး၊မတိုးကြည့်နေသည်။ တချို့နေရာများတွင်ပိုက်ကြိုးကိုလက်နှင့်ကိုင်ကြည့်သည်။ ကိုင်ထားရင်းလက်ထဲတွင် တဒုတ်ဒုတ်တိုးနေသည်ကိုခံစားရသည်။ ကိုတိုးစိန်ပျော်နေသည်။

"တိုးစိန်တို့ဘယ်ရောက်နေလဲ ကြည့်အုန်းကွ"

"ရွာနဲ့တော့ အတော်ဝေးလာပြီကွ၊ ဇီးဖြူချောင်းတောင် လွန်လာပြီ"

"တခြားပိုက်လှေတွေက မီးရောင်တောင် မတွေ့တော့ဘူး"

မှန်သည်။ ရေစီးက အဆွဲမြန်လာသောကြောင့် ဘောက်တူ ရောပိုက်ပါအတော်မျောလာ ခြင်းဖြစ်သည်။

"မှောင်လည်းမှောင်နေပြီ"

"စောကျိမ်းမင်းကြောက်လို့လား။ ဒီမြစ်ထဲကိုငါကျွမ်းပါတယ်ကွာ။ ငါးကအတော်တိုးနေလို့ ဒီတစ်ခေါက်ဖေါ့လုံးတွေဖေါ်ပြီးရင် ပိုက်ဖေါ်တော့မှာပါကွာ"

လရောင်ကိုတိမ်ဖုံးသွားသောကြောင့် မြစ်ပြင်တစ်ခုလုံး မှောင်သွားသည်။ အနောက်ဘက်မှ လျှပ်စီးမီးများတဖြတ်ဖြတ်လက်လာသည်။ ကိုတိုးစိန်ကတဒုတ်ဒုတ်တိုးနေသော ပိုက်ကြိုးကို ဆွဲမကာတိုးနေသော ငါးများကိုဆွဲဖြုတ်၍ ဘောက်တူဝမ်းထဲသို့ ပစ်ထည့်လိုက်ပြန်သည်။ ဘောက်တူတစ်ကန့်တွင် ငါးသလောက်များပြည့်သွားသည်။

အမှောင်ထုက ကြီးစိုးလာသည်နှင့်အမျှ လျှပ်လက်ရောင်





များနှင့်အတူမိုးနံ့ပါသော လေက တဖြူးဖြူးတိုက်လာသည်။ လေတိုက်သောကြောင့် ရေနံဆီမီးခွက်က လင်းလိုက်မှိန်လိုက်ဖြစ်နေသည်။ ခဏအကြာတွင် လေပြင်းတစ်ချက်ဝင်လာကာ မိုးစက်မိုးပေါက်များ ပါလာသည်။

"စောကျိမ်း ရေပိုက်တင်တော့မယ့်ဟေ့"

"မင်းတစ်ယောက်ထဲဖြစ်မလား"

"လုပ်နေကြပါကွာ၊ လေတိုက်နေလို့ မင်းဘောက်တူကို ထိမ်းထားဦးဟေ့..."

ကိုတိုးစိန်က ပိုက်ကိုတဖြည်းဖြည်းခြင်းဆွဲတင်လိုက်သည်။ ပိုက်ထဲတွင်ငါးများက ဖွေးကနဲ ဖွေးကနဲ ပါလာသည်။ လေတိုက်နေသောကြောင့် လှိုင်းဆန်လာကာ ဘောက်တူကပခက်လွှဲသလို လှုပ်ရမ်းနေသည်။ ငါးများကဖွေးကနဲဖွေးကနဲပါလာသောကြောင့် စောကျိမ်းက တစ်ကောင်ပြီး တစ်ကောင်ကောက်ထည့်နေရသော်လည်း ရေလှိုင်းများက ဘောက်တူနံရံကို လာလာဆောင့် နေသောကြောင့် လဲမသွားအောင်အတော်ထိန်းနေရသည်။

ကိုတိုးစိန်လည်း စောစောကလိုငါးများကို မြင်တိုင်းဝမ်းသာနေသော်လည်း ယခုဝမ်းမသာနိုင်တော့။ မိုးရွာ၍လှိုင်းထန်နေသောကြောင့် ဘောက်တူကိုခြေကန်ကာ အတော်ဆွဲတင်နေရသည်။ ပိုက်က တစ်ဝက်ကျော်ကျော်လောက် အရောက်တွင်ဆွဲ၍မရတော့ တင်းခံနေသည်။ ကိုတိုးစိန် အားစိုက်၍ဆွဲသည်။ မရ။

စောကျိမ်းက ဘောက်တူအကန့်ထဲတွင် ငါးများကိုထည့်နေရာမှ

"တိုးစိန်ဆွဲလေ၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆွဲလို့မရဘူးကွ တင်းခံနေတယ်"

"ဟော···ဒါဆိုရင်အောက်မှာ တစ်ခုခုနဲ့များ ညိနေလို့လား"

"ဟာ···ညိစရာအကြောင်းမရှိဘူး။ ငါးသလောက်ပိုက်ဆိုတာက ရေပေါ်ကလေးတွင် ရုပ်ပြီးထောင်ထားတာအောက်မှာဘာမှမရှိဘူး။ ငုတ်နဲ့ညိရအောင်လဲ ဒီနေရာက ရေအနက်ကြီး"

"ဒါဆိုရင် ငါပါဝိုင်းဆွဲမယ်"

ကိုတိုးစိန်ရော စောဂျိမ်းပါခြေကန်၍ ဆွဲကြသည်။မိုးအဆက်မပြတ်ရွာနေသော်လည်း တိမ်ကင်းစင်သွားသောကြောင့် လရောင်နှင့်အတူ တဖြတ်ဖြတ်လှုပ်ရှားနေသော မြစ်ပြင်ကြီးကို မြင်နေရသည်။

"ဝုန်း···ဝုန်း"

အသံကြီးကိုကြားလိုက်ရပြီးနောက် ကိုတိုးစိန်ရော စောဂျိမ်းပါဘောက်တူထဲတွင် ဖင်ထိုင် လျှက်ကျသွားသည်။ ဘောက်တူနံရံနှင့် ဖင်နှင့် ဆောင့်ဖိလို့သာတော်တော့သည်။ မဆောင့်မိပါက အရှိန်လွန်ကာ ရေထဲသို့ ပြုတ်ကျသွားနိုင်သည်။

"ဝုန်း···ဝုန်း" အသံကြီးကြားရပြီးနောက် ကိုတိုးစိန်ရော စောဂျိမ်းပါမြင်လိုက်ရသော အရာကားပိုက်များနှင့် လုံးထွေးနေသော မည်းမည်းအကောင်ကြီး။ ရေပေါ်သို့ခေါင်းကြီးက တက်လာပြီး အမြီးကြီးက "ဖြန်း" ကနဲမြည်အောင်ရေပြင်ကို ရိုက်ချသွားသည်။

ကိုတိုးစိန်ရော စောဂျိမ်းပါဘောက်တူပေါ်တွင်ဖင်ထိုင်ကျရင်း ကြက်သေ သေသွားသည်။

"မိချောင်းကြီးဟေ့"





စောဂျိမ်းက မှဆိုးပီပီလျင်မြန်သည်။ ကိုတိုးစိန်နှင့်ပိုက်ချလိုက်လာသောကြောင့် မလိုအပ် ဘူးထင်၍သေနတ်မယူခဲ့သော်လည်း ယခုလိုအန္တရာယ်နှင့် ကြုံလာရသောအခါ နီးရာလက်နက်ကို ကောက်ကိုင်လိုက်သည်။ ဘောက်တူဝမ်းထဲက ဘောက်ချိတ်ကြီးဖြစ်သည်။ဘောက်ချိတ်ဆို သည်မှာ ငါးသလောက်ပိုက်ထောင်ရင်း ငါးမြင်းနှင့်တိုးမိပါက ငါးမြင်းကိုချိတ်ရန် အဖျားတစ်ဘက် တွင် ကောက်ထား၍တစ်ဘက်က ချွန်ထားသော အရှည်သုံးတောင်ခန့်ရှိသံချောင်းကြီးဖြစ်သည်။

"တိုးစိန်တိုးစိန်"

"ဟော"

"ပိုက်ကိုဆွဲတင်လေ"

"မိချောင်းကြီးကပိုက်ထဲမှာဝင်တိုးနေတာကွ၊ ဆွဲလို့ဖြစ်ပါ့မလား"

"ဟာ ဒီကောင်တွေက အားကြီးတာပဲ၊ ဒါလောက်ဆိုရင် မင်းပိုက်တွေပြတ်ထွက်ကုန်ရောပေါ့"

ထိုအခါကြမှ ကိုတိုးစိန်က မဝံ့မရဲနှင့် ပိုက်ကိုဆွဲတင်သည်။ ပိုက်ကတဖြည်းဖြည်းပါလာသည်။ ငါးကတော့တစ်ကောင်မျှပါမလာတော့။ ကိုတိုးစိန်ပိုက်ကိုဆွဲတင်နေချိန်တွင် ရေပြင်ပေါ်မှနီနီရဲရဲအလုံးကလေးနှစ်လုံး ။ တရွေ့ရွေ့နှင့် ဘောက်တူနားကိုကပ်လာသည်။ ကိုတိုးစိန်က ပိုက်ကို ဆွဲတင်နေသောကြောင့် သတိမထားမိ။ စောဂျိမ်းကမြင်သည်။

(၃)ကိုက်အကွာလောက်ရောက်သည်နှင့် စောဂျိမ်းကကုန်လွှဲကာ ဘောက်ချိတ်အချွန်နှင့် ပစ်ထည့်လိုက်သည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကလေးနှစ်ခုကြားသို့ချိန်ကာ ပစ်ထည့်လိုက်သော်လည်း ဘောက်တူ လှုပ်နေသောကြောင့် ပစ်မှတ်ကိုတည့်တည့်မရောက်နေရာလွဲသွားသည်။

သို့သော် "ဒုတ်" ကနဲအသံနှင့်အတူ ဝေါကနဲမြည်ကာ ခေါင်းကြီးက နောက်ကိုလန်တတ်သွား၍ (၃)ပေခန့် အပေါ်ကို မြောက်ကာရေထဲသို့ ဝုန်းကနဲအောက်ပြန်ကျသွားလေသည်။ ခေါင်းကြီး နောက်ကို လန်တတ်သွားချိန်တွင် အောက်မေးရိုးနှင့် ဝမ်းဗိုက်ဖြူဖြူကြီး ကို လရောင်နှင့် တွေ့လိုက်ရတော့သည်။

ရေပြင်ကပြန်လည်ငြိမ်သက်သွားသည်။ မိုးကတော့ တဖွဲဖွဲရွာ ဆဲ။ ကိုတိုးစိန်၏ ပိုက်များအားလုံး ဘောက်တူပေါ်ရောက်နေပြီဖြစ်သည်။

"ကဲ-ကိုတိုးစိန်ပြန်ကြမယ်"

"မိချောင်းကြီးတော့ အထိနာသွားမယ်ထင်တယ်ကွ၊ မင်းဘောက်ချိတ်နဲ့ပစ်လိုက်တာ "ဒုတ်" ကနဲအသံတောင်ကြား လိုက်ရတယ်"

"အထိတော့နာမယ်၊ဒါပေမယ့် မသေနိုင်ဘူးကွ၊အထိနာသွားတဲ့ ကောင်တွေဟာအနာခဲခဲ တတ်တယ်၊ ငါမပြန်မီ နောက်တစ်ပွဲတွေ့ ကြတာပေါ့ကွာ"

လရောင်နှင့်အတူ ဘောက်တူကိုရွာဆီကို လှော်လာခဲ့သည်။ ရွာနားရောက်သည်အထိ ကိုတိုးစိန်နှင့် စောကျိမ်းတို့ စကားမပြောမိကြ၊ စောကျိမ်းက-

"တိုးစိန်ငြိမ်လှချည်လားကွ၊ ဘာတွေစဉ်းစားနေတာလဲ"

"ငါ့ပိုက်တွေ တော်တော်များများပြဲသွားလို့ ပိုက်ပြန်ဖာရရင် ကုန်ရမယ့်ကိစ္စကိုတွေးနေတာပါကွာ"





"ဒါပေမယ့်၊ ဒီနေ့ ငါးတော်တော်ရတာပဲကွ၊ ဘောက်တူ အကန့်(၃)ကန့်လုံး အပြည့်ပဲဟာ"

"အေး- အဲဒါကြောင့် တော်သေးတာပေါ့ကွာ၊ ပိုက်တွေသာ မပြဲရင် ဒီနေ့တော့ နေ့တွက်ကိုက်ပြီလို့ တွက်ထားတာ"

"အေး- မင်းအတွက် နေ့တွက်မကိုက်ပေမယ့် ငါ့အတွက်က တော့ ကုန်းမှဆိုးဟာ ရေမှဆိုးနဲ့တွေ့လို့ အတွေ့အကြုံရတယ်ဟေ့၊ မင်းတို့ရွာက မပြန်မီတစ်ပွဲတစ်လမ်းတော့ တွေ့ချင်သေးတယ်ကွာ"

ကိုတိုးစိန်ကတော့ သူ့အတွေးနဲ့သူ ဘောက်တူကိုသာ ကျုံးလှော်နေသည်။ မှိတ်တုတ်မှိတ်တုတ် အလင်းရောင်နှင့် ရွာကလေး ကတော့ စောင့်မျှော်လျက်။

မောင်မြင့်မား(ဘိုကလေး)

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



# အောင်ပွဲခံသော ညတစ်ည

မောင်မြင့်မား( ဘိုကလေး)





အမည်က ကိုကောက်ချိတ်။

အသားဖြူဖြူပိန်ပိန်ပါးပါး။ သို့သော် သွက်လက်သန်မာသည်။ ထင်းခုတ်၊ လယ်လုပ် လုပ်ကိုင်နေသော်လည်း မည်းမည်းသဲသဲမဟုတ်။ အလုပ်ကြမ်းသမားဟုမထင်ရ။ ကိုကောက်ချိတ်ဆိုသော နာမည်နှင့်လည်းတခြားစီ ဖြစ်သည်။ ရွာထဲမှ သူ့အကြောင်း အတွင်းသိ၊ အစင်းသိလူများက ကိုကောက်ချိတ်ဆိုတာ အင်မတန်စိတ်ကောက် တတ်သောကြောင့် နေသင့်နံသင့်မဟုတ်၍ အရပ်ခေါ် ခေါ်ရင်း တွင်သွားသောနာမည် ဖြစ်ကြောင်းသိရသည်။

ထိုစိတ်ကောက်တတ်သော အကျင့်ကြောင့်လည်း ကိုကောက်ချိတ်ကြမှာငင်ရခြင်း ဖြစ်သည်။ ကိုကောက်ချိတ်က ကွမ်းသီးချောင်းရွာသား။ သူ့ပိုင်လယ်(၁၀) ကေရှိသည်။ လယ်(၁၀)ကေကိုထွန်ယက်၍ဇနီးနှင့် သားသမီးနှစ်ယောက်ကို လုပ်ကျွေးနေသော်လည်း လယ်နားချိန်တွင် ထင်းခုတ်၍(ကပ်ခြမ်း)ခွဲကာ ရောင်းလေသည်။ (ကပ်ခြမ်း)ဆိုသည်မှာ ဒေသအခေါ်ဖြစ်၍ ကနစိုပင်ကိုခုတ်လှဲ၍ တစ်တောင်ခန့်အပိုင်းများဖြတ်သည်။ ထိုအပိုင်းများကို ပုဆိန်နှင့်ခုတ်၍ တမိုက်၊ တမိုက်သာသာအခြမ်းများခြမ်းကာ ထင်းအဖြစ်ရောင်း ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကနစိုပင်ခုတ်ရန် မိန်းမလှကျွန်း၊ ကျွန်းညိုကြီး၊ ထင်းတောကြီးများသို့သွားတိုင်း အဖော်အဖြစ် ယောက်ဖတော်သူ အောင်ထူး ကလိုက်ပါနေကြဖြစ်သော်လည်း ယခုအခေါက်တွင် ထင်းခုတ်ရန် အောင်ထူးကိုခေါ်ရာ အောင်ထူးက ဘိုကလေးမြို့တွင် ပွဲသွားကြည့်ရန် ကာလသားများနှင့် အဖော်စပ်ထားသောကြောင့် ကိုကောက်ချိတ်အဆိုကို ငြင်းပယ်သည်။ ပွဲကြည့်ပြီးပြန်လာမှ ထင်းသွားခုတ်ရန် အောင်ထူးက ပြောသော်လည်း ကိုကောက်ချိတ်က စိတ်ကောက်ကာ မင်းမပါလည်း ဖြစ်တယ်ဟူသောသဘောဖြင့် တစ်ယောက်တည်း ထွက်လာခဲ့ခြင်းဖြစ်သည်။

ထိုစိတ်ကောက်ခြင်းက ကိုကောက်ချိတ်ကို သင်ခန်းစာပေးလိုက်ခြင်းဖြစ်သည်။ သင်ခန်းစာကို ကိုကောက်ချိတ်တွေးမိပုံတောင်မရလိုက်၊ ကိုကောက်ချိတ်က ကျွန်းညိုကြီးတောထဲတွင် ကျားကိုက်ခံရ၍ သေဆုံးသွားရသည်။

◆ ◆ ◆ ◆ ◆





စောဂျိမ်းက မော်တော်ကားမောင်းသမားကို အကူအညီတောင်းကာ ပိုက်ချနေသော လှေတစ်စီးသို့ အနီးသို့ ကပ်ခိုင်းလိုက်သည်။ မော်တော်ကားပေါ်မှ လှေပေါ်သို့ဆင်းလာသော စောဂျိမ်းကို မြင်လိုက်သည်နှင့် ကိုတိုးစိန်က ဝမ်းသာအားရ လှမ်းအော်လိုက်သည်။

"ဟေ့ စောဂျိမ်း"

"ဟေး ခွေးမသားတိုးစိန်"

"ခွေးကောင် ပျောက်ချက်သားကောင်းနေလိုက်တာ ငါ့မိန်းမကတောင် တလောက မင်းအကြောင်းပြောနေသေးတယ်"

"ငါးသလောက်ဆားနယ်ကလေး မစားရတာကြာလို့ လာတာဟေ့"

"ဟာ ··· အတော်ပဲ မင်းလာတုန်း ကျွန်းညိုကြီး တောထဲမှာ ကျားတော်တော် သောင်းကျန်းနေတယ်ကွ၊ ထင်းခုတ်သမားတွေတောင် ကျွန်းပေါ်ကို မတက်ရဲဘူးဖြစ်နေတယ်။ သတင်းကြားလို့လာတဲ့ မုဆိုးတွေလဲ နတ်ကျားထင်ပြီး မပစ်ရဲကြလို့ ပြန်သွားကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ… ဟုတ်ကော ဟုတ်လို့လား"

"ငါလဲ မသိပါဘူးကွာ ပြောကြတာပဲ။ တဲကိုရောက်မှ အဲဒီအကြောင်းအေးအေးဆေးဆေး ပြောကြတာပေါ့ကွာ။ အခုငါ ရေပိုက်သိမ်းလိုက်ဦးမယ် ရေတော်တော်ကျသွားပြီကွ"

ကိုတိုးစိန်က စောကျိမ်းရောက်လာသောကြောင့် ငါးသလောက်ပိုက်ကို ခပ်သွက်သွက်သိမ်းကာ တဲသို့အပြင်းလှော်လာခဲ့သည်။ လှေထဲတွင်တော့ ငါးသလောက်များကအပြည့်။ တဲကိုရောက်သည်နှင့် ကိုတိုးစိန်က ဇနီးသည် မပုတင်အား လှေကိုအပ်လိုက်သည်။ မပုတင်က စောကျိမ်း ပါလာသောကြောင့် ဝမ်းသာနေသည်။

"ပုတင်ရေ နင်ကြည့်လုပ်လိုက်ပါတော့ဟာ…စောကျိမ်းအတွက်ပါ စားဖို့သောက်ဖို့ စီစဉ်လိုက်ဦးမယ်"

"ကောင်းပြီ ကောင်းပြီဟဲ့—ကိုတိုးစိန်ငါးရန့်ခြောက် တစ်တွဲကျပ်ခိုးစင်ပေါ်မှာရှိတယ်"

"အေးအေးကောင်းတယ်"

အိပ်ခန်းနှင့် ဧည့်ခန်းခွဲခြားမရသော တဲပေါ်တွင် စောကျိမ်းကိုနေရာချပေးလိုက်သည်။ ပြီးနောက် မီးဖိုချောင်တွင် ကိုတိုးစိန်တစ်ယောက်အလုပ်ရှုပ်နေသည်။ ခဏကြာတော့ ကိုတိုးစိန် ပြန်ထွက်လာသည်။ ရေနွေးခရားတစ်လုံး၊ အကြမ်းပန်းကန်နှစ်လုံးနှင့် အမြည်းပန်းကန်များ။

"စောကျိမ်း ထမင်းကတော့ အေးအေးဆေးဆေးမှ စားကြတာပေါ့ကွာ၊ ခနီရည်နှင့် အမြည်းကတော့ ဒါကငါးရန့်ခြောက်ဖုတ်၊ ပုဇွန်ခြောက်သုပ်၊ ဒါက ငါးသလောက်ကြော်၊ဘယ်နှယ့်လဲ သဘောကျရဲ့လား"





"ဟာ…ဘယ်နှယ့်ပြောပါလိမ့်ကွာ…ခနီရည် မသောက်ရတာကြာ ပဟေ့၊ မင်းဉစ္စာက ခနီရည်ကို ရေနွေးခရားကြီးနဲ့ထည့်လိုဘယ်လိုကြီးလဲ"

"ဟာ… ဒီမုဆိုးကလည်း တော်တော်ခက်ပါလား၊ တို့တံငါထဲမှာ ထည့်စရာရှားလို့ပေ့၊ ဒီရေနွေးခရားတစ်လုံးပဲ လိုသလိုသုံးနေရတာဟေ… ဟုတ်ပြီလား"

"ဩော်…အေးအေး မသိလို့ပါကွာ၊ ကဲကဲ ခနီရည်သောက်ကြရင်း ဟေ့ပေါ်ကအကြောင်းလေး ဆက်ပါဦး"

"ဒီလိုကွ၊ ကွမ်းသီးချောင်းရွာက ကိုကောက်ချိတ်က ကျွန်းညိုကြီးတောထဲမှာ ထင်းခုတ်ရင်း ကျားဆွဲခံလိုက်ရတယ်၊ ကျွန်းညိုကြီးတို့မိန်းမလှကျွန်းတို့ဆိုတာ တောကောင်းပြီးတော့ကျား ရှိတယ်ဆိုတာတို့လက်ထက်မှာ တစ်ခါမှ မကြားဖူးဘူး။ တို့မိဘများလက်ထက်ကတော့ ကျားတင်မဟုတ်ဘူး၊ ဆင်တောင်ရှိတယ်လို့ ပြောဖူးတယ်၊ ကိုကောက်ချိတ်ဖြစ်ပြီးနောက်ပိုင်း ကျွဲတစ်ကောင်နဲ့ ဆတ်တစ်ကောင်အဆွဲခံလိုက်ရတယ်၊ ထင်းခုတ်သမားအတွက် ကျားတွေ့တဲ့ လူတွေ၊ ကျားဟိန်း သံကြားတဲ့ လူကြားနဲ့ အခုဆိုရင် ထင်းခုတ်သမားတွေတောင်တောထဲကို မဝင်ရဲကြဘူးဖြစ်နေ တယ်"

"နတ်ကျားဆိုတာက်ကောကွာ"

"ကိုကောက်ချိတ်ကျားဆွဲခံရပြီး နှစ်ပတ်လောက်ကြာတော့မုဆိုးတစ်ဖွဲ့လာကြတယ်ပြောတယ်၊ တောထဲမှာ တစ်ပတ်လောက်ကြာတဲ့အထိ ကျားဟိန်းသံပဲကြားရပြီး ကျားကို မတွေ့တဲ့အပြင် ကျားက သူတို့အဖွဲ့ကို ပြန်ချောင်းတဲ့ ခြေရာတွေတွေ့လို့ နတ်ကျားဆိုပြီး



www.burmeseclassic.com

ပြန်သွားကြတယ် ကြားတာပဲ"

စောဂျိမ်းနှင့် ကိုတိုးစိန်က ကျောင်းနေဘက်သူငယ်ချင်းတွေ၊ အသက်က နှစ်ဆယ်ကျော် အရွယ်၊ စောဂျိမ်းက ဝါသနာအရ သူ့ဆရာ မုဆိုးကြီးဦးတက်ခေါင်နှင့် တောလိုက်ထွက်ရင်း မုဆိုးဖြစ်လာသူ။ ထို့ကြောင့် မုဆိုးအတွေ့အကြုံတော့ နည်းသေးသည်။

"အဲဒီတော့ ငါက အဲဒီကျားကို ပစ်ပေးရမယ်ဆိုပါတော့"

"အေးပေါ့"

"ငါ့မှာ ဟင်းမျိုး(ကျား)ပစ်တဲ့ အတွေ့အကြုံကနည်းသေးတယ်ကွ၊ မှတ်မှတ်ရရ ငါလူပျို အရွယ်တုန်းက လယ်စေးဘက်မှာ ဟင်းမျိုးတစ်ခါပဲပစ်းဖူးတယ်၊ ဒါကလဲ တစ်ယောက်တည်း မဟုတ်ဘူး၊ ငါ့ဆရာ ဦးတက်ခေါင်နဲ့ အဖွဲ့တွေပါတယ်"

"အဲဒီတော့ မင်းကမပစ်ရဲဘူးလား"

"ပစ်ရဲပါတယ်"

"ဒါဆိုရင်ပစ်ပေါ့ကွ"

"အန္တရာယ်များတယ်ကွ၊ ဟင်းမျိုးဆိုတာ တောမုဆိုး အဆင်မသင့်ရင် မုဆိုးက သားကောင်ဖြစ်သွားနိုင်တယ်"

"အဲဒီတော့"

"အဖော်လိုတယ်ကွ၊ မင်းလိုက်ခဲ့ပါလား။ မင်းလည်း တောပစ်အတွေ့အကြုံရှိတာပဲ၊ အဆင်ပြေရင် တခြားဟင်းစားကောင်တွေလည်း ရတာပေါ့"

"အေးဒါဆိုရင် ကောင်းတယ်"

"ကဲကဲ...မနိရည်လဲသောက်၊ အမြည်းလည်းစား တစ်ရက်





နှစ်ရက်တော့ ငါ့ဆီမှာနားပါဦးကွာ၊ ကျွန်းညိုကြီးက သူကြီးနဲ့ ငါနဲ့ခင်ပါတယ်၊ လာမယ်ဆိုရင် စာရေးပြီး အကြောင်းကြားလိုက်ပါမယ့်"

စောဂျိမ်းက ကိုတိုးစိန်ဆီကို မရောက်တာကြာ၍ နှစ်ရက်လောက်နေပြီးမှ နံနက်စောစောတွင် ကိုတိုးစိန်လှေကလေးနှင့် ကျွန်းညိုကြီးသို့ ထွက်လာခဲ့ကြသည်။ ကိုတိုးစိန်တို့ရွာမှ တစ်နာရီလောက်လှော်လာပြီးမှ မြစ်ကျယ်ကြီးကိုရောက်သည်။ မြစ်ကြီးကို တစ်နာရီလောက်မှ ကျွန်းညိုကြီးကို ရောက်သည်၊ သို့သော် ရွာကိုမရောက်သေး။ ချောင်းကလေးအတိုင်း (၁)နာရီလောက် လှော်မှ ရွာကိုရောက်လာတော့သည်။

ကိုတိုးစိန်က စာရေးကာ အကြောင်းကြားထားသောကြောင့် သူကြီးနှင့် ရွာသားများက အသင့်စောင့်ကြိုနေကြသည်။ ကျွန်းညိုကြီးသည် မြစ်ဝကျွန်းပေါ် ဒီရေရောက်သစ်တောဖြစ်သောကြောင့် လမု၊ ကနစို၊ မဒမ၊ ကန့်ပလာ၊ ကြွတ်နံ၊ မြင်းကာ၊ ဗျူးစသည့် သစ်ပင်များရှုပ်ထွေးကာ ပေါက်လျှက်ရှိသည်။

"မောင်တိုးစိန်မင်းဆီက စာရလို့ တို့က မုဆိုးတော့ပါလာပြီဆိုပြီး ဝမ်းသာနေကြတာ၊ ဒါပေမယ့် ညကကျွဲတစ်ကောင်ထပ်ဆွဲသွားသေးတယ်၊ အဆွဲခံရတဲ့ သူကမုဆိုးမဖြစ်နေတယ်၊ သူမှာ ယောကျ်ားဆုံးလို့ အားကိုးရာမဲ့နေတာ၊ နိုင်းကျွဲတစ်ကောင်ပါသွားတော့ ပိုဆိုးတာပေါ့ကွာ"

သူကြီးအိမ်တွင် ရေနွေးကြမ်းထိုင်သောက်ကြရင်း စောဂျိမ်းက သူသိလိုသည့် အချက်များကို ရွာသားများနှင့် သူကြီးအားမေးကာ ခေါင်းတစ်ညိတ်ညိတ်နှင့် နားထောင်နေသည်။ လောလောလတ်လတ်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကျားဆွဲသွားသော မုဆိုးမ၏တဲနှင့် ကျွဲများထားရာ နေရာကို စောဂျိမ်းက လိုက်ပြနိုင်သည်။ အမြဲတမ်းစွတ်စိုနေသော မြေဖြစ်၍ ကျွဲတင်းကုတ် ပတ်ဝန်းကျင်တွင် ကျားခြေရာများ ရှုပ်ယှက်ခတ်နေသည်။

ကျွဲကို ကိုက်ချီ၍ဆွဲသွားသောစွတ်ကြောင်းကြီးကို အတိုင်းသား တွေ့ရသည်။ လမုတော၊ ဆင်ပေါင်တော၊ ကျူတောများအတိုင်းကိုက် (၅၀၀)လောက်အထိ ကွေ့ကွေ့ကောက်ကောက် လမ်းကြောင်းကြီး ဖြစ်သည်။ ခြေရာခံမိပြီဖြစ်သော်လည်း စောဂျိမ်းနောက်မှ သူကြီးအပါ အဝင် ရွာသားများ ၁၄/၅ ယောက်ခန့် တစ်ကောက်ကောက် လိုက်နေသဖြင့်-

"ကဲ-သူကြီး၊သူကြီးအိမ်ကိုပြန်ရအောင်၊ အိမ်ရောက်မှ အေးအေးဆေးဆေးစကားပြော ကြတာပေါ့"

သူကြီးအိမ်သို့ ရောက်သောအခါ လူစုကွဲသွားသည်နှင့် စောဂျိမ်းက-

"သူကြီးဟင်းမျိုး( ကျား)ကိုတော့ လောလောလတ်လတ် ခြေရာခံမိနေပြီ၊ နေမစောင်းမီ ဒီကောင်ကြီးနောက်လိုက်ချင်တယ်၊ ဒါပေမယ့် ကျွန်တော်က ဒီနယ်သားမဟုတ်တော့ တောမကျွမ်းဘူး။ အဲဒီတော့ တောလည်းကျွမ်းရမယ်၊အမဲလည်းလိုက်ဘူးတဲ့ ရွာသားနှစ် ယောက်လောက် အဖော်လိုတယ်၊ အဆင်မသင့်ရင် တောထဲမှာ ညအိပ်ရင်လဲအိပ်နိုင်မယ့်လူနှစ်ယောက်လောက်ပေါ့"

"မုဆိုးလေးက ဒီနေ့မှရောက်တာ နားပါဦးလား။ နောက်နေ့မှ အေးအေးဆေးဆေးတော ထဲဝင်ပါလား၊ မုဆိုးပြောတဲ့ လူနှစ်ယောက် လောက်က အဆင်သင့်ရှိပါတယ်"





"ရန်သူဆိုတာ ခြေရာခံတုန်းလိုက်တာ အကောင်းဆုံးပဲ၊ အချိန်ကြာရင် ခြေရာပျောက်သွားနိုင်တယ်၊ အချိန်ဆွဲနေလို့ မဖြစ်ဘူး၊ ဒီညနေပဲထွက်ကြမယ်"

"ကောင်းပြီကျွန်တော်တို့လည်း လိုအပ်တာတွေ ပြင်ဆင် လိုက်ဦးမယ်"

သူကြီးထည့်ပေးလိုက်သော နယ်ခံနှစ်ယောက်က စံနက်ကျော် နှင့် ဦးအောင်မြိုင်ဖြစ်သည်။ စံနက်ကျော်ကလူငယ်၊ စောဂျိမ်းတို့နှင့် ရွယ်တူဖြစ်သည်။ သုတ်ကိုင်းထောင်၊ တောဝက်ထိုး၊ ယုန်လိုက်စသည့် ဟင်းစားရသည့် အလုပ်မျိုးအကုန်လုပ်သည်။ တောကျွမ်းသည်။ ဦးအောင်မြိုင်က ဒူးလေးတစ်လက်နှင့် ဝါသနာအရ အမဲလိုက်သူဖြစ် သည်။ တောကောင် ကြီးကြီးမားမားပစ် ဖူးသူမဟုတ်၊ အထူးသဖြင့် ဟင်းမျိုး(ကျား)ကို လုံးဝပစ်ဖူးသူမဟုတ်ပေ။

စောဂျိမ်းက သူ့ရည်ရွယ်ချက်အတိုင်း ဟင်းမျိုးကကျွဲကိုကိုက်ချီ သွားသော စွတ်ကြောင်းကြီး အတိုင်းလိုက်ရန် စံနက်ကျော်နှင့် ဦးအောင်မြိုင်ကိုပြောလိုက်သည်။ သူတို့ကလည်း သဘောကျသည်။ လမုတော၊ ကျူတော၊ သင်ပေါင်းတောအတိုင်း ကွေ့ကွေ့ကောက်ကောက် နှင့် ခြေရာခံလိုက်လာခဲ့ကြသည်။

ကျွဲတစ်ကောင်လုံးကို ကိုက်ချီကာ ခရီးရှည်ကြီးကို သယ်ယူ လာသော ဟင်းမျိုးကြီးသည် အတော်သန်မာထွားကြိုင်းပုံရမည်ဟု စောဂျိမ်းတွေးမိသည်။ စွတ်ကြောင်းကြီးက အတော်ကြီးသော သင်ပေါင်းတောကြီးအရောက်တွင် ခြေရာလျောက်သွားသည်။ သင်ပေါင်းတောကြီးက တမျှော်တခေါ်ကြီးဖြစ်သည်။စောဂျိမ်းက



www.burmeseclassic.com

www.burmeseclassic.com



သင်းပေါင်းတောကြီးကို ကြည့်ကာ စဉ်းစားနေသည်။

ကိုတိုးစိန်က-

“စောဂျိမ်း ဘာဆက်လုပ်ကြမလဲ”

“အေးကွ၊ ငါလည်းစဉ်းစားနေတာ၊ ဒီသင်ပေါင်းတောကြီးကိုတိုးလို့ကတော့ ငါတို့ဟင်းမျိုး ရဲ့အစာဖြစ်သွားနိုင်တယ်၊ သင်ပေါင်းပင်ကဆူးတွေကလည်း ငါတို့ကို ဒုက္ခပေးဦးမယ်၊ တောက ပြွတ်သိပ်ကျပ်နေတော့ အန္တရယ်များတယ်”

စံနက်ကျော်က-

“မှဆိုးလေး၊ ဒီကောင်ကြီးဒီထဲမှာ အကြာကြီးမနေနိုင်ဘူး ထွက်လာဦးမှာပဲ၊ ထွက်လာမှ စောင့်ပစ်တာ ကောင်းမယ်၊ ဒီကောင်ကြီးအထွက်ကို စောင့်ရင်း ကျွန်တော်တို့လည်း ဟင်းစားတွေ ရှာကြတာပေါ့”

“အဲဒါကောင်းတယ်၊ ဒါပေမယ့် ကျွန်တော်တို့က ဒီဘက်ကစောင့်နေတုန်း သူကဟိုဘက် ကထွက်သွားရင်ရော၊”

“အဲဒါတော့မပူပါနဲ့ သင်ပေါင်းတော ဟိုဘက်မှာမြစ်ပဲရှိတယ်၊ ဒီဘက်က ထွက်ကိုထွက်ရမယ်၊ မုဆိုးလေး”

“ဒါဆိုပြီးရော”

“ကျွန်တော်မနေ့က ကတည်းက ဒီတောထဲမှာသုတ်ကိုင်း ၃-၄ခုထောင်ထားတာရှိတယ်၊ အဲဒါတွေ လိုက်ကြည့်ရင်း လမ်းမှာတွေ့တဲ့အကောင်ပစ်ကြတာပေါ့”

“ကောင်းတယ်၊ သွားကြမယ်၊ ခင်ဗျားတို့ အမြဲတမ်းတော့ သတိရှိပစေနော်၊ အန္တရာယ်က လက်တစ်ကမ်းမှာဆိုတာ စဉ်းစားထားပါ၊ ဟင်းမျိုးက သိပ်ပါးနပ်တယ်၊”





“စိတ်ချပါ၊မုဆိုးလေး”

လမု၊ ကနစို၊ ကြွတ်နံ့၊ ကန့်ပလာ၊ မြင်းက၊ ဗျူးပင်များ ရှုပ်ယှက်ခတ်အောင်ပေါက်နေသော တောအတိုင်း သတိကြီးစွာဖြင့် လျှောက်လာကြသည်။ မျောက်လွဲကျော်များက စောဂျိမ်းတို့ကို မြင်သောကြောင့် ဆူဆူညံညံအသံပေးကာ တစ်ပင်မှ တစ်ပင်သို့ ကူးပြေးသွားကြသည်။ အောက်ခြေက တစ်ချို့နေရာကရေစက်စက်၊ တချို့နေရာက ခြေမျက်စိရေမြှုပ်၊ တချို့နေရာက အတော်ရှားသည်။

တောကြက်တစ်ကောင်တလေ ဖြတ်ပြေးသည်မှအပ သားကောင်ကြီးကြီးမားမားတစ် ကောင်မျှ မတွေ့ရသေး။ ကျေးငှက်သာရကာများ၏အော်သံက တစ်တောလုံးဆူညံနေသည်။ စံနက်ကျော်က သူသုတ်ကိုင်းထောင်ထားသောနေရာကို ဦးဆောင်ကာ ရှေ့ကသွားနေရင်း တစ်နေရာအရောက်တွင်-

“ဟာ…”

စံနက်ကျော်က တုန့်ကနဲရပ်သွားကာ အံ့အားသင့်နေသည်။ မြင်လိုက်ရသောအနေအအ ထားကသုတ်ကိုင်းတွင်တောဝက်တစ်ကောင် မိထားသည့်အနေအထား။ သို့သော်တောဝက်က ဝမ်းဗိုက်ပေါင်းလောင်း ဖြင့်ခြေထောက်တစ်ချောင်းကမရှိတော့။ ခြေထောက်တစ်ချောင်းက သုတ် ကိုင်းမှာတန်းလန်းဖြစ်သည်။ စံနက်ကျော်က…

“ကျွန်တော်သုတ်ကိုင်းထောင်လာတာကြာပြီ၊ တစ်ခါမှ ဒါမျိုး မကြုံဖူးဘူး။”

စောဂျိမ်းက ပတ်ဝန်းကျင်တွင် ရှုပ်ယှက်ခတ်နေသော ခြေရာများကိုကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"စံနက်ကျော် ခင်ဗျားကဘာယ်လိုထင်လို့လဲ"

"လူတော့မဖြစ်နိုင်ဘူး။ လူဆိုရင်တော့ တောဝက်ကိုခုတ်ထစ်ပြီး ထမ်းသွားမှာပေါ့။ သတ္တဝါတစ်ကောင်ကောင် ကိုက်စားထားတာ ဖြစ်နိုင်တယ်"

"ဘာကောင်ဖြစ်နိုင်လဲ"

"မသိဘူးမုဆိုးလေး"

"ဟင်းမျိုးဗျ"

"ဗျာ. . ."

ဦးအောင်မြိုင်ရော ကိုတိုးစိန်ပါအံ့အားသင့်သွားကြသည်။

"ဒါဆိုရင်ကျွဲကိုဆွဲသွားတဲ့ အကောင်နဲ့ဒီတောဝက်ကိုကိုက်တဲ့ အကောင်နဲ့က. . .။"

"တစ်ကောင်စီလဲဖြစ်နိုင်တယ်၊ တစ်ကောင်ထဲလဲဖြစ်နိုင်တယ်"

"ဒီတောဝက်ကိုကိုက်တဲ့အကောင်က ဟင်းမျိုးဆိုတာ မသေချာရဲ့လား မုဆိုးလေးရဲ့"

"ဒီမှာကြည့်ဗျ"

တောဝက်သေကောင်အနီးရှုတ်ယှက်နေသော ခြေရာများထဲမှ ထင်ထင်ရှားရှားခြေရာတစ်ခု ကိုစောကျိမ်းကလက်ညှိုးထိုးပြသည်။

"ဒီမှာကြည့် ရှေ့မှာအခွက်ကလေး လေးခွက်နဲ့ နောက်က အခွက်ကြီးတစ်ခွက် ထင်ကျန်နေတဲ့ ခြေရာဟာဟင်းမျိုးခြေရာပဲ။ ခြေရာအကျယ်က ၅ လက်မ ကျော်ကျော်လောက်ဆိုတော့ ၇ တောင် ဝန်းကျင်လောက်ရှိတဲ့ ကျား(ဟင်းမျိုး)ဖြစ်နိုင်တယ်။ တောဝက်ခြေရာနဲ့ တခြားစီပဲ"





"မုဆိုးလေးကတော်သဗျာ"

"မတော်နဲ့ဦးဗျ။ ဟင်းမျိုးကိုရမှတော်တယ်ပြော၊ အခုအချိန် ရှိသေးတယ်။ ဒီနားကစောင့်ပြီး ပစ်ရင်ရနိုင်တယ်။ မှောင်ရင်လဲမှောင် သွားနိုင်တယ်။ ခင်ဗျားတို့ဖြစ်ပါ့မလား"

"ဖြစ်တယ်စောကျိမ်း"

"ဒါဆိုရင် လင့်လုပ်ကြရအောင်"

စောကျိမ်းကပတ်ဝန်းကျင်မှ သစ်ပင်အနေအထားများကို လေ့လာလိုက်သည်။ အပင်ကြီးများသိပ်မရှိပဲ သစ်ကိုင်းသစ်ခက်များ ရှုတ်နေသော အပင်များသာတွေ့ရသည်။ ဦးအောင်မြိုင်က တစ်နေရာကို လက်ညှိုးထိုးပြလိုက်ပြီး

"စောကျိမ်း ဒီကနေ စိုးပင်ကြီးခွကြားမှာဆိုကောင်းမလား"

"ကြားမှာလမုပင်ပေါက်တွေရှိနေတော့ ကွယ်နေမလားလို့"

"အဲဒီအပင်တွေခုတ်ပစ်လိုက်မယ်ကွာ"

"ဒါဆိုရင်ရတယ်"

လေးယောက်သားက ကနစိုကိုင်း၊ မဒမပင်၊ ကြိမ်ပင်တို့ဖြင့် ပေ(၂၀)အမြင့်လောက်ရှိ ကနစိုပင်ကြီးခွကြားတွင် (၁)နာရီအတွင်းလင့် ဆောက်လိုက်ကြသည်။ ပြီးချိန်ကမှောင်ရီသန်းနေပြီ။ ပါလာသော ထမင်းထုတ်နှင့် ရိက္ခာခြောက်များကိုခပ်သုတ်သုတ်စားပြီး ကနစိုပင်ကြား သို့ လေးယောက်သားတက်လာခဲ့ကြသည်။

ဖားတလက်သံပုရစ်သံများက ဆူညံနေသည်။ အမှောင်ထုက တဖြည်းဖြည်းကြီးစိုးလာ သည်နှင့်အမျှ ဝက်သေကောင်နေရာဟု အတော်အာရုံစိုက်ကြည့်မှသာ မြင်ရတော့သည်။ လင့်ပေါ်တွင်ကူ[illegible]ဝါး



www.burmeseclassic.com

www.burmeseclassic.com



သွဝါ၊ ဆေးလိပ်ဖွာသူဖွာနှင့် အချိန်ဖြုန်းနေကြသည်။

"ဖျောက်...ဖျောက်"

စောဂျိမ်းက ကွမ်းဝါးနေရင်း အဝါးရပ်လိုက်ကာငြိမ်၍ နားထောင်လိုက်သည်။ ထို့နောက် လေသံတိုးတိုးဖြင့်

"လာပြီထင်တယ်၊ သစ်ကိုင်းခြောက်ကိုနင်းမိတဲ့အသံပဲ"

(၁၅)မိနစ်လောက်ငြိမ်၍နားထောင်နေသည်အထိ ဘာသံမျှ မကြားရတော့။ ဝက်သေကောင်နေရာကတော့ လှုပ်ရှားမှုမရှိ။ ခဏ အကြာတွင် မျောက်လွှဲကျော်များ စူးစူးဝါးဝါးအော်သံများကို တစ်တော လုံးဆက်တိုက်ကြားလိုက်ရပြန်သည်။

"ဒီနားတဝိုက်မှာရှိနေတယ် အသင့်လုပ်ထားနော်"

ပြောမည့်သာပြောရသည်။ လူလေးယောက်မှာ စောဂျိမ်း တစ်ယောက်သာအမဲပစ်သေနတ်ပါ၍ ဦးအောင်မြိုင်မှာ ဒူးလေးတစ်လက် သာရှိသည်။ ဒူးလေးကညအချိန်တွင် သေနတ်လောက် အားကိုးရသော လက်နက်မဟုတ်။

"တောက်...တောက်...တောက်...တောက်"

ကိုတိုးစိန်ကအိပ်ငိုက်နေရာမှ-

"စောဂျိမ်းဘာသံလဲ"

"ဘာသံထင်လို့လဲ"

"ဝါးခုတ်တဲ့အသံလားလို့"

"ညဘက်ကြီး ဒီတောထဲမှာ ဘယ်သူကဝါးလာခုတ်မှာလဲဗျာ။ ဒီတောထဲမှာ ဝါးပင်လဲ မတွေ့ပါဘူး"

"ဒါဆိုရင်..."





"ဒေါင်းတွေညဘက်ကိုတစ်ကောင်နဲ့ တစ်ကောင်အချက် ပေးတဲ့အသံဗျ။ ရန်သူကိုတွေ့လို့ အချက်ပေးတာမျိုးပေါ့"

တစ်တောလုံးတိတ်ဆိတ်သွားပြန်သည်။ ခန့်မှန်းခြေအားဖြင့် သန်းခေါင်နားရောက်တော့မည်ဖြစ်သည်။ လေးယောက်သားအတွေး ကိုယ်စီဖြင့် လင့်ပေါ်တွင်ထိုင်စောင့်နေကြဆဲ။ တောခြင်ရိုင်းကြီးများက လင့်ပေါ်အထိ တက်လာကာ တဝီဝီအသံပေးနေသည်။ ကိုယ်ပေါ်ကို နားလာ သောအကောင်များကို မရိုက်ရဲ၊ အသံကြားမည်စိုး၍ သပ်ချနေ ရသည်။

"ဖြုတ်...ဖြုတ်"

လင့်စင်အောက်မှ ထွက်လာသောအသံဖြစ်သည်။ ဝက်သေ ကောင်နေရာမှမည်သည့်အရိပ် အယောင်မှမတွေ့ရပဲ လင့်စင်အောက်မှ ထူးထူးခြားခြားအသံထွက်လာသောကြောင့် စောဂျိမ်းစိတ်ထဲတွင် သံသယတစ်မျိုးဝင်လာကာ (၅)တောင့်ထိုးလက်နှိပ်မီးဖြင့် အသံကြားရာ ဆီသို့မှန်းကာ ထိုးလိုက်သည်။

"ဟာ...."

ရဲရဲနီသောမျက်လုံးအစုံဖြင့် မီးရောင်ကိုမော့ကြည့်နေသော ဟင်းမျိုးကြီး။ စက္ကန့်ပိုင်းအတွင်း မီးရောင်အောက်မှ ရုတ်ခြည်း ပျောက်ကွယ်သွားသည်။

"ဒီကောင်က တို့ရှိတဲ့နေရာကိုသိလို့ တို့ကိုတောင် ပြန်ချောင်း နေတယ်ဟေ့"

(၂)မိနစ်လောက်အကြာတွင် ကိုက်(၃၀၀)အကွာလောက်သို့ ဝေါင်း...ဝေါင်း အသံပေးကာ ဒရောသောပါးတိုး၍ပြေးသွားသည်



www.burmeseclassic.com

www.burmeseclassic.com



အသံများကိုကြားလိုက်ရပြန်သည်။

“မြန်လိုက်တာကွာ ခဏခြင်းဟိုဘက်ကိုရောက်သွားတယ်။ ဟင်းမျိုးနဲ့တွေ့လို့ ချေ(ဂျီ) လန့်ပြေးသွားတဲ့အသံပဲ။ ဒီကောင်က အတော်ပါးနပ်တဲ့အကောင်ကွ၊ တို့ဒွဲရှိရှိနဲ့ စောင့်ရမယ်ဟေ့”

ဖါးဘာလက်သံနှင့် ပုရစ်သံများမှ အပတိတ်ဆိတ်သွားပြန်သည်။ စောဂျိမ်းကသေနတ်က တဘက်၊ လက်နှိပ်မီးကတဘက် ကိုင်ထား၍လက်များညောင်းကိုက်လာသောကြောင့် စံနက်ကျော်အားလက်နှိပ်မီးကိုပေးလိုက်သည်။ ဦးအောင်မြိုင်ထံမှ သက်ပြင်းချသံကို စောဂျိမ်းကကြားလိုက်ရသည်။ စောဂျိမ်းက သူ့ဆရာဦးတက်ခေါင် ပြောခဲ့ဖူးသောစကားတချို့ကို သတိရနေသည်။“မုဆိုးဆိုတာဖွဲရှိရတယ်ကွ၊ စိတ်ရှည်ရတယ်၊ အလောသုံးဆယ်မလုပ်ရဘူး။ ဆုံးဖြတ်ချက်ကို မြန်မြန်နဲ့ မှန်အောင်လဲဆုံးဖြတ်ရတယ်” ဆိုသောစကားပင်ဖြစ်သည်။ ဦးအောင်မြိုင်က မိမိထက်အသက်ကြီးသော မုဆိုးတစ်ယောက်ဖြစ်သော်လည်း စိတ်ရှည်ပုံမရဟု စောဂျိမ်းက သဘောပေါက်လိုက်သည်။

“ဗလပ်…ဗလပ်”

“ဂရာ…ဂရာ”

ဝက်သေကောင်ရှိသောနေရာမှလာသော အသံဖြစ်သည်။ ထိုနေရာမှရှိုးတိုးရှဲတိပ်လှုပ် ရှားမှုကိုလည်း စောဂျိမ်းကတွေ့နေရသည်။ အနားမှစံနက်ကျော်ကို စောဂျိမ်းကလက်ကုတ်လိုက်သည်။ ငါးတောင့်ထိုးလက်နှိပ်မီးရောင်က စူးရှစွာပြေးဝင်သွားသည်။ အစာဖြစ်သော တောဝက်ကို တစ်ကောင်တည်းဖြစ်သော်လည်း စားမာန်ခုတ်ကာ





စားနေသောဟင်းမျိုးကြီး။

စောဂျိမ်းကပစ်မှတ်ကိုချိန်ထားရာမှ အသက်အောင့်ကာ ခလုတ်ကိုဆွဲလိုက်သည်။ စူးရှကျယ်လောင်လှသော သေနတ်သံက တိတ်ဆိတ်ငြိမ်သက်နေသော တောတွင်းကိုထိုးဖေါက်သွားသည်။ သေနတ် သံနှင့်စက္ကန့်ပိုင်းလောက်သာကွာမည်။ စောဂျိမ်းအနီးမှ “ဒေါက် ဖလပ်” ဆိုသော အသံကိုကြားလိုက်ရသည်။

ဘေးတိုက်အနေအထားဖြင့် အစာမာန်ရစ်ကာ စားနေသော ဟင်းမျိုးကြီးကိုကျည်သီး ထိုးဖေါက်ဝင်ရောက် သွားသောကြောင့် “ဝေါင်း” ကနဲအသံပေးကာ(၃)ပေခန့် အပေါ်ကိုမြောက်တက်သွားတော့သည်။ “ဗုန်း”ကနဲပြန်ကျလာကာ ထိုနေရာတစ်ဝိုက်တွင် ပြောင်းဆန်နေတော့သည်။ စောဂျိမ်းက သူ့လက်ကိုသိပြီးဖြစ်၍ ကျည်ထပ်ဖြုန်းရန်မကျိုးစားတော့။ (၁၅)မိနစ်ခန့်မျှ လှုပ်ရှားနေပြီးမှ ဟင်းမျိုးကြီးကငြိမ်သက်သွားတော့သည်။

စောဂျိမ်းကလက်တွင် ပတ်ထားသောနာရီကို လက်နှိပ်ဓာတ်မီးနှင့်ထိုးကြည့်လိုက်သည်။ (၁)နာရီနှင့် (၁၅)မိနစ်တိတိ။ စံနက်ကျော်က

“အောက်ဆင်းကြည့်ရအောင်လား မုဆိုးလေး”

“ဘာအတွက်ကြည့်မှာတုန်း”

“ဟိုကောင်ကြီး သေမသေပေါ့”

“စိတ်ချပါဗျာ၊ ကျွန်တော့်လက်ကိုကျွန်တော်သိတယ်၊ လက်ပြင်အောက်နားကိုပစ်လိုက်တာပါ။ အဲဒီနေရာကိုထိသွားရင် ကျည်သီးက ကလီစာတွေကို မွှေနှောက်သွားလို့ကြာကြာမခံပါဘူး”

ဦးအောင်မြိုင်က



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လဲကြည့်ချင်သေးတယ်မုဆိုးလေး၊ ကျုပ်ဒူးလေးက ထိပ်မှာ အဆိပ်သုတ်ထားတယ်။ ဘယ်နေရာထိသွားတယ်ဆိုတာ သိချင်လို့ပါ"

"ဩော်ဩော် - ဟုတ်ပြီ၊ ဒါဆိုဆင်းကြည့်ရအောင်"

ဟင်းမျိုးကြီးက အသက်ပျောက်နေပြီဖြစ်သည်။ စောဂျိမ်းပြောသည့်အတိုင်း စောဂျိမ်းပစ်လိုက်သည့်ကျည်သီးက လက်ပြင်အောက်တစ်နေရာမှာပဲဖြစ်သည်။ ထိုနေရာမှ သွေးများတစိမ့် စိမ့်စီးကျနေသည်။ ဦးအောင်မြိုင်ပစ်လိုက်သော ဒူးလေးမြားကိုရှာမတွေ့။ သို့သော် မြေပြင်တစ်နေရာတွင် မြားတန်ကျိုးနေသော အပိုင်းအစတစ်ခုကို တွေ့လိုက်ရသည်။ သို့ဆိုလျှင် မြားတန်က ဟင်းမျိုးကိုစူးဝင်ပြီး ဟင်းမျိုးက ဝရုန်းသုန်းကားဖြစ်နေချိန်တွင် မြားတန်ကျိုးသွားနိုင်သည်ဟု စောဂျိမ်းကသဘောပေါက်သည်။

ပစ်လိုက်သောမြားတန် မတွေ့သောကြောင့် ဦးအောင်မြိုင်က မျက်နှာ ပျက်နေသည်။ စောဂျိမ်းက···

"ဦးအောင်မြိုင်စိတ်မပျက်ပါနဲ့ဗျ။ ဦးအောင်မြိုင်လဲမုဆိုးပဲ၊ မြားတန်အကျိုးက ဖင်ပိုင်းပဲတွေ့တော့ ခေါင်းပိုင်းကစူးဝင်ပြီးကျိုးသွားတာဖြစ်နိုင်ပါတယ် သေသေချာချာကြည့်ပါဦး"

ဟင်းမျိုးကြီးကို ဖင်ပြန်ခေါင်းပြန်ဆွဲလှန်ကြည့်လိုက်မှ ဟင်းမျိုးကြီး၏တင်ပါးတစ်နေရာတွင် ထွက်နေသောမြားတန်ငုတ်ကို တွေ့လိုက်ရသည်။ ထိုအခါကြမှ ဦးအောင်မြိုင်ပြုံးနိုင်တော့သည်။

"မုဆိုးလေးတော်တယ်ဗျာ၊ ကျုပ်ပစ်လိုက်လို့ထိသွားတဲ့နေရာက သေလောက်တဲ့နေရာ မဟုတ်ဘူး။ အဲဒီနေရာမျိုးထိသွားတဲ့ ဟင်းမျိုးက





ကျားနာခဲခဲတတ်တယ်။ ကျုပ်ကအဆိပ်သုတ်ထား လို့သာ မုဆိုးလေးပစ်မှတ်ကတစ်ချက်ဆို ဆိုသလောက်ပဲ၊ ကဲ ဘာဆက်လုပ်ကြမလဲ"

ကိုတိုးစိန်က

"စောဂျိမ်း မနေ့ကကျွဲကိုဆွဲသွားတဲ့ အကောင်နဲ့ဒီကောင်နဲ့ကတစ်ကောင်တည်းဖြစ်နိုင်ပါ့မလား"

""ဖြစ်နိုင်ပါတယ်၊ နောက် (၃) (၄) ရက်နေလောက်မှ ထူးခြားမှုကိုမတွေ့ရင် ဒီကောင်တစ် ကောင်တည်းဆိုတာ သေချာပြီပေါ့ဗျာ။ နောက်တစ်ကောင်မသေချာလို့ ထပ်ပေါ်လာရင်ပဲ မုဆိုးပဲဗျာ။ နောက်တစ်ကောင်ထပ်ပစ်တာပေါ့"

"ဟုတ်ပါ့···ဟုတ်ပါ့"

"ကဲ···ဒါဆိုရင် အခုတော့အချိန်မတော်ကြီးဖြစ်နေတယ်၊ မိုးလင်းမှပဲကိစ္စကို ဆက်ရှင်းကြတာပေါ့၊ အခုတော့လင့်ပေါ် ပြန်တက်ပြီးအောင်ပွဲခံလိုက်ကြရအောင်"

ဦးအောင်မြိုင်က

"ဟော···ဟော လင့်ပေါ်တက်ပြီး အောင်ပွဲခံမယ်၊ ဘယ်လိုအောင်ပွဲခံမှာလဲ"

ကိုတိုးစိန်ကကြောပိုးအိတ်ထဲမှ ရမ်ပုလင်းကိုထုတ်ကာ ထောင်ပြလိုက်သည်။ စံနက်ကျော် ကတိုင်ပင်မထားပဲနှင့် ငါးရံ့ခြောက်ဖုတ်တစ်တွဲကို ထောင်ပြလိုက်သည်။

"မင်းတို့ကွာ မိုးတောင်မလင်းသေးဘူးစောစောစီးစီး"

"အောင်ပွဲခံတယ်ဆိုတာပွပွနွှေးနွှေးလုပ်တာ ပိုအရသာရှိတယ်ဗျ။ ဦးလေးကလူကြီးဆိုတော့ မလုပ်ချင်နေလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော မင်းတို့အားလုံးညီမှတော့ ငါတစ်ယောက်တည်းဘက်ပဲ နေရင်ဘယ်ကောင်းပါ့မလဲ"

"အဲဒီတော့ . . ."

"အဲဒီတော့ ငါလဲပါမှာပေါ့ကွ"

"ဟား . . . ဟား . . . ဟား . . . ဟား"

မောင်မည်းမည်းတွင် လက်နှိပ်မီးရောင်နှင့် တစ်ယောက်မျက်နှာတစ်ယောက်ထိုးကာ တဟားဟားရယ်လိုက်ကြသော အသံများကြောင့်တောတိရစ္ဆာန်များ လန့်ဖြန့်သွားကာ တစ်တောလုံး ဆူညံသွားပါတော့သည်။ ။

◆ ◆ ◆ ◆ ◆

မောင်မြင့်မား(ဘိုကလေး)





## ပတတ်မွှေးမွှေး

မောင်မြင့်မား (ဘိုကလေး)



www.burmeseclassic.com

www.burmeseclassic.com



ကုန်းစောင်း၊ ထွေတော၊ နွယ်ခွေ၊ ညောင်ကုန်းရွာ (၄)ရွာ၊ တလျှောက် ကိုအေးသောင် ကိုမသိတဲ့ ။ ကိုအေးသောင်က ယာသမား ဖြစ်သော်လည်း တောင်ယာနားချိန် အလုပ်နားချိန်များတွင် အအားမနေ၊ ဖွတ်၊ ပတတ်၊ ယုန်၊ မြွေဝပ်လိုက်တတ်သည်။ မုဆိုးကြီးမဟုတ်သော်လည်း မုဆိုးလေးအလုပ်လောက်တော့ ကျွမ်းကျင်သည်။

ရွာ(၄)ရွာကလူတွေအားလုံးက ကိုအေးသောင်ကို "အေးသောင် တွေ့မရှောင်" ဟုခေါ်ကြသည်။ ဖွတ်၊ ပတတ်၊ ယုန်ကောင်တွေလောက်ကတော့ အေးသောင်နှင့်တွေ့ရင်အပြေးသာ ရှောင်ပေတော့ဟု ဆိုလောက်သည်။ ကိုအေးသောင်းကယာသမားပီပီ အသားညိုညို ဂင်တိုတို၊ ခန္ဓာကိုယ်ကတုတ်တုတ်ခိုင်ခိုင်၊ ကျန်းမာတောင့်တင်းသည်။





နံ့နက်စောစောထကာ ကိုအေးသောင်တကုတ်ကုတ်နှင့် တစ်ယောက်တည်းအလုပ်ရှုတ်နေသည်။ နံနက်စောစောဆိုသော်လည်း နေထွက်လာသည်နှင့် အပူခါတ်ကတစ်ရိပ်ရိပ်တက်လာ သောကြောင့် ကိုအေးသောင်ချွေးတလုံးလုံးနှင့်ဖြစ်နေသည်။ အညာနွေပဲ ပူပေမပေါ့။ အောက် ပြည်အောက်ရွာတွင် မိုးကျနေပြီဆိုသော်လည်း ကိုအေးသောင်တို့ဆီတွင် မိုးဆိုတာဘယ်ဆီ နေမှန်းမသိ။ မိုးကလေး တစ်ပြိုက်လောက်ကျရင်ဖြင့် မိုးပတတ်တွေပေါ်မှပေါ့။ ခုတော့ပူပူလောင်လောင်တောင်ပို့၊ မြေကျင်း၊ မြေတွင်းများမှ နွေပတတ်များကိုပဲ ရှာတော့မည်ဟုကိုအေးသောင် အတွေးပေါက်မိသည်။

တစ်ကိုက်သာသာရှည်သောနိုင်လွန်ကြိုးကိုတစ်ဘက် အဖျားတွင်ကွင်းလျှောကလေး လုပ်ထားသည်။ အခြားတစ်ဘက်တွင် ကျပ်လုံးခန့် ထုတ်၍တစ်တောင်သာသာခန့်ရှိသစ်သား ချောင်းကိုချည်ထားသည်။ တွင်းလျှောတွင်ပတတ်ကိုမိပါက ပတတ်ဆွဲပြေးသောအခါ သစ်သား ချောင်းကြောင့်ပတတ်က ဝေးဝေးသို့မပြေးနိုင်ပဲ ဖမ်းမိနိုင်အောင် လုပ်ထားခြင်းဖြစ်သည်။ ထိုကဲ့သို့ ပတတ်ထောင်ချောက်များ အချောင်း (၅၀)ခန့်လုပ်ပြီးသောအခါ ကိုအေးသောင်နားလိုက်သည်။ထိုအချိန်က နေတောင်အတော်မြင့်နေပြီ။

ကိုအေးသောင် အိမ်ရှေ့သို့လူနှစ်ယောက်ရောက်လာသည်။ တစ်ယောက်ကသားရှည်အိတ် တစ်လုံးလွယ်ထားသည်။ ကိုအေးသောင်ကလူနှစ်ယောက်ကိုမြင်လိုက်သည်နှင့် . . .

"ဟာ အကိုကြီးဘယ်ကဘယ်လိုရောက်လာတာလဲ"

"မင်းဆီကိုပဲပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းထူးရှိလို့လား"

"မရှိပါဘူးကွာ၊ ထိုင်ဦးမယ်ကွာ အေးအေးဆေးဆေး ပြောကြတာပေါ့"

အိမ်ရှေ့မှကွပ်ပျစ်တစ်လုံးပေါ်တွင် ဝင်ထိုင်လိုက်ကြသည်။ ကိုအေးသောင်က အိမ်ထဲသို့ ဝင်သွားပြီးပြန်ထွက်လာတော့ ရေနွေးခရားတစ်လုံးနှင့်အကြမ်းပန်းကန်များပါလာသည်။

"အကိုကြီးအမောပြေရေနွေးကြမ်းသောက်၊ ဒီမှာညအိပ်မှာလား"

"ဒီလိုကွ၊ ဒါကငါ့သူငယ်ချင်းကျော်စိုးတဲ့ ငါနဲ့ ကျောင်းနေဘက်သူငယ်ချင်းတွေ သူလဲ ငါ့လိုပဲရန်ကုန်မှာရှေ့နေလုပ်တယ်။ သူကပုဂံညောင်ဦးဘုရားပွဲဘက်ကိုလာရင်းငါ့ကိုသတိရလို့ ဝင်လာတာ ကျောင်းသားဘဝကတည်းက ဒီကောင်ကတောလိုက်အမဲပစ်တာဝါသနာပါတယ်။ ကျောင်းပြီးတော့ရှေ့နေလုပ်နေရင်းလဲ ဖေါင်ကြီးတို့ အင်းတကော်တို့ပဲခူးရိုးမတို့မှာ အမဲလိုက်နေကျ။ ငါ့ဆီလာလည်ရင်းမင်း အကြောင်းကိုရောက်သွားတော့ မင်းလဲတောပစ်တာဝါသနာပါတယ်ဆိုတာ သိရလို့ မင်းနဲ့တွေ့ချင်တယ်ဆိုလို့ခေါ်လာတာ"

"သြော်. . .ဒီလိုလား။ ဒါပေမယ့် အကိုကြီးရာကျွန်တော်ကတောပစ်တယ်ဆိုတာ သေနတ် တို့ဒူးလေးတို့နဲ့ပစ်တာမဟုတ်ဘူး ၊ ဖွတ်တို့ ပတတ်တို့ ယုတ်တို့ထောင်ပြီး ကြုံကြိုက်ရင် လုံတစ်ချောင်းနဲ့ ချေ(ဂျီ)တို့ ဒရယ်တို့လောက် ပစ်တတ်တာပါ။ မုဆိုးကြီးမဟုတ်ပါဘူး"

ထိုအခါကိုကျော်ဦးက

"ဒီလိုပါ၊ ကျွန်တော်လဲဝါသနာပါလို့ အမဲလိုက်ဖေါ်လိုက်





ဘက်ရှာပြီးအမဲလိုက်တယ်ဆိုပေမယ့် အခုကိုအေးသောင်တို့လို ဖွတ်တို့ ပတတ်တို့ ယုန်တို့ထောင်တာလိုက်တာ မတွေ့ဘူးလို့ ဗဟုသုတ လိုချင်လို့လာတာပါ။ တကယ်အမဲလိုက်ရအောင်လဲ ပစ်စရာသေနတ်ပါ မလာပါဘူး"

ကိုအေးသောင်အကို ကိုဘစံက

"အေး. . .အေး. . .ဟုတ်ပြီ၊ ငါကဝါသနာမပါတော့ ငါ့ညီအေးသောင်လုပ်တာတွေကို ငါကမုဆိုးလို့ပဲအောင့်မေ့နေတာ၊ ဒါကြောင့်မင်းတို့မုဆိုးချင်းတွေ့ပေးရအောင်လို့ခေါ်လာတာ အခုတော့ တစ်လိုင်းစီကိုးကွ"

ကျော်စိုးကရယ်သည်။

ကိုဘစံနှင့်ကိုအေးသောင်ကညီအစ်ကိုဆိုသော်လည်း လူပုံစံက တစ်ခြားစီဖြစ်သည်။ ကိုဘစံက ပညာတတ်ဘွဲ့ရပြီးသား ရှေ့နေ၊ အသားဖြူဖြူပုပု၊ ကိုအေးသောင်ကအသားညိုညိုဂင်တိုတို၊ တုတ်တုတ်ခိုင်ခိုင်။ အသက်မွေးဝမ်းကြောင်းအလုပ်လည်းမတူ။ ကိုဘစံကမြို့မှာပျော်သည်။ ကိုအေးသောင်က တောင်ယာအလုပ်ဖြင့်တောမှာပျော်သည်၊ ညီအစ်ကိုချင်းကတော့ချစ်ကြသည်။ ကိုဘစံက. . .

"အေးသောင် ငါကကျော်စိုးကို မင်းဆီမှာထားခဲ့ပြီး မနက်ဖြန်မှပြန်လာမယ်။ နွယ်ခွေက ငါ့အမှုသည်တစ်ယောက်ဆီမှာ ဒီညအိပ်မယ်။ အမှုကိစ္စတစ်ခုရှိနေတယ်။ မနက်ဖြန်နေ့လည်မှ ကျော်စိုးကိုဝင်ခေါ်မယ်။ ငါ့သူငယ်ချင်းမင်းကောင်းကောင်းမွန်မွန်ဧည့်ခံထားလိုက်၊ မင်းဆီက တောလိုက်အတွေ့အကြုံတွေလဲ သူ့ကိုပေးလိုက်ပေါ့ကွာ။ သူက သိပ်ဝါသနာကြီးတာ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ အကိုကြီး။ နွယ်ခွေကိုအကိုကြီးဘယ်တော့သွားမှာလဲ မနက်စာဒီမှာစားပေါ့။"

"ဟာ မစားတော့ဘူး နေမမြင့်မီငါကအရောက်သွားရမှာ ပူတယ်ကွ။ ခုဘဲငါသွားတော့မယ်"

ကိုဘဇံထွက်သွားပြီးနောက် ကျော်စိုးနှင့်ကိုအေးသောင်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြကာ...

"ကိုအေးသောင်အခုသစ်သားချောင်းတွေနိုင်လွန်ကြိုးတွေနဲ့ ဘာလုပ်နေတာလဲ"

"ပတတ်ထောင်မလို့လုပ်နေတာ"

"ဘယ်တော့သွားထောင်မှာလဲ"

"ခုပဲသွားတော့မလို့ အကိုကြီးတို့ ကိုကျော်စိုးတို့ရောက်လာ လို့..."

"ဒါဆိုကျွန်တော်ပါလိုက်မယ်ဗျာ၊ ပတတ်ကင်တော်တော် ကောင်းဆိုတာကြားဖူးလို့"

""ဟာ ... ကိုကျော်စိုးတို့မြို့မှာ ဘဲကင်နဲ့ဘီယာလိုက်ဖက် သလို ကျွန်တော်တို့ဆီမှာလည်း ပတတ်ကင်နဲ့ပင်ကျရေဟာမိတ်ဖက် ပေါ့ဗျာ။ ကိုကျော်စိုးက ခုမှရောက်တာမနားတော့ဘူးလား"

"မနားတော့ပါဘူး ကိုအေးသောင်ဆီလာရတာ တောလမ်း အတိုင်းမနက်စောစောထ လျှောက်လာတာပဲ၊ ဘာမှမပင်ပန်းပါဘူး။ ကျွန်တော်မှဆိုးလုပ်လာတာပါဗျာ။ ဒါလောက်တော့ အေးအေး ဆေးဆေးပါ"

"ကောင်းတယ်၊ ဒါဆိုရင်မိုက်ဆာရင်စားဖို့ ကျွန်တော် ထမင်း





ထုပ် ထုပ်လိုက်ဦးမယ်"

ကိုအေးသောင်တို့ရွာမှ ထွက်လိုက်သည်နှင့် လွင်ပြန့်ကုန်း ကြောကြီးကိုတွေ့လိုက်ရသည်။ ခတ်ဝေးဝေးတွင် တောတန်းနှင့်မှိုင်း ပြပြတောင်တန်းကြီး။ လွင်ပြန့်နှင့်ကုန်းကြောက ဆက်နေသောကြောင့် သစ်ငုတ်တို ရိုးဖြတ်နှင့်တောင်ပို့ကမူ အများအပြားကိုတွေ့ရသည်။ မိုးကာလကတောင်ကျ ချောင်းရေကြောင့် ယခုအခါတွင်ရေခန်းခြောက် နေပြီဖြစ်သည်။ ကွေ့ပိုက်ကာ ရှိနေသော သဲသောင်ပြင်များ။

ကိုအေးသောင်ကတစ်နေရာပြီးတစ်နေရာ မျက်စိကစားကာ လျှောက်ကြည့်နေရင်း ပတတ်တွင်းပေါင်းများကို တွေ့ရသောကြောင့်

"ကိုကျော်စိုး ပတတ်တွင်းပေါင်းတွေအများကြီးတွေ့တယ်။ ကျွန်တော်တို့ထက် လက်ဦးသူတွေ့ရှိနေပြီဗျ"

"တွင်းပေါင်းဆိုတာဘယ်လိုဟာလဲဗျ"

ကိုအေးသောင်ကတွင်းတစ်တွင်းကိုလက်ညှိုးထိုးပြရင်း

"ဒီတွင်းကိုကြည့်ဗျ။ ဒီတွင်းဝမှာ သဲမြေတွေကချောနေတာ တွေ့တယ်မဟုတ်လား။ အဲဒါ တွင်းထဲဝင်သွားတဲ့ ပတတ်မှိုက်ရာတွေပဲ၊ ဟောဟိုဘက်က တွင်းတွေကိုကြည့် မြေသားတွေပွ နေတယ်တွေ့လား။ ဒီတွင်းလိုမချောဘူး ။ အဲဒါဘာကောင်မှမရှိတဲ့တွင်းပေါင်းတွေပဲ"

ကိုအေးသောင်က ပတတ်ရှိသောတွင်းများအဝတွင် နိုင်လွန် ကြိုးကွင်းလျှောချည်ထားသော ကွင်းကလေးများ ချထားလိုက်သည်။ သစ်သားချောင်းများကိုလည်း ခတ်လှမ်းလှမ်းကွင်းချထားလိုက်သည်။ (၂)ကေလောက်အတွင်း ပတတ်အတွင်း ၃၀ လောက်ချထားပြီးနောက်

"လာ ကိုကျော်ဦး ရှေ့နားက ကျောင်းအမကြီးတောတန်းဘက်



www.burmeseclassic.com

www.burmeseclassic.com



ကိုသွားမယ်၊ အဲဒီမှာ ယုန်တို့၊ တောကြက်တို့၊ တောကြောင်တို့ရနိုင်တယ်"

"ဒီပစာတ်ထောင်ထားတဲ့ကွင်းတွေက. . ."

"အဲဒီကအပြန်မှ ဝင်ဖေါ်မယ်လေ။ စောင့်နေရင်အချိန်ကုန်မယ်။ ကျောင်းအမကြီးတော တန်းမှာ တခြားအကောင်တွေလဲရလို့ရှာပေါ့ဗျာ။ မကောင်းဘူးလား"

"ကောင်းတယ်၊ ကောင်းတယ်"

လွင်ပြန့် ကုန်းကြောကြီးကို ဖြတ်၍(၁)နာရီလောက်ကြာသည်နှင့် တောတန်းကလေးကို ရောက်လာသည်။ နွေအခါဖြစ်၍သစ်ပင်များ အရိုးပြိုင်းပြိုင်းကျကာ အောက်ခြေတွင်ရွက်ခြောက် ရောင်စုံများကျလျှက်ရှိသောကြောင့် တော၏အောက်ခြေကလှပနေသည်။ တောစပ်ကို ရောက်ကတည်းက ဥသြသံက ပြန့်လွင့်နေသည်။ တညင်းပင်၊ တယ်ပင်၊ သစ်ရာ၊ ယမနေ၊ တမလန်း၊ ဇင်ချွန်း၊ ဇင်ပြွန်းသစ်စိမ်း၊ တောင်သရက်၊ သစ်အယ်ပင်များက ရွက်ရင့်ရွက်ခြောက်များကို မြေပေါ်သို့ ချွေချလျှက်ရှိသည်။

တောတွင်းသို့ မိနစ်(၂၀)ခန့်ဝင်လာသည်အထိ သားကောင်၏ အရိပ်အယောင်ကိုမတွေ့ရသေး။ ကိုအေးသောင်က တစ်တောင်ကျော်ခန့်ရှိ အဆစ်ပိတ်ဝါးတုတ်တိုတစ်ချောင်းနှင့် လုံတိုကလေးကို ကိုင်ထားသည်။ ကျော်စိုးလက်ထဲတွင်တော့ လိုရမယ်ရကိုင်လာသောဝါးခုတ်မိုးတစ်ချောင်း။ သေနတ်တို့ ဒူးလေးတို့ တူမီးတို့မပါပဲနှင့် ဘာကောင်ကို ဘယ်လိုပစ်မည်ကို ကျော်စိုး တွေးရင်းကိုအေးသောင်နောက်က လိုက်လာသည်။





တောကအောက်ခြေရှင်းသည်။ ရွက်ခြောက်များက ခြေချင်းဝတ်မြုပ်သည်။ ထို့ကြောင့် ကိုအေးသောင်က. . .

"ကိုကျော်စိုး ရွက်ခြောက်တွေနင်းရင် သတိထားနော် အောက်မှာ ပိုးကောင်(မြွေ)တွေ ဘာတွေရှိနိုင်တယ်"

"အင်း. . .အင်း"

၁၀ ကိုက် အကွာလောက်ဆီမှ ကိုအေးသောင်တို့ ခြေသံကြောင့်ခြုံပုတ်တစ်ခုအောက်မှ လန့်၍ထွက်ပြေးလာသော ကြက်နစ်ကောင်။ နေပူသောကြောင့်ခြုံအောက်တွင်ခိုနေခြင်းဖြစ်သည်။ ၁၀ ကိုက် အကွာလောက်ဆီမှ လက်ယာဘက်အတိုင်း တောကြွက်နစ်ကောင်က ကွေ့ကိုက်ကာ အပြေးတွင်ကိုအေးသောင်ဆီမှ လှုပ်ရှားမှုတစ်ခုကိုကျော်စိုးသတိပြုမိလိုက်သည်။

"ဝိုး. . ."

"ဖုန်း. . ."

ကိုအေးသောင်၏လက်ထဲမှ ဝါးတုတ်တိုက ရှေ့ကပြေးနေသော တောကြက်ကိုတိုက်ရိုက် ထိမှန်သွားသည်။ တစ်ချက်တည်းနှင့် တောကြက်ကကိစ္စချောသွားသည်။ တောကြက်ကို ကောက်ယူလိုက်ကာ ရှေ့ဆက်၍လျှောက်လာကြသည်။ ၁၅မိနစ်ခန့် လျှောက်လာကြပြီးနောက်တောင် စောင်းလေးတစ်ခုတွင် တစ်စုံတစ်ခုကိုစားနေသော ယုန်တစ်ကောင်၊ ကိုအေးသောင်နှင့်ကျော်စိုးက ခြုံများကို အကာအကွယ်ယူ၍ အနားသို့ တရွေ့ရွေ့တိုးကပ်သွားကြသည်။

"ဖျောက်"

ကျော်စိုးက သစ်ကိုင်းခြောက်တစ်ခုကို နင်းမိလိုက်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဖျောက်ကန်အသံအကြားတွင် ယုန်ကအစာစားနေရာမှ ခေါင်းထောင်ကြည့်လိုက်သည်။

"ဒိုး"

"ဖုတ်"

ယုန်က တစ်ချက်နှစ်ချက်လူးလှိမ့်ကာ ငြိမ်သွားသည်။ ကျော်စိုးက ကိုအေးသောင်ကိုကြည့်ကာ ခေါင်းညိတ်လိုက်သည်။

"ကိုအေးသောင်တယ်ဟုတ်ပါလား။ တစ်ချက်တစ်ကောင်ပဲ"

"ကျွမ်းကျင်ရာပေါ့ဗျာ၊ အထင်လည်းမကြီးနဲ့ ကိုကျော်စိုးရေ၊ တစ်ခါတလေလည်း ဝါးတုတ်ဆုံးပြီး ဘာကောင်မှ မရတာတွေလည်း ရှိတာပဲ"

ယုန်ကို ကျော်စိုးကကောက်ယူလိုက်ကာ ဝါးတုတ်ကို ကိုအေးသောင်ကို ပြန်ပေးလိုက်သည်။ ရွက်ခြောက်များကို နင်းကာရေ့ကိုဆက်လျှောက်လာကြပြန်သည်။ မြောက်လေအရှေ့တွင် ရွက်ခြောက်များက ကဆုန်ပေါက်ကာ လွင့်မျောသွားကြသည်။ အပင်များပေါ်က ရွက်ရင့်ရွက် ခြောက်များကလည်း တဖွဲဖွဲကျနေဆဲ။ ဆင်ခြေလျှော တစ်ခုပေါ်မှ ရွက်ခြောက်များနှင့် လုံးထွေးကာ တစ်စုံတစ်ခုက တလိမ့် ခေါက်ကွေးလိမ့်ကျလာသည်။

ကိုအေးသောင်က လိမ့်ကျလာသော တစ်စုံတစ်ခု ရပ်မသွား ခင်ဝါးတုတ်နှင့် ပစ်ထည့်လိုက်သည်။ လွဲသွားသည်။ တစ်စုံတစ်ခုက အကျရပ်သွားချိန်တွင်မြင်လိုက်ရသည်ကား တောကြောင်လိုလို၊ ဒရယ် ပေါက်ကလေးလိုလို အကောင်တစ်ကောင်။ ထိုအကောင်က ထွက် မပြေးသေးပဲ ရွက်ခြောက်များအကြားမှ ခေါင်းထောင်ကြည့်လိုက်ချိန်တွင်





ကိုအေးသောင်၏ဝဲဘက်လက်ထဲမှ လုံ့တိုကို ယာဘက်လက်ထဲတွင် ပြောင်းကိုင်လိုက်ကာ ထိုအကောင်ရှိရာသို့ ပစ်ထည့်လိုက်သည်။

"ခုတ်"ကနဲ အသံကိုကြားလိုက်ရပြီးနောက် ပစ်မှတ်ကို ထိလိုက်သည်ကို သိလိုက်ရသည်။ သတ္တဝါကောင်ကို မှန်သွား၍ လုံ့ တန်းလန်းနှင့် ပက်လက်လန်သွားသည်ကို မြင်လိုက်ရသည်။

သို့သော်

လုံ့ရော သတ္တဝါကောင်ရော ခြုံတစ်ခုတွင်းသို့ ဝင်၍ ပျောက် ကွယ်သွားတော့သည်။

ကိုအေးသောင်ရော ကျော်စိုးပါ ကြောင်ကြည့်နေမိသည်။ လုံ့ကအသွားတစ်ထွာကျော် ကျော်ရှိ၍ အရိုးက သုံးပေကျော်ကျော် ပျဉ်းကတိုးသားနှင့် လုပ်ထားခြင်းဖြစ်သည်။ လက်ဆကောင်းသည်။ အလေးချိန်စီးသည်။ လုံ့စူးသွားသည်ကိုမြင်လိုက်ရပြီးဖြစ်၍ ထိသွားသော သတ္တဝါကောင်က လုံ့အလေးချိန်ကြောင့်ဝေးဝေးသို့ မပြေးနိုင်ဟု ယူဆ သည်။ သို့သော် လုံ့ရောသတ္တဝါ ပါပျောက်သွားသောကြောင့် အံ့ဩနေ ကြခြင်းဖြစ်သည်။

"ကိုအေးသောင် ဘာကောင်တုန်းဗျ"

"တောကြောင်ထင်တယ်ဗျ"

"လုံ့ထိသွားတာသေချာတာပဲဥစ္စာ ဒါဏ်ရာနဲ့ အကောင်က လုံ့ကိုတောင် ဆွဲပြေးတယ်ဆိုတော့..."

"အေးဗျ၊ ကျုပ်လဲအဲဒါစဉ်းစားနေတာ၊ ကျုပ်ကိုင်တဲ့လုံ့က ပျဉ်းကတိုးသားတပ်ထားတာ အလေးချိန် စီးတယ်ဗျ"

"လာဗျာ သွားကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



တောကြောင်ဝင်ပြေးသွားသော ခြုံတောထဲသို့နှစ်ယောက်သား သတိအနေအထားဖြင့် တိုးဝင်ကာလိုက်ရှာကြသည်။ ခြုံက မိုးနံ့ခြုံနှင့် ပါတ်နွယ်ခြုံများ ရောနှောပေါက်နေသော ခြုံဖြစ်သည်။ ခြုံတောအတွင်း ပိုးကောင်(မြွေ)ကိုလည်း သတိထားကြည့်ရသေးသည်။ ၁၀ ပေခန့် ကျယ်သော ခြုံတောအတွင်း သတ္တဝါရော လုံရော လုံးဝမတွေ့ရ။ သို့သော် ခြုံကိုလွန်၍ တစ်ဘက်မြေကွက် လပ်တစ်ခုသို့ရောက်သောအခါ မြင်လိုက်ရသည့်မြင်ကွင်းကား ကိုအေးသောင်ရော ကျော်စိုးပါ မျက်လုံးပြူးသွားသည်။

"ဟာ…"

သစ်ကိုင်းခြောက်တစ်ခုတွင် စိုက်နေသောလှံတစ်ချောင်း"

ကိုအေးသောင်နှင့်ကျော်စိုး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ အတန်ကြာငိုင်နေကြပြီးမှ ကိုအေးသောင်က သူ၏လှံကို သစ်ကိုင်းခြောက်မှဆွဲနုတ်ကာ နှစ်ယောက်သား ထွက်လာကြသည်။ ပစ်မှတ်လွဲသွားသော ဝါးတုတ်တိုလည်း ရှာမတွေ့တော့။ ကျော်စိုးက…

"ပြန်ကြရအောင်ဗျာ၊ ဟင်းစားလဲရပါပြီ"

"အေး ပြန်ကြမယ် အပြန်ပတတ်အတွင်းထောင်ထားတဲ့ဆီဝင် ရဦးမယ် ။ အဲဒီမှာလည်း ဟင်းစားရနိုင်ပါသေးတယ်"

နှစ်ယောက်သား ပတတ်ထောင်ထားခဲ့သော လွှင်ပြန့်နှင့် ကုန်းကြောရှိရာသို့ ခတ်သုတ်သုတ် လျှောက်လာခဲ့ကြသည်။ ပတတ် ထောင်ထားခဲ့သောနေရာများတွင် နိုင်လွန်ကြိုးစွပ်လျှက် (ဒေသအခေါ်-လေးတုံး)သစ်သားတုတ်တန်းလန်းနှင့် လျှောက်ပြေးနေသော ပတတ်





၁၄-၅ ကောင်ရလိုက်သည်။ တစ်နေရာတွင် တွင်းဝဥ္စကွင်းတန်းလန်း သာရှိနေသော ပတတ်ထောင်ချောက်တစ်ခု။ ကိုအေးသောင်က…

"ကိုကျော်ဦး ဒီတွင်းကပတတ်တော့ရှိတယ်ဗျ။ စောလို့ မထွက် သေးတာ။ ဒါပေမယ့် ဂယ်ပေါက်ကများ ထွက်သွားသလားတော့မသိဘူး ဟော ဟိုမှာကြည့်…"

တစ်နေရာကို လက်ညှိုးထိုးပြလိုက်သည်။

"အဲဒီလိုမြေပွပွလေးပုံနေတာကို ဂယ်ပေါက်လို့ခေါ်တယ်။ မိုးရွာရင်ရေမဝင်အောင် ဒီကောင်တွေက မြေကြီးနဲ့ပိတ်ပြီး စုန့်လိုးထား တတ်ကြတယ်။ ဒီထဲကအကောင်တော့ စောင့်မနေ တော့ပါဘူးဗျာ။ ကွင်းကိုပဲသိမ်းလိုက်တော့မယ် ၁၄-၅ ကောင်တော့ ရထားပြီပဲဟာ"

ကိုအေးသောင်က နိုင်လွန်ကြိုးကွင်းကို သိမ်းကာအိတ်ထဲသို့ ထည့်လိုက်သည်။

"ကဲ…မောလဲမောပြီ ဆာလည်းဆာတယ်၊ ထမင်းစား ကြရအောင်"

ထမင်းမစားမီ ကိုအေးသောင်က သစ်ပင်တစ်ပင်အောက် တွင် ထင်းခြောက်များဖြင့် မီးမွှေးလိုက်သည်။ ထို့နောက်ပတတ် တစ်ကောင်ကိုအရေခွံဆုတ်ပြီး မီးကင်လိုက်သည်။ သိပ်မကြာမီ မွှေးကြိုင် သော အနံ့ထွက်လာသည်။ ထမင်းထုတ်များကိုဖွင့်ကာ…

"ကိုကျော်စိုး ဒါကအိမ်ကပါလာတဲ့ဆိတ်သားဟင်း။ အခုဒီဟာ က ပတတ်ကင်ပေါ့ဗျာ စားကြည့်ပါဦး"

ကျော်စိုးကပတတ်ကင်တစ်ကောင် ကောက်ဝါးလိုက်သည်။

"ဘယ်နှယ့်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျ၊ အကောင်းသား… ငါးရံ့ခြောက် ဝါးရသလိုပါပဲ ချိုတယ်ဗျ"

ထမင်းစားနေရင်း ကျော်စိုးက

"ကျွန်တော်စောစောက စိတ်ထဲမှာ သိပ်မရှင်းတာကလေး တစ်ခုရှိတယ်ဗျ"

"ဘာကိုလဲဗျ"

"တောကြောင်ကိုထိသွားတာသိလိုက်ရဲ့သားနဲ့ တောကြောင်လဲ မတွေ့ လုံ့ကလဲနေရာမှာ မရှိပဲ သစ်ကိုင်းခြောက်ကိုသွားစိုက်နေတာ ဘာသဘောလဲဗျ"

"ကိုကျော်စိုးလဲ မုဆိုးလုပ်ဖူးတော့ တောခြောက်တာ ကြုံဘူးမှာပေါ့"

"ကြုံတော့ကြုံဖူးတယ် ဒီလိုမျိုးတော့မဟုတ်ဘူးဗျ"

"ခင်ဗျားကြောက်မယ်ထင်လို့ကျွန်တော်မပြောတာ နောက်မှ ခင်ဗျားလည်းမုဆိုးလုပ်လာတာ စဉ်းစားမိသွားတယ်။ ကျွန်တော်လည်း အပြန်ကျမှ တွေးမိလာတာ။ အဲဒီတောက စားစရာသောက်စရာ တစ်ခုခုပါလာရင် တင်မြှောက်ပသရတယ်။ ကျွန်တော်တို့ဆီမှာ ဆိတ်သားဟင်းပါ လာတာမြှောက်ဖို့မေ့သွားတယ်။ အဲဒါကြောင့်ပဲ၊ ဒါတောင်နွေခင်းကြောင်တောင်မို့လို့ ညဘက်ဆို ဒါ့ထက်ဆိုးမယ်ဗျ။ ကျွန်တော်လဲကြုံဖူးတော့ တွေးမိလိုက်တာ"

"ကျွန်တော်လဲ တွေးမိတယ်ဗျ"

"ကဲ…စားသောက်ပြီး ပြန်ကြရအောင် ညနေစာအတွက် ကော့ တောကြက်ဆီပြန်နဲ့ ယုန်သားကြော် မကောင်းဘူးလားကိုကျော်စိုး"





"ကောင်းပါ့လေဗျာ။ ဒါထက်မြို့မှာ ဘီယာနဲ့ဘဲကင် လိုက်ဖက် သလို ခင်ဗျားတို့ဆီမှာ ပတတ်ကင်နဲ့ထန်းရည်ဆို"

"ကျွန်တော်အကို ကိုဘဇံက ကောင်းကောင်းမွန်မွန်ညှော်ဝတ်ပြု လိုက်ပါဆိုတာ ကျွန်တော် မမေ့ပါဘူးဗျာ။ အခုက တောလည်တာ အချိန်လင့်သွားလို့ ဆာနေကြတာနဲ့ ထမင်းစားလိုက်ကြတာပါ။ ကျွန်တော်တို့အပြန်ကို ပင်ကျရေကောင်းကောင်းလေးချန်ထားဘို့ မှာထားခဲ့ပြီးသားပါ။ ဒါကြောင့်မို့ ပတတ်တွေလဲ ထန်းရည်နဲ့မြည်းဘို့ ချန်ထားတာပါ။"

တောကြက်တစ်ကောင်၊ ယုန်တစ်ကောင်နှင့် ပတတ်တွဲကို ဆွဲကာ နှစ်ယောက်သားရွာဆီ သို့ခတ်သုတ်သုတ်လျှောက်လာကြသည်။ မှုပြင်းခြောက်သွေ့လှသော သဲလမ်းဖုံလမ်းတစ်လျှောက် ချွေးဖြိုက်ဖြိုက်ကျအောင် ကိုယ့်အတွေးနှင့်ကိုယ်လျှောက်လာကြရင်း ကိုအေးသောင်အတွေးတွင် တော့မည်သို့ရှိသည်မသိ။ ကျော်စိုးအတွေးတွင်တော နေ့ခင်းကြောင်းတောင်ကိုယ်တွေ့ကြုံလိုက်ရသော ဆန်းကြယ်သော အဖြစ်နှင့် ရွာကိုရောက်လျှင် ပင်ကျရေပုစွန်ဆိတ်ခုန်နှင့် ပတတ်မီးကင် မွှေးမွှေးကိုတွေးကာ ခြေလှမ်းများအလိုလိုသွက်နေပါတော့သည်။

◆ ◆ ◆ ◆ ◆

မောင်မြင့်မား(ဘိုကလေး)



www.burmeseclassic.com

www.burmeseclassic.com



# ဟင်းမျိုးနှင့်သတင်းဆိုး

မောင်မြင့်မား(ဘိုကလေး)





တောင်ကျချောင်းရေက အရှိန်အဟုန်နှင့်စီးနေသည်။ ချောင်းတစ်လျှောက်သစ်ကိုင်း သစ်ခက်၊ သစ်တုံး၊ တောတိရစ္ဆာန်နှင့် အမှိုက်သရိုက်များပါမကျန် ရေလုံးနှင့်မျောပါလာသည်။ တောင်ပေါ်တွင် မိုးညှို့လာပါကသတိထားရသည်။ မိနစ်ပိုင်းအတွင်း တောင်ကျရေများ ဒလဟော ထိုးဆင်းလာတတ်သောကြောင့်ဖြစ်သည်။

ဦးတက်ခေါင်နှင့် စောဂျိမ်းကမိုးရွာလာလျှင် အဆင်သင့်ဖြစ်အောင် စစ်မိုးကာကြီးနှစ်ခုကို စပ်ကာအောက်မှ ဝါးများထောက်၍ တဲသဏ္ဍာန်လုပ်ထားလိုက်သည်။ အနားတွင်ရှိသော မီးဖိုတွင် ဟင်းကောင်းဖြင့်များဖြင့် ချက်ထားသည့် အငွေ့တစ်ထောင်းထောင်းထနေသော ထမင်းအိုးကြီးနှစ်လုံး။ ဦးတက်ခေါင်က ဆေးပေါ့လိပ်တစ်တိုကိုခဲကာ ဝါးထောက်၍ တောင်ကျရေများကို ကြည့်နေသည်။ စောဂျိမ်းက ဆတ်သားခြောက် ၄-၅ ချောင်းကိုမီးဖိုထဲသို့ပစ်ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တဝေါဝေါနှင့်စီးဆင်းနေသော တောင်ကျရေနှင့် အတူ မျောပါလာသော တစ်စုံတစ်ခု။ ဦးတက်ခေါင်ကမြင်လိုက်ရသည်။ ထို့ကြောင့်တပည့်အဖြစ်ခေါ်လာသော သံဒိုးအား - -

"သံဒိုး ရေထဲမှာ မျောလာတာ ချေ(ဂျီ) လား ဆတ်လားကွ"

"ဘယ်မှာလဲဆရာ"

သံဒိုးကဦးတက်ခေါင်ပြနေသော တောင်ကျရေထဲကို ဂရုစိုက်၍ လိုက်ကြည့်လိုက်သည်။ တွေ့ပါပြီ။

"တစ်ကောင်ကောင်ပဲဆရာ၊ ဆယ်လိုက်ရမလား"

"အေး・・ဆယ်လိုက်ကွာ၊ ပိုးကောင်(မြွေ)လည်းသတိထားဦး"

တောင်ကျရေနှင့်အတူ မြွေများပါ ပါလာတတ်သောကြောင့် ဦးတက်ခေါင်ကသတိပေးရ ခြင်းဖြစ်သည်။ သံဒိုးက ထီးရိုးဝါးကို အဖျား တွင်ချိတ်တပ်ထားသော ဝါးလုံးရှည်ကြီးဖြင့် လိုက်ဆယ်နေခြင်း ဖြစ်သည်။ ရေအရှိန်ကများသောကြောင့် သံဒိုးက အတော်ကြိုးစား၍ ဆယ်နေရသည်။ ဝါးလုံးထိပ်မှချိတ်တွင်ပါလာသည်က အချိန်(၅၀) လောက်ရှိ ဒရယ်ပေါက်တစ်ကောင်။

"အဘတက်ရေ ဒရယ်ကြီးဗျ"

"အေးကောင်းတယ်ကွ၊ ဟင်းစားတော့ရပြီ"

သံဒိုးက ဒရယ်ကောင်ကို ထမ်းလာကာဦးတက်ခေါင်ရှေ့ တွင်ချသည်။

"တောင်ကျရေနဲ့ မျောလာပြီး ရေနစ်သေတဲ့ ကောင်တွေ ကွလတ်လတ်ဆတ်ဆတ်ပဲ၊ ဖျက်ပြီးတွယ်လိုက်ကြတာပေါ့ကွာ"

စောဂျိမ်းက





"အဘတက် ပိုတာတွေကိုကျပ်တင်ထားရင် မကောင်း ဘူးလား"

"အေးကောင်းတာပေါ့၊ ဒီတစ်ကောင်ကို တို့သုံးယောက် ဘယ်ကုန်မှာလဲ ကျပ်တင်ထားမှပေါ့"

ထိုအချိန်တွင် သံဒိုးကချောင်းဘက်ဆီသို့ ပြေးဆင်းသွားပြန် သည်။ ပါးစပ်ကလည်း အော်သွားသေးသည်။

"အဘတက်ရေ တောဝက်တစ်ကောင်ဗျ"

တောဝက်ဆိုသောကြောင့် စောဂျိမ်းရောဦးတက်ခေါင် ကမ်းပါး ထိပ်ကို အပြေးသွားကာ ကြည့်လိုက်ကြသည်။ သံဒိုးကချောင်းစပ် မြေသားပေါ်မှ ဒရီးဒယိုင်ဖြင့်သွားနေသည်။ ချောင်ရေပြည့်နေသော ကြောင့် ခတ်စောင်းစောင်းဖြစ်နေသော ကမ်းပါးအောက်မြေသားပေါ်မှ သွားနေရ ခြင်းဖြစ်၍ ချောင်းထဲသို့ ချော်မကျစေရန်လည်း ဂရုထားနေရ၍ သံဒိုး ခရီးမတွင်လှ။

သံဒိုးဦးတည်သွားရာဘက်သို့ ဦးတက်ခေါင်နှင့်စောဂျိမ်းက မျှော်ကြည့်လိုက်သောအခါ ရှေ့ကိုက် (၅၀)အကွာလောက်တွင် ကျောက်တုံးများပေါ်သို့ ကုတ်ခြစ်တွယ်ကပ်တက်နေသော တောဝက် တစ်ကောင်။ ဒလဟောစီးနေသော တောင်ကျချောင်းရေထဲတွင် မျောပါ မသွားစေရန် အသက်လုကာ ကျောက်တုံးများပေါ်သို့ ကုတ်ခြစ်တွယ်ကပ် တက်နေခြင်းဖြစ်သည်။ ကျောက်တုံးများက ရေညှိများနှင့် ချောနေသော ကြောင့် တော်တော်နှင့်တက်မရ။

စောဂျိမ်းနှင့်ဦးတက်ခေါင်က ကမ်းပါးပေါ်မှ ရပ်ကြည့်နေရင်း ကမ်းပါးတစ်လျှောက်ခြုံများကိုတိုးကာ အပြေးသွားလိုက်သည်။ စောဂျိမ်း



www.burmeseclassic.com

www.burmeseclassic.com



ကိုနှစ်ယောက်တောဝက်ရှိရာနေရာ တည့်တည့်သို့ ရောက်ချိန်တွင် သံဒိုးကလည်း တောဝက်နှင့် (၁၀)ကိုက်အကွာနေရာသို့ ရောက်နေပြီ ဖြစ်သည်။ ထိုအချိန်တွင် တောဝက်ကလည်း ကျောက်တုံးပေါ်သို့ ရောက်နေကာ ဒရီးဒယိုင်ဖြင့်ရပ်နေသည်။ အသက်ဘေးမှ လုလာရသောကြောင့်မောနေဟန်တူသည်။

ထိုအချိန်တွင်သံဒိုးကသူ့လက်ထဲတွင် ကိုင်လာသော လှံတိုကလေးကို ချိန်ကာတောဝက် ရှိရာသို့ တရွေ့ရွေ့သွားနေသည်။ စောဂျိမ်းနှင့် တက်ခေါင်က တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြသည်။ ဦးတက်ခေါင်က. . .

"သံဒိုး မလုပ်နဲ့ပြန်လာခဲ့တော့"

သံဒိုးက ဦးတက်ခေါင်ရှိရာကမ်းပါးပေါ်သို့ မော့ကြည့်လိုက်ကာ

"အဘတက်ဘာဖြစ်လို့လဲ"

"ပြန်လာခဲ့ပါကွာ။ မင်းကိုနောက်မှရှင်းပြမယ်"

တောဝက်ကကျောက်တုံးပေါ်တွင် ရပ်ကာသံဒိုးနှင့် ဦးတက်ခေါင်တို့ကိုပေ၍ကြည့်နေဆဲ။ ယာယီလုပ်ထားသော တဲသို့ ရောက်လာကြသောအခါ သံဒိုးက. . .

"အဘတက် ဝက်ကြီးကဝဖီးနေတာပဲ၊ အချိန် (၅၀)လောက်ကတော့ အသာကလေးပဲ၊ ဒီကောင်ကြီးက မောနေတာပြေးတောင်မှ ပြေးနိုင်ဘူး"

"သံဒိုးအဘပြောမယ်၊ မုဆိုးဆိုတာ သားကောင်တွေ့ရင် ပစ်ရမယ်ဆိုတာ ပြောစရာမလိုဘူး။ ဒါပေမယ့် သားကောင်တွေတိုင်း ပစ်ရတာမဟုတ်ဘူး။ ငှီးရှိတဲ့ အကောင်တို့၊ သားပေါက်တို့၊ အခုလို





အန္တရာယ်တွေ့လာပြီး ဒုက္ခရောက်လာတဲ့ အကောင်တို့ကို ရှောင်ရတယ်။ သတ္တဝါဆိုတာ သူ့လည်းသူ့ဒုက္ခနဲ့သူ၊ အသက်ဘေးကို လုပြေးလာရတဲ့ အခါတို့ မုဆိုးတွေအတွက်တော့ သက်သက်သာသာကလေး ပစ်လို့ရတာပေါ့ကွာ။ ဒါပေမယ့် အဲဒါမျိုးကိုရှောင်ရတယ်။ စည်းဆိုတာ ထားရတယ်။ တောင်ကျချောင်းရေကြောင့် သူ့ခမျာအသက်လုပြေးလာရတာကွာ။ အမောတောင် မပြေသေးဘူး။ တို့ကစောင့်ပစ်မယ် ဆိုတော့ တရားပါ့မလား"

"အဘတက်ပြောတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် တောကောင်ရဘို့ဆိုတာ တစ်နေကုန် ခြေတိုအောင်လျှောက်တာ တောင်မရတတ်တော့ အခုလိုအခြေအနေမျိုးတော့ မလုပ်သင့်ပါဘူး။ ရှောင်လိုက်တာ ကောင်းပါတယ်ကွာ။ စောဂျိမ်းရောဘယ့်နှယ့်လဲ"

"ကောင်းပါတယ်အဘ၊ အချိန်တွေလဲ အများကြီးရှိပါသေးတယ်။ ဒီတောဒီတောင်တွေ ရှိနေသရွေ့ သားကောင်မလေးရှားပါဘူး သံဒိုးရာ"

သံဒိုးက ကမ်းပါးပေါ်တွင်ရပ်၍ နမြောတသစွာနှင့် တောဝက်ရှိရာကို လှမ်းကြည့်လိုက် သည်။ တောဝက်က ကျောက်တုံးများပေါ်မှ တစ်လှမ်းခြင်းလှမ်း၍ တရွေ့ရွေ့သွားနေသည်။

"ဒီအတိုင်းဆိုတောင်ပေါ်မှာပဲ မိုးရွာတာကွ၊ တို့ဆီမှာ ရွာမှာ မဟုတ်တော့ဘူး၊ ကောင်းကင် မှာလည်းရှင်းနေတာပဲ၊ ကဲ - တို့စားဖို့ သောက်ဖို့လုပ်ကြရအောင်ကွာ၊ ဒရယ်ကိုဖျက်ပြီး ကလီစာဟင်း ချက်၊ တစ်ချို့ကိုလည်းကျပ်တင်တာတင်ပေါ့ကွာ၊ အဘဆီမှာတော့ ငပိချောင်းနှင့် ဖက်သန်းသီးပါတယ်။ စောဂျိမ်းဆီမှာလည်း ဆတ်သားခြောက်



www.burmeseclassic.com

www.burmeseclassic.com



ပါတော့ တစ်နပ်စာတော့ အဆင်ပြေပါတယ်"

စောဂျိမ်းနှင့် သံဒိုးက ဒရယ်ကိုဖျက်ကာ အသားများကို ပါလာသောဟင်းခတ်အမွှေးအကြိုင်များဖြင့် ကလီဇာဟင်းရေသောက်ချက်လိုက်သည်။

ဆတ်သားခြောက်ဖုတ်၊ ဖက်သန်းသီးသုတ်၊ ငပိထောင်း၊ ကလီစာဟင်းများနှင့် ထမင်းဝိုင်း ကကြိုနေသည်။ ထမင်းမစားမီ စောဂျိမ်းက စစ်လွယ်အိတ်ထဲမှ ပုလင်းတစ်လုံးထုတ်လိုက်သည်။ ရမ်ပုလင်းဖြစ်သည်။ ရမ်ပုလင်းမြင်သည်နှင့် သံဒိုးကရေခွက်တစ်လုံးတွင် အနည်းငယ်ထည့်ကာ ဆတ်သားခြောက်ဖုတ်အနည်းငယ်နှင့် သစ်ပင်တစ်ပင်အောက်ကိုသွားကာပိုင်ရာဆိုင်ရာများကို တင်မြှောက် ပသလိုက်သည်။ ပြီးမှ ပြန်လာကာ စောဂျိမ်းနှင့် တစ်ယောက်တစ်ခွက် မော့လိုက်ကာ ဆတ်သားခြောက်ကို ဝါးလိုက်သည်။

အဘဦးတက်ခေါင်ကတော့ ထမင်းကိုအားရပါးရစားနေသည်။ တောင်ကျချောင်းရေက တဖြည်းဖြည်းနေသွားပြီဖြစ်သည်။ တသွင်သွင်တော့စီးနေဆဲ။ ထိုအချိန်တွင် အနောက်ဘက် တောတွင်းဆီမှ ခွေးဟောင်သံများကြားလာရသည်။

အဘတက်ခေါင် ၊ စောဂျိမ်းနှင့် သံဦးတို့သုံးယောက်သား ခေါင်းထောင်ကာနားစွင့်လိုက်သည်။ ခွေးဟောင်သံများ တဖြည်းဖြည်းနီးလာသည်။ အဘတက်က . . .

"ဒါအိမ်ခွေးတွေအသံကွ၊ တောထဲမှာဘယ်က အိမ်ခွေးတွေရောက်နေရတာလဲ"

"အဘတက် သေချာရဲ့လား"





"သေချာတာပေါ့ စောဂျိမ်းရေ ဒါအိမ်ခွေးအသံကွ ၃-၄ ကောင်တော့အနဲဆုံးပဲ"

သိပ်မကြာလိုက် ခွေးဟောင်သံများနှင့်အတူ ခွေး ၃ ကောင်တောတွင်းမှ အပြေးထွက်လာကြသည်။ စောဂျိမ်းတို့အဖွဲ့ကိုတွေ့တော့တန့်သွားကာခတ်လှမ်းလှမ်းမှ ဟောင်နေကြသည်။ ထိုအချိန်တွင် တောတွင်းမှ လူနှစ်ယောက် ဒရေသောပါးနှင့် ပြေးထွက်လာကြသည်။ ကြောပိုးအိတ်များနှင့် သေနတ်ကိုယ်စီ ကိုင်ထားကြသည်။ သခင်ပါလာသောကြောင့် ခွေးများကပို၍ဟောင် ကြကာစောဂျိမ်းတို့ကို ဝင်၍ဆွဲတော့မတတ်အနားကိုရောက်လာသည်။

လူတစ်ယောက်က ကရင်လိုပြောလိုက်မှ ခွေးများကငြိမ်သွားသည်။ စောဂျိမ်းက ကရင်လို လှမ်းပြောလိုက်သည်။ ထိုလူက စောဂျိမ်းကို ကရင်လို ပြန်ပြောသည်။ စောဂျိမ်းက ဦးတက်ခေါင်အား…

"အဘတက် သူတို့ကရွှေကျင်ဘက်ကလာတဲ့ မုဆိုးတွေတဲ့၊ သူတို့နေတဲ့ရွာနားက လယ်ထဲမှာ ကျားဝင်ဆွဲလို့ လယ်စောင့်အဘိုးကြီးတစ်ယောက်သေပြီး နွားတစ်ကောင်ဆွဲသွားလို့ ကျားနောက်ကို ခြေရာခံပြီးလိုက်လာကြတာတဲ့၊ နေ့ဝက်ကျိုးနေပြီ ကျားကိုမတွေ့သေးလို့ ဒီဘက်များ ရောက်လာသလားလို့ မေးနေတာပါ"

"မင်းက ဘယ်လိုဖြေလိုက်လဲ"

"အရိပ်အယောင်တောင်မတွေ့မိပါဘူးလို့ဖြေလိုက်ပါတယ်"

နောက်တစ်ယောက်ကမြန်မာလိုပြောသည်။

"ကျွန်တော်တို့က ရွှေကျင်ဘက်ကမုဆိုးတွေပါ။ ကျွန်တော်က အောင်မောင်း။ သူက စောပီတာပါ။ ဟင်းမျိုးကြီးကို ခြေရာခံရင်း၊



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာ တာကြာပြီ"

ဦးတက်ခေါင်က…

"တို့လဲမုဆိုးတွေပဲကွ၊ တို့ဒီကိုရောက်နေတာ ၂ ရက်ရှိပြီ၊ ဟင်းမျိုးဆိုတာ အရိပ်အယောင် တောင်မတွေ့သေးဘူး။ ဒီနယ်ကိုလဲ မကြာခဏတို့တောပစ်ထွက်ဘူးတယ်။ ဟင်းမျိုးကို တစ်ခါမှ မတွေ့ဖူးသေးဘူး။ လွန်ခဲ့တဲ့ (၄) (၅)ဆယ်နှစ်လောက်ကတော့ ပစ်ခဲ့ဘူးပါတယ်။ အခုတော့ မတွေ့တာကြာပြီ ၊ ရှိတယ်လို့လဲမကြားမိပါဘူး"

ထိုအခါကြမှ စောပီတာက မြန်မာလိုဝင်ပြောသည်။

"တောတွေကဆက်နေတော့ မျက်စိလည်လာတာတို့ တောပြောင်းလာတာတို့ရောမဖြစ်နိုင် ဘူးလားဆရာကြီး"

"အေး ဖြစ်နိုင်ပါတယ်ကွာ။ ဒီဘက်ကိုလာတယ်ဆိုတာ သေချာရဲ့လား"

"သေချာပါတယ် ဆရာကြီး ကျွန်တော်တို့လိုက်လာတဲ့လမ်း တစ်လျှောက် ခြေရာတွေသုံးခါ လောက်တွေ့ခဲ့ပါတယ်"

"ဟင်းမျိုးဆိုတာ တောမုဆိုးကွ၊ တောဆိုတာသူတို့နယ်ပဲ၊ အင်မတန် အန္တရာယ်များတယ်၊ မင်းတို့က ကျားပစ်ဘူးလို့လား"

"မပစ်ဖူးပါဘူး"

"အေး ဒါဆိုရင် ပိုပြီးဂရုစိုက်ပါ။ အင်းအင်း တစ်ခုတော့ ရှိတယ်ကွ။ ဟင်းမျိုးဆိုတဲ့ အကောင်မျိုးက လူကိုအင်မတန်ရှောင်တယ်။ ရင်ဆိုင်တွေ့မှ လူကသူ့ကို အန္တရာယ်ပေးမှ မလွဲမရှောင်သာ ပြန်ခုခံတတ်တာ၊ မင်းတို့ပြောသလို လယ်တဲစောင့်တဲ့ အဘိုးကြီးကို ဝင်ကိုက်ပြီးနွားတစ်ကောင်ပါဆွဲသွားတယ်ဆိုတော့ ကျားအိုကြီးဖြစ်နိုင်တယ်"





မုဆိုးအောင်မောင်းက…

"ဒါဆိုရင်အဘရယ်၊ အဘကကျွန်တော်တို့ထက်စာရင် အတွေ့အကြုံရှိပါတယ်။ ကျွန်တော် တို့နဲ့အဘလိုက်ခဲ့ပါလား"

"လိုက်ရတာ မခက်ပါဘူးကွာ၊ ဒါပေမယ့် တို့အဖွဲ့ကရည်ရွယ်တာက ဟင်းမျိုးပစ်ဘို့ မရည်ရွယ်ဘူးကွ၊ မောင်ရင်တို့က မဖြစ်မနေ ပစ်ရအောင် လာကြတာဆိုတော့ ကိုယ့်အလုပ်ပဲ ကိုယ်လုပ်တာကောင်းပါတယ်ကွာ၊ မလိုက်ပါရစေနဲ့"

မုဆိုးစောပီတာက ကိုအောင်မောင်းအား

"အောင်မောင်း လာပါကွာ၊ တို့မှာ လက်နက်တွေပါတာပဲ ကျားထက်ကြီးတဲ့ အကောင်တောင် ပစ်လို့ရပါတယ်။ မင်းကကြောက် လို့လား"

"မကြောက်ပါဘူးကွာ မကြောက်လို့လဲဒီအထိရောက်လာတာပဲ၊ ဟာ -ဒါပေမယ့် ပစ်ဘူး ကြုံဘူးတဲ့ လူပါတော့ပိုကောင်းတာပေါ့၊ တောဆိုတာပရိယာယ်များတယ်ကွ၊ သားကောင်ကလည်း ပရိယာယ် များတယ်။ ဟင်းမျိုးဆိုတာ တောမုဆိုး၊ သူကပရိယာယ်ပိုများသေးတယ်။ အဲဒါကြောင့်ပါ"

"လာပါကွာ၊ တို့မှာ အားကိုးရတဲ့ ဗလ၊ တောင်ကြီးနဲ့တောင် ကျော်သုံးကောင်တောင်ပါတာပဲ၊ အင်အားမသေးပါဘူး သွားကြမယ်"

မုဆိုးအောင်မောင်းနှင့်စောပီတာတို့ ထွက်သွားပြီးနောက် ဆွဲညည်နေသောခွေးသံများလည်း တိတ်သွားတော့သည်။

ဦးတက်ခေါင်က ခေါင်းတဆတ်ဆတ်ညိတ်သည်။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ရိုးမတောကြီးကကျယ်သည်။ တောတောင်ထူထပ်သည်။ ကိုအောင်မော နှင့် စောပီတာ တို့ဦးတက်ခေါင်တို့စခန်းက (၁)နာရီ လောက်ထွက်လာသည်အထိ ဟင်းမျိုး၏အရိပ်အယောင် တောင်မတွေ့ ရသေး။

သစ်ရာ၊ အင်ကြင်း၊ ယမနေပင်ကြီးများအောက်တွင် ရှုပ်ထွေး စွာပေါက်နေကြသော သန်းသတ်ခြုံ၊ စွန်လက်သည်းခြုံ၊ စောင်ပဲခြုံများ အကြားတွင်မုဆိုးကိုအောင်မောင်း၊ စောပီတာ နှင့်ခွေးသုံးကောင်တို့က တိုးဝှေ့ကာသွားနေကြရင်း မြေပြန့်ကလေးတစ်ခုသို့အရောက်တွင် စောပီတာ ကတုန့်ကနဲရပ်လိုက်သည်။ မြေပျော့ဖြစ်နေသောကြောင့် ခြေရာကတင်း နေသည်။ရှေ့ပိုင်းက အဖု ခွက်ကလေး လေးခွက်နှင့်နောက်ပိုင်းက အဖုခွက်ကြီးတစ်ခွက်၊ အကျယ်ကခုနစ်လက်မခန့်ရှိသည်။ ခြေရာ တစ်ခုကမြက်ပေါ်တွင်ရောက်နေသောကြောင့် သိပ်မထင်ရှားလှ။

"ဟင်းမျိုးခြေရာကွ"

ကိုအောင်မောင်းက-

"စောပီတာ ဒါဆိုရင်သိပ်မဝေးတော့ဘူးကွ၊ ဒီနားတစ်ဝိုက်မှာ ရှိနိုင်တယ်၊သတိတော့ထားရမယ်"

"အေး ခြေရာတွေက အနောက်ဘက်ကိုဦးတည်နေတယ်ကွ၊ ကလိန်ချောင်ဘက်ကို သွားနိုင်တယ်၊ ကဲ အချိန်ရှိတုန်း လိုက်ကြရ အောင်"

"စောပီတာ ဗိုက်တွေလဲချောင်နေပြီကွာ၊ မောဝိုင်းရေကြီးပဲ သောက်နေရလို့ ရေဗူးတောင် အတော်ရော့နေပြီ။ ထမင်းစားကြ ရအောင်"





"အေး ငါလဲဇောနဲ့ဆိုတော့ စားဘို့တောင်မေ့နေတယ်။ ခွေးတွေ လဲခေါ်ပြီး ကျွေးလိုက်ကြရအောင်။ ဒီကောင်တွေလဲ မောပြီးဆာ နေရောပေါ့။ ဒီကောင်တွေပါလာတာ အားတော့ကိုးရပါရဲ့။ သူတို့အသံ ကြောင့် ဟင်းစားကောင်တွေပြေးကုန်တော့ တို့လမ်းမှာစားဘို့ ဟင်းစား တောင် တစ်ကောင်မှမရဘူး။ ကိုယ့်ရိက္ခာပဲကိုယ်စားရမှာပေါ့ကွာ"

ပါလာသောထမင်းထုပ်များ၊ ငါးခြောက်ဖုတ်များ၊ ဘဲဥပြုတ် များကို ထုတ်ကာဝမ်းဖြည့် လိုက်ကြသည်။ ခွေးများအတွက်ကတော့ ငါးခြောက်ရိုးများနှင့် ရောပြုတ်ထားသော ပြောင်းဆန်များကို ကျွေး လိုက်သည်။

ကိုအောင်မောင်းနှင့်စောပီတာတို့ စားသောက်ပြီးထွက် လာကြတော့ ခွေးများကလည်း ဗိုက်ဖြည့်သွားသောကြောင့် ရှေ့ကနေ တက်ကြွစွာနှင့်ချီတက်နေကြကာ တစ်တောလုံးခွေးသံများ နှင့်ဆူညံနေ သည်။ ခွေးများကဆူဆူညံညံနှင့် ရှေ့ကနေသွားနေရင်း ခွေးသံများ တဖြည်းဖြည်း ဝေးသွားတော့သည်။ စောပီတာက…

"မင်းမို့လို့ကွာ ဒီအဘိုးကြီးကို တို့နဲ့လိုက်ဘို့ တောင်းတောင်း ပန်ပန်ခေါ်နေတယ်။ သူကြည့်ရတာ ကကျိုကကြောင်ကြီးပါ"

"အသက်ကြီးတဲ့ လူဆိုတော့ သူကတို့ထက်အရင်အတွေ့ အကြုံများတယ်လေကွာ၊ သူက ဟင်းမျိုးကိုပစ်ဘူးတော့ တို့အတွက် အကူအညီရမလားလို့ပါ"

"ငါကဟင်းမျိုးကို ကိုယ်တိုင်သာမပစ်ဘူးတာပါကွာ၊ အမဲလိုက် အတွေ့အကြုံရှာနေတုန်းက တောထဲက ငါ့ရဲဘော်တွေနဲ့ ဟင်းမျိုး လိုက်ပစ်တာ ငါခဏခဏကြုံဖူးပါတယ်။ အဓိက ကတော့ လက်နက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဘို့အရေးကြီးတာပဲ၊ တို့ပါလာတဲ့ဟာတွေက ဟင်းမျိုးမပြောနဲ့ ပြောင် တောင်ပစ်လို့ရပါတယ်"

"ဒါကတော့ ကျွမ်းကျင်ရာလိမ္မာပေါ့ကွာ . . . တချို့မှုဆိုးတွေဆိုရင် ဒူးလေးတို့၊ တူးမီးတို့နဲ့တောင် ဟင်းမျိုးလိုကောင်မျိုးကို ရအောင်ပစ်ကြတာပဲ၊ တောဘုရင်ဆိုတာ ပရိယာယ်များတတ်လို့ အတွေ့အကြုံရှိတဲ့လူကိုငါက ခေါ်တာပေါ့"

စောပီတာက မောမောနဲ့ စစ်သုံးရေဗူးကြီးကို မော့သောက်လိုက်သည်။

"ဟာ . . . ရေတောင်အတော်နည်းနေပြီ၊ မင်းရေဗူးရော"

"ငါ့ရေဗူးလည်း ကုန်နေတာကြာပြီကွ"

"ဒါဆိုရင် ရှေ့နားကမြောင်းထဲကိုငါရေဆင်းခပ်လိုက်ဦးမယ်၊ ခရီးကရှေ့အတော်ဆက်ရဦးမှာ"

ထိုအချိန်တွင် ခပ်ဝေးဝေးမှ ကျားဟိန်းသံသဲ့သဲ့ကို နှစ်ယောက်လုံးကြားလိုက်ရလေသည်။ စောပီတာက မြောင်ဘက်သို့ ခြေဦးလှည့်လိုက်ရာမှ ကိုအောင်မောင်းဘက်သို့ ကြည့်လိုက်သည်။ ပြီးမှ-

"ကိုအောင်မောင်း ဝေးပါသေးတယ်ဗျ "

ဟုဆိုကာ မြောင်တွင်းသို့ ပြေးဆင်းသွားတော့သည်။ ကိုအောင်မောင်းက အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်တွင် အေးအေးဆေးဆေးထိုင်ကာ အနားယူနေတော့သည်။ ကိုအောင်မောင်းထိုင်နေ၍ ၅မိနစ်ခန့်အကြာတွင် ခွေးသုံးကောင်အမောတကောဖြင့် အပြေးရောက်လာကြသည်။ တစ်ကောင်မျှအသံမထွက်၊ တောင်ကျော်ဆိုသောခွေးကအမြီး[illegible]ကုပ်နေလေသည်။ သုံးကောင်စလုံးလျှာထွက်နေကြသည်။

ထက်ဝေယံစာပေ



ကိုအောင်မောင်းစိတ်ပူသွားသည်။ ခွေးများဟင်းမျိုးနှင့် ရင်ဆိုင်တွေ့လိုက်ပြီဟု သဘောပေါက်လိုက်သည်။ တခြားတောကောင်ဆိုလျှင် အမြီးတထောင်ထောင်ဖြင့် ဒေါသကြီးနေသောခွေး များ ဟင်းမျိုးနှင့်ထိပ်တိုက်ရင်ဆိုင်တွေ့လိုက်သောအခါ ခွေးသဘာဝအတိုင်း ဖင်သီနေကြခြင်းဖြစ်သည်။

ခွေးများကို စုပ်သပ်၍ချော့လိုက်သည်။ ခွေးများက ကိုအောင်မောင်းအနားတွင် ဝိုင်းနေသည်။(၁၀) မိနစ်လောက်အကြာတွင် ကိုအောင်မောင်းမြောင်းတွင်းကို မျှော်ကြည့်လိုက်သည်။ အရိပ် အယောင်ပင်မတွေ့သေး။ မြောင်းအောက်ခြေတွင် စမ်းချောင်းရှိသည်။ စမ်းချောင်းကို ရေဆင်းခပ်လျှင် ဒီလောက်မကြာသင့်။ မြောင်က တောင့်ကျ်ပျောပင်များ၊ မြက်ရိုင်းပင်များဖြင့် ပြည့်နေသည်။ ရေကောင်းစွာရသောကြောင့် သစ်ပင်များအရှမ်းသန်နေခြင်းဖြစ်သည်။ ကိုအောင်မောင်းက မြောင်အစပ်တွင်ရပ်ကာ အောက်ကိုငုံ့ကြည့်လိုက်သည်။ ထူးခြားမှုမတွေ့ရ။ ကိုအောင်မောင်းက အနားတွင်ပါလာသော ခွေးများကိုမြောင်တွင်းသို့ လက်ညှိုးထိုးပြလိုက်သည်။ ခွေးသုံးကောင်စလုံး တဝုတ်ဝုတ်ဟောင်ကာ မြောင်တွင်းသို့ ပြေးဆင်းသွားကြလေသည်။

မြောင်ကနက်လှသည်မဟုတ်၊ အလွန်ဆုံးရှိမှ ကိုက်၅၀ လောက်သာနက်လေသည်။ ရေဆင်းခပ်ပြီးပြန်လာလျှင် ၁၀မိနစ်၊ ၁၅မိနစ်လောက်သာကြာသင့်သည်။ ကိုအောင်မောင်းစိတ်ပူ စပြုနေပြီ။

ထိုအချိန်တွင် မြောင်တွင်းသို့ဆင်းသွားသော ခွေးသုံးကောင် အနက်ဗလနှင့် တောင်ကြီးက အမြီးကုပ်၍ပြေးတက်လာသည်။ တောင်ကျော်တော့ပါမလာပေ။ ကိုအောင်မောင်း ခေါင်းကြီးသွားသည်။

ထက်ဝေယံစာပေ

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ခြေရင်းတွင် ထောင်ထားသော သေနတ်ကိုပြေးယူလိုက်ကာ တဖြည်းဖြည်း ဆင်းသွားလိုက်သည်။

မြောင်က သစ်ပင်များ၊ မြက်ရိုင်းပင်များ၊ တောငှက်ပျောပင်များ ထူထပ်စွာပေါက်နေသောကြောင့် တရွေ့ရွေ့ဆင်းလာသည်နှင့်အမျှ တဖြည်းဖြည်းမှောင်လာသည်။ တစ်နေရာတွင် မြွတ်သိပ်စွာသီးနေသော ပိန္နဲပင်တစ်ပင်၊ တချို့အသီးများက မှည့်နေသောကြောင့် အက်ကွဲကာ ပိန္နဲသီးအမွှာများထွက်နေကြသည်။

မြောင်အောက်ခြေသို့ မရောက်မီတစ်ဝက်လောက်တွင် ဟဲကနဲ မြည်သံကြီးကို ကြားလိုက်ရသည်။ သတ္တဝါတစ်ကောင်၏ အော်သံမှန်းကို ကိုအောင်မောင်းအတပ်သိလိုက်သည်။ စောပီတာတစ်ယောက် ဟင်းမျိုးကြီးနှင့် ရင်ဆိုင်တွေ့နေပြီလား။ သူရေခပ်ဆင်းသွားချိန်က သေနတ်ကို ကျောတွင်တွယ်လျှက်ပါသွားသည်ကို မြင်လိုက်ရသည်။ ဟင်းမျိုးကြီးနှင့် တွေ့ပါက သေနတ်သံကြားရမည်။ အခုဘာကြောင့် သေနတ်သံမကြားရပါသလည်း။ ဟင်းမျိုးကြီးဟိန်းသံကို ခပ်ဝေးဝေးမှ ကြားလိုက်ရသည်။ တခြားတစ်ကောင်ကောင်များဖြစ်နေသလား။ ကိုအောင်မောင်း အတွေးတွင် သို့လောသို့လောအတွေးဖြင့် သေနတ်ကို သတိအနေအထားဖြင့် တင်းတင်းဆုပ်ကိုင်ကာ တရွေ့ရွေ့ဆင်းလာခဲ့သည်။

ရေစီးသံသဲ့သဲ့ကိုကြားနေရသည်။ ကိုအောင်မောင်း မြောင်အောက်ခြေအရောက်တွင် မျက်စောင်းထိုး၁၀ကိုက်အကွာလောက်မှ တောငှက်ပျောပင်များ တဖြောဖြောမြည်ကာ လှုပ်သွားသည်။ ကိုအောင်မောင်းက အသံကြားရာဆီသို့ သေနတ်ကိုချိန်လိုက်သည်။ ငှက်ပျောလက်များက လှုတ်သွားပြီးနောက် ပြန်ငြိမ်သွားသည်။





ကျောက်တုံးအကြို့အကြားမှ ကွေ့ပတ်ကာစီးနေသော စမ်းချောင်းကလေးအတိုင်းအသံကြားရာ ငှက်ပျောတောဆီသို့ ဘေးတိုက် တည့်တည့်တရွေ့ရွေ့လျှောက်သွားလိုက်သည်။တည့် တည့်အရောက် တွင်ငှက်ပျောတောအစပ်၌ တွေ့လိုက်ရသောစစ်လွယ်အိတ်တစ်လုံး စောပီတာ လွယ်နေကြစစ်လွယ်အိတ်ဖြစ်သည်။ သေချာပြီဒီအတိုင်းဆို စောပီတာဒုက္ခတွေ့နေပြီဖြစ်ကြောင်း ကိုအောင်မောင်း သဘောပေါက်လိုက်သည်။

ထိုအချိန်တွင် ဟဲကနဲအော်ကာ ကိုက်(၂၀)အကွာလောက်ရှိ ငှက်ပျောတောမှ ဖြတ်ပြေးသွားသော အဝါနှင့်အနက်စင်း ဟင်းမျိုးကြီး။ မြန်လိုက်သည်ဖြစ်ခြင်း။ လျှပ်လက်သလိုတွေ့လိုက် ပြီးနောက်ချက်ခြင်း ပျောက်သွားသည်။ ကိုအောင်မောင်း သေနတ်နှင့်ချိန်ဘို့ ပင်အချိန် မရလိုက်။ ကိုအောင်မောင်းကကျောက်တုံးများကိုကျော်လွှားကာ စမ်းချောင်းကလေးကိုဖြတ်၍ ငှက်ပျောတောအစပ်ရှိ စစ်လွယ်အိတ်ရှိရာ သို့သွားလိုက်သည်။ စစ်လွယ်အိတ်ကို ကောက်ယူ၍ ငှက်ပျောတော အတွင်းသို့ ဖြတ်ကနဲကြည့်လိုက်ရာ ခေါင်းပိုင်းကငှက်ပျောပင်ကွယ်နေ၍ မမြင်ရပဲဖင်ပိုင်း သာမြင်လိုက်ရသောတောင်ကျော်။

ငှက်ပျောပင်ခြေရင်းတွင်ဗိုက်ပွင့်ကာ အူများထွက်၍ အသက်ပျောက်နေသော တောင်ကျော်။ ငှက်ပျောတောအတွင်း သတိအနေအထားဖြင့် လျှောက်လာရင်းတစ်နေရာတွင် မှောက်လျှက်လဲ၍ ခေါင်းပိုင်းတစ်ခုလုံးသွေးများအိုင်ထွန်းကာ အသက်ပျောက်နေသော စောပီတာ။ လည်ပင်းတွင်ကျပ်ပြားဝိုင်းခန့် အစွယ်ရာအပေါက်ကြီးက သွေးများဒလဟောထွက်နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်မောင်း မေးရိုးကြီးများထောင်လာအောင် အံကို ကျိတ်လိုက်သည်။ ထိုအချိန်တွင် ကိုအောင်မောင်း အနောက်ဘက်ဆီမှ ငှက်ပျောလက်လှုပ်သံကိုကြားမိလိုက်သည်။ ကိုအောင်မောင်းက အနီးရှိ ငှက်ပျောပင် ၄ ၊ ၅ ပင်စု၍ ပေါက်နေသောငှက်ပျောရုံအကြား တိုးဝင် လိုက်သည်။ ငှက်ပျောလက်ဖားဖားကြီးများက ကိုင်းကျနေသောကြောင့် ကိုအောင်မောင်းတစ်ကိုယ်လုံး ငှက်ပျောပင်များထဲတွင် ပျောက်နေသည်။

တစ်တောလုံးတိတ်ဆိတ်နေသည်။ ငှက်ပျောလက်များကို သေနတ်ပြောင်းနှင့် တရွေ့ရွေ့ ဖြရင်းငှက်ပျောတောအတွင်း အကဲ ခတ်လိုက်သည်။ လေငြိမ်နေသောကြောင့် ငှက်ပျောရွက်လှုပ်သည်ကို ပင် မမြင်ရ။ ဟင်းမျိုးကြီးက ငြိမ်ချက်သားကောင်းနေသည်။ အလွန် ပါးနပ်သော အကောင်ဖြစ်၍ ကိုအောင်မောင်းကို ကွေ့ပတ်၍ ချောင်းနေ မည်ကို သဘောပေါက်ထားသည်။ (၁၅)မိနစ်လောက်ကြာသည် အထိငြိမ်သက်နေဆဲ။ ထိုအခါကြမှလည်းချောင်းများခြောက်ကာ ရေတော် နေသည်ကို ကိုအောင်မောင်းသတိထားမိသည်။

တိတ်ဆိတ်နေသော အချိန်တွင်ရစ်ငှက်တစ်ကောင်က စူးရှစွာ အော်လိုက်သည်။ ကိုအောင်မောင်းသဘောပေါက်လိုက်သည်။

ငြိမ်သက်နေသောငှက်ပျောတောအတွင်းမှ ခတ်လှမ်းလှမ်းရှိ ငှက်ပျောလက်အရင့်၊ အဝါရောင်တစ်ခုကမသိမသာ ကလေးရွေ့နေ သည်။ ငှက်ပျောလက်ကရင့်လာလျှင် အဝါရောင်သန်းလာ၍ သိပ် မကြာမီ အညိုရောင်ပြောင်း၍ခြောက်တော့မည်ဖြစ်သည်။ ကိုအောင် မောင်းက မသိမသာကလေးရွေ့နေသော ငှက်ပျောလက်အဝါရောင်ကို သတိထားမိ၍ ဂရုစိုက်ကာကြည့်နေသည်။ သိပ်မကြာလိုက် အဝါရောင်





ငှက်ပျောလက်ကြားမှ အရောင်မတူသော အဝါရောင်တစ်ခုပေါ်လာ ကာ ထို့နောက်အမည်းရောင် အစင်းကြီးပေါ်လာပြန်သည်။

အဝါအနက်အစင်းက အောက်သို့တဖြည်းဖြည်းရွေ့သွားချိန်တွင် လက်ပြင်နေရာဟု ကိုအောင်မောင်းမှန်းဆမိသောကြောင့် စိတ်ကို အတည်ငြိမ်ဆုံးထားတာ ခလုတ်ကိုညှစ်လိုက်သည်။

"ဒိန်း"

ပဲ့တင်သံနှင့် အတူကျေးငှက်သာရကာ၊ တောသတ္တဝါများ၏ အသံများပါ တစ်တောလုံး ဆူညံသွားသည်။ ဆူညံသံများတခဏအတွင်း ပြန်လည်ငြိမ်သက်သွားချိန်တွင် တဝုန်းဝုန်းတဗိုင်းဗိုင်းဖြင့် မာန်သွင်းကာ မြောင်အတွင်း၌ သောင်းကျန်းနေသော ဟင်းမျိုးကြီး။ ကိုအောင်မောင်း သေနတ်ကျည်က ယာဘက်လက်ပြင်အတွင်းမှ ဝင်သွားပြီးဟင်းမျိုး ကြီးက သုံးပေခန့်လောက် မြောက်တက်သွားကာပဲ့ဘက်သို့ ဗုန်းကနဲ ပစ်ကျသွားသည်။ ထို့နောက်မြေကြီးများကို ကုတ်ခြစ်ရင်းအနီး ရှိငှက်ပျောပင်များကို တဂျွမ်းဂျွမ်းမြည်အောင်ကိုက်ပါးနေပြန်သည်။

ကျည်ဝင်သွားသော အပေါက်ကြီးမှ သွေးများဒလဟောစီး ထွက်နေသော်လည်း ချက်ကောင်းမဟုတ်သောကြောင့် သောင်းကျန်း နေခြင်းဖြစ်သည်။ ကိုအောင်မောင်းက အနားသို့ တရွေ့ရွေ့တိုးလာရင်း မထနိုင်တော့သည့်ဟင်းမျိုးကြီး၏ ခေါင်းကိုဒုတိယကျည်တစ်တောင့် ပစ်သွင်းလိုက်သည်။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ရှီးမတောအတွင်းရှိသစ်ထုတ်လုပ်ရေးစခန်းများဖြစ်သည်။

စောဂျိမ်းက ချေ(ဂျီ)တစ်ကောင်ကိုထမ်းလာကာ သစ်ထုတ်လုပ်သားများနှင့် ရေနွေးကြမ်း ဝိုင်းဖွဲ့နေသော ဦးတက်ခေါင်ရှိရာသို့ လျှောက်လာရင်း • • •

"အဘတက်ရေ စိတ်မကောင်းစရာသတင်းတော့ ကြိုးဝိုင်းထဲက ကြားလာတယ်"

"မုဆိုးတစ်ယောက်ဟင်းမျိုးကိုက်ခံရတဲ့ သတင်းမဟုတ်လား"

"ဟာ အဘတက်ကသိနေပြီလား"

"ကြိုးဝိုင်းထဲက တောခေါင်းကြီးကိုအေးမောင်ငှက်ဖျားပြန်ထလို့ ဒီစခန်းကိုရောက်နေတယ်လေကွာ၊ သူပြောပြလို့ ငါလဲသိတာပါ"

"ဘယ်သူတဲ့လဲအဘရဲ့"

"ဘယ်သူရှိဦးမှာလဲကွ၊ ဟိုတစ်နေ့က တို့နဲ့တွေ့တဲ့ ရှေ့ကျင်ဘက်ကလာတဲ့ မုဆိုးနှစ်ယောက်လေ၊ ဟင်းမျိုးကိုက်လို့ သေတာက စောပီတာဆိုတဲ့ကောင်ပေါ့၊ မင်းတို့လူမျိုးပဲ၊ မင်းနဲ့တောင်စကားပြောကြသေးတယ်လေ"

"ဪ • • •သိပြီ၊ အဘတက်ကိုတောင်တစ်ယောက်က





လိုက်ခဲ့ဘို့ ခေါ်သေးတယ်လေ၊ အဘတက်ကငြင်းလိုက်တာ မှတ်မိတာပေါ့၊ စောပီတာက သူ့ကိုယ်သူအထင်ကြီးပုံရတယ်"

"မုဆိုးဆိုတာ အဲဒါပဲကွ၊ ဘယ်လောက်တော်တော် ဘယ်လောက်ကျွမ်းကျွမ်း ဟင်းမျိုးဆိုတာ တောမုဆိုးမာယာများတယ်။ ဒီကောင်ကသူ့ကိုယ်သူ့လက်နက်အားကိုးနဲ့ အထင်ကြီးတော့ တောမုဆိုးရဲ့မာယာကို အမိခံလိုက်ရတာပေါ့။ နောက်တစ်ချက်က အမဲလိုက်ခွေးကောင်းဆိုတာ ဘယ်တော့မှ ဆူဆူညံညံအသံမထွက်ဘူး။ တောကောင်ရမှသာ သခင်ကိုအသံပေးပြီးအသိပေး တတ်တာ၊ ဒါလောက်တစ်တောလုံးဆူညံနေမှတော့ ဟင်းမျိုးကသိနေပြီပေါ့ကွ"

"ဟင်းမျိုးကိုလည်းအသေတော့ရလိုက်တယ်တဲ့။ ဒါပေမယ့် မုဆိုးချင်းဒီလိုမျိုးကြားရတော့ စိတ်မကောင်းပါဘူးအဘရာ"

"မင်းလဲမုဆိုးပဲနောက်ကိုသင်ခန်းစာယူပေါ့ကွာ၊ဟာ • • မင်းထမ်းလာတဲ့ချေ(ဂျီ)ကို ချလိုက်ပါဦးကွ"

"ဪ - မေ့လို့အဘရေ၊ ဒီညနေတော့ ဒီစခန်းကလူတွေ ချေ(ဂျီ)သားဟင်းနဲ့ ထမင်းမြိန် ဦးမှာပဲ၊ သူတို့လဲ ဟင်းငတ်နေတာကြာပြီလို့ပြောတယ်"

"မင်း အတွက်ကရော"

"ချက်အရက်ကလေးနဲ့ ချေ(ဂျီ)သားကလီစာဟင်းပေါ့ အဘရာ"

◆ ◆ ◆ ◆ ◆

မောင်မြင့်မား (ဘိုကလေး)



www.burmeseclassic.com

www.burmeseclassic.com



## ကိုပြုံးနှင့်ခြေတံရှည်အိမ်ကြီး

မောင်မြင့်မား(ဘိုကလေး)





BURMESE CLASSIC .com

နေကပူ၊ ရေကငတ်၊ အာခေါင်တွေကခြောက်၊ ခရီးပမ်းလာသောကြောင့် လွယ်ထားသော အိတ်နှင့် ဒူးလေးကိုပင်မသယ်ချင်။ ကိုပြုံး အခုမှနောင်တတွေရနေသည်။ ရွာမှာရှိစဉ်ကတစ်ခါ တလေ ရောက်လာတတ်သော မုဆိုးတစ်ချို့နှင့် နှစ်ခါလောက် တောပစ်လိုက်ခဲ့ဘူးသော ကိုပြုံးက ပိုးဝင်ကာ တောပစ်အရမ်းထွက်ချင်နေသည်။

တစ်ယောက်တည်းကြတော့လည်း မထွက်ရဲ၊ တစ်မိုးသာကုန်သွားသည်။ ဘယ်မုဆိုးမှ ရွာကိုရောက်မလာ။ သို့သော် ဆောင်းအကုန်နွေအကူးတစ်ရက်တွင် မုဆိုးနှစ်ယောက်ကိုပြုံးတို့ ရွာကိုရောက်လာသည်။ သူကြီးအိမ်မှာတည်းသည်ဟု ကြားသောကြောင့် ကိုပြုံးအပြေးရောက်လာသည်။ သူကြီးက ကိုပြုံးအကြောင်းကို သိသောကြောင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်ပြူးမင်းငါ့အိမ်လာတာ ငါသိတယ်ကွ"

"ဟုတ်ပါတယ်သူကြီး"

"ဒါက ငါ့မိတ်ဆွေတွေ မုဆိုးစောကျွမ်းနဲ့ ကျော်စိုးတဲ့၊ တို့ရွာအရှေ့ဘက်က တောထဲကိုတော ပစ်ဘို့ရောက်လာတာပဲ မင်းအတူလိုက်ချင်လို့လား"

"ဟုတ်ကဲ့ပါသူကြီး"

"မင်းလိုက်ချင်ပေမယ့် သူတို့ကခေါ်ချင်ဦးမှကွ၊ မုဆိုးဆိုတာ စည်းကမ်းကြီးတယ်"

ကိုပြူးက မျက်နှာသေကလေးဖြင့် အသနားခံသည်။

"သူကြီးရယ် မုဆိုးကြီးတွေအမိန့်ပေးတဲ့ အတိုင်းကျွန်တော်လိုက်နာပါမယ်။ ကြက်ကောက် ငှက်ကောက်ကလေးဖြစ်ဖြစ်လိုက်ပါရစေ သူကြီးကျွန်တော့်ကိုပြောပေးပါ။"

ထိုင်၍နားထောင်နေသော စောကျွမ်းကပြုံးသည်။ ပြီးမှ---

"သူက ဘာဖြစ်လို့လိုက်ချင်တာလဲ"

သူကြီးက . . .

"ဒီလိုစောကျွမ်းရေ မနှစ်ကရွာကိုရောက်လာတဲ့ မုဆိုးတွေနဲ့ တောပစ်ထွက်တာ သူလိုက်ဘူးတယ်၊ အဲဒီကတည်းက ဒီကောင်ပိုးဝင်သွားတာပဲ ။ ဒူးလေးတစ်လက်တောင်ဒီကောင်ဝယ်ထား သေးတယ်။ မြားတန်တော့သူဟာသူလုပ်တယ်ထင်တယ်။ တောပစ်အတွေ့အကြုံရချင်လို့ စောကျွမ်းတို့နဲ့ လိုက်ချင်နေတာ"

"တောပစ်တာ လူများရင်အနှောက်အယှက်ဖြစ်တယ်။ စိတ်တူကိုယ်တူနဲ့ စည်းကမ်းကို လိုက်နာမယ်ဆိုရင်တော့ အဖော်တောင်

ထက်ဝေယံစာပေ



ရပါတယ်။ သူကဒီရွာသားလား"

"ဟုတ်တယ် စောကျွမ်း"

"ဒါဆိုရင် တောကျွမ်းမှာပေါ့"

ကိုပြူးက . . .

"သစ်ခုတ်၊ ဝါးခုတ်ထွက်ဘူးတယ်။ တောပစ်လည်းနှစ်ခါလောက်လိုက်ဘူးတယ်။ သိပ်တောနက်ရင်တော့ မကျွမ်းဘူး"

"ဒါဆိုရင်တော့ မဆိုးပါဘူး။ ဒူးလေးတော့ကောင်းကောင်းကိုင်တတ်တယ်နော်"

"ကိုင်တတ်ပါတယ်"

"ကျုပ်တို့နဲ့လိုက်ရင်တော့ ကျုပ်တို့စကားနားထောင်ရမယ် ခင်ဗျားလုပ်ချင်သလိုလုပ်လို့တော့ မရဘူး"

"စိတ်ချပါမုဆိုးကြီး"

"ဒါဆိုရင်မနက်စောစောဒီကို အရောက်လာခဲ့၊ စောစော ကလေးထွက်ကြမယ်"

နံနက်စောစော ဝေလီဝေလင်းအချိန်ကစ၍ မနားတမ်းခရီးပြင်နှင်လာလိုက်သည်။ နေထန်းတစ်ဖျားအချိန်လောက်မှ တောကြက်တစ်ကောင်နှင့် ယုန်တစ်ကောင်သာရသေးသည်။ ထိုတောကြက်နှင့်ယုန်ကလည်း ကိုပြူးဒူးလေးကြောင့်ရလိုက်ခြင်းဖြစ်သည်။သေနတ်များကိုင် ထားသောမုဆိုးရင့်မာကြီးများက ဟင်းစားကောင်တစ်ကောင်မျှမရသေးပဲ ဒူးလေးကိုင်ထားသော မုဆိုးပေါက်စက တောကြက်နှင့် ယုန်ပစ်လိုက်ရသောကြောင့် ကိုပြူးစိတ်ထဲတွင် အတော်ကျေနပ်နေသည်။

ထက်ဝေယံစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

တစ်နေရာအရောက်တွင် တောင်သဖန်းပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသည်။ ခပ်ဝေးဝေး ကပင် မွှေးကြိုင်နေသော တောင်သဖန်း သီးအနံ့ကိုရနေသည်။ စောကျိမ်းကတောင်သဖန်းပင်နား မရောက်မီ

"ကျော်စိုး အပင်အောက်မှာ ဟင်းစားကောင်ရနိုင်တယ်၊ သတိထား"

ကျော်စိုးကပါလာသော ပို့င့်တူးတူးကိုကိုင်၍ မောင်းတင်လိုက် သည်။ စောကျိမ်းစကား ကြောင့်ကိုပြူးကလည်း ဒူးလေးကို အသင့် လုပ်ထားလိုက်သည်။ တောင်သဖန်းသီးများက တစ်ပင်လုံးညွတ် နေအောင် သီးနေသည်။ အပင်အောက်တွင်လည်း ကြွေကျနေသော တောင်သဖန်းသီး များကဖွေးဖွေးလှုပ်နေသည်။ အပင်အောက် ပတ်ဝန်း ကျင်တွင် တောကင်ပွန်းခြုံသန်းသတ်ခြုံများ ကြောင့်တောကောင် များရောက်နေလျှင် တောင်မြန်းကနဲ တွေ့ဖို့မလွယ်ဘူး၊ ထို့ကြောင့်ခြုံများ ကြားမှ တရွေ့ရွေ့တိုးရင်းအပင်အောက်ကို ရောက်အောင်သွားနေရသည်။

စောကျိမ်းကရှေ့မှ ဦးဆောင်ကာခြုံတိုးနေရင်း တစ်နေရာတွင် ရပ်လိုက်သည်။ ပြီးမှလေသံ တိုးတိုးဖြင့်. . .

"အပင်အောက်မှာရှိတယ်။ ဘာကောင်လဲတော့မသဲကွဲ သေးဘူး။ ပစ်ဆိုမှပစ်နော်"

ကျော်စိုးက ခေါင်းညိတ်ပြလိုက်သည်။ ပြီးမှစောကျိမ်းရပ်နေရာ ခြုံဘေးမှ ရပ်ကြည့်လိုက်သည်။ တောင်သဖန်းပင်ကြီး၏ တဘက်တွင် ခေါင်းငုံ့ကာ စားနေသောသတ္တဝါတစ်ကောင်၏ ဖင်ပိုင်းကိုမြင်လိုက် ရသည်။ ထို့အတူ အပင်၏ အနောက်ဘက်ခြုံအကွယ်တွင် တစ်လှုပ် လှုပ်ဖြင့် မည်းမည်းသာမြင်ရသောအကောင်တစ်ကောင်။ ယုန်နှစ်





ကောင်ကလည်းတောင်သဖန်းသီးကို ခြုံထဲကနေထွက်ဆွဲကာ ခြုံထဲတွင် ယူ၍စားနေသောမြင်ကွင်းကလည်း တွေ့နေရသေးသည်။

စောကျိမ်းက တစ်ချက်စဉ်းစားလိုက်ကာ လက်ဟန်ခြေဟန်ပြ၍ ခြုံများကိုတိုးကာ ငုံ့ကာ ဖြင့်လျှောက်သွားလိုက်သည်။ ခြုံကောင်းသော ဥနဲပင်တစ်ပင်အကွယ်ကိုရောက်သည်နှင့် ရပ်လိုက်သည်။ ဥနဲပင် အကွယ်မှ စောကျိမ်း ချောင်းကြည့်လိုက်သောအခါ မြင်ကွင်းက ရှင်းသွား သည်။ စောစောကပင်တစ်ပိုင်းသာမြင်ရသောအကောင်က ဒရယ်ဖိုနှင့်ခြုံ အကွယ်မှ မည်းမည်းသာမြင်ရသော အကောင်က ချိုလက်လေးလုံးခန့် ထွက်နေသောဆတ်တစ်ကောင်ဖြစ်သည်။

စောကျိမ်းကအိတ်ထဲမှ မီးခြစ်ကိုထုတ်ကာခြစ်ကြည့်လိုက်သည်။ တော်သေးသည်။ စောကျိမ်း တို့ကလေအောက်တွင် ရောက်နေသည်။ စောကျိမ်းက ဒရယ်ကောင်ရှိရာသို့ သူ့တူမီးကြိုးကို ထိုး ချိန်လိုက်သလို နောက်တစ်ကောင်အတွက် ကျော်စိုးကိုလက်ပြလိုက်သည်။ ကျော်စိုးက လည်း သူ့ပို့င့်တူးတူးကို ထိုးချိန်လိုက်သည်။

ဒရယ်ဖိုက တောင်သဖန်းသီးများကို အေးဆေးစွာပင်ငုံ့ စားနေသည်။ စောကျိမ်းက ဥနဲပင်ကိုင်းထက်တစ်ခုပေါ်တွင် သေနတ် ပြောင်းကိုတင်၍ ချိန်ထားခြင်းဖြစ်သည်။ ကျော်စိုးကဥနဲပင် တစ်ဘက် အစပ်မှရပ်ကာ ပို့င့်တူးတူးကိုချိန်နေသည်။

"ဒိန်း"

"ဖြန်း"

စောကျိမ်းထံမှ ကျည်ထွက်သံနှင့် ကျော်စိုးထံမှကျည် ထွက်သံ သည် စက္ကန့်ပိုင်းလောက်သာခြားသည်။ သို့သော် စောကျိမ်းခလုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲလိုက်ချိန်တွင် ဥနဲပင်ကိုင်းကပြိမ့်ကန်ဖြစ်ကာ အောက်ကို နိမ့်ကျသွားသောကြောင့် ပစ်မှတ်ကလွဲသွားသည်။ ဒရယ်ဖို၏ဗိုက်အောက်တွင် မြေသားများ ဖွာကနဲဖြစ်သွားကာ ဒရယ်ကရှေ့က ခြုံတောထဲကိုဒရောသောပါး ဝင်ပြေးသွားတော့သည်။

ကျော်စိုးပစ်လိုက်သော ပစ်မှတ်ကဆတ်ကောင်ကို တိတိကျကျထိလိုက်သောကြောင့် ဆတ်ကောင်က ဒူးညွှတ်ကာခေါင်းစိုက်သွားပြီး ယာဘက်သို့ခွေကျသွားသည်။ ထိုအချိန်တွင် ကိုပြူးထံမှ "ဝှစ်" ကနဲအသံကြားလိုက်ရပြီး ခြုံစပ်မှထွက်ပြေးလာသော ယုန်တစ်ကောင်ကို မျှားတံက စိုက်သွားသည်။ ယုန်ကတစ်ချက်မှတောင်မလှုပ်တော့။

ထိုအချိန်တွင် ကျော်စိုးပစ်လိုက်သော ဆတ်ကောင်က ဒရီးဒယိုင်ဖြင့် ထရပ်လိုက်ကာ လှစ်ကနဲထွက်ပြေးတော့သည်။ စောဂျိမ်းက သူပစ်လိုက်သော ပစ်မှတ်ကလွဲသွား၍ မကျေမနပ်ဖြစ် နေရသည့်အထဲကျော်စိုးပစ်လိုက်သော ဆတ်ကောင်က သေချာပြီဟုယူဆ၍ အနားသို့သွားရန် ခြေလှမ်းပြင်နေဆဲတွင် အခုလိုထပြေးသွားသောကြောင့် ပို၍စိတ်တိုသွားကာ...

"ဟေ့...ဟေ့ ကောင်တွေဘာကြည့်နေတာလဲ၊ လိုက်ကွလိုက်"

စောဂျိမ်းရော ကျော်စိုးပါဆတ်ကောင်နောက်သို့ ဒရောသောပါးပြေးလိုက်သွားကြသည်။ ထိုအခါကြမှ ကိုပြူးလည်းကယောင်ကတမ်းဖြင့် နောက်ကပြေးလိုက်သွားတော့သည်။ မြန်လိုက်သည့်ဖြစ်ခြင်း။ စစဦးပြေးလိုက်သွားစဉ် အချိန်ကသာစောဂျိမ်းနှင့် ကျော်စိုးကိုမြင်လိုက်ရသော်လည်း (၁)မိနစ်လောက်အတွင်း အရိပ်အယောင်

ထက်ဝေယံစာပေ



တောင်မတွေ့ရတော့။ တောတိုးသွားသောကြောင့် ဥနဲခြုံ၊ ဗီးစပ်ခြုံများလှုပ်၍ ကျန်နေခဲ့သည်ကိုပဲ ကိုပြူးတွေ့လိုက်ရသည်။

ခြုံများလှုပ်ကျန်ခဲ့သည်ကိုကြည့်၍ နောက်ကနေအပြေးလိုက်နေရင်း တစ်နေရာတွင် မျက်ခြေပျက်သွားသောကြောင့် ပတ်ဝန်းကျင်ကို အကဲခပ်လိုက်သောအခါ ဆတ်ကောင်၏ ဒဏ်ရာမှ သွေးစက်များကို တစ်နေရာတွင် တွေ့လိုက်ရသည်။ သွေးစက်များအနီးမှ အနောက်ဘက်ကို ဦးတည်နေသော စောဂျိမ်းနှင့်ကျော်စိုးတို့၏ တောစီးဖိနပ်ခြေရာများဖြစ်သည်။

ကိုပြူးက ခြေရာများအတိုင်း အနောက်ဘက်ကိုအပြေးလိုက်လာခဲ့သည်။ ဥနဲခြုံ၊ ဗီးစပ်ခြုံများကို လွန်၍ ဝါးတောဆီကိုရောက်လာသည်။ ဝါးတောက ကျူခပ်ဝါးတောဆီကို ရောက်လာ သည်။ ဝါးတောက ကျူခပ်ဝါးတောဖြစ်၍ ရှုပ်နေအောင် ထူထပ်လှသည်။ ကျူခပ်ဝါး၏ သဘာဝက အကိုင်းအခက်ရှုပ်၍ အဖျားတွင် ချိတ်ကလေးများရှိသောကြောင့် လူတိုးလျှင် အဝတ်အစားများကို ချိတ်များကညိတတ်သည်။ တိရစ္ဆာန်များတိုးလျှင်လည်း အရေပြား၊ နားရွက်၊ အမွေးများကို ချိတ်တတ်သောကြောင့် ကျခတ်ဝါးတောကို လူရော၊ တိရစ္ဆာန်ပါရှောင်တတ်ကြသည်။

ထို့ကြောင့် ကိုပြူးကဝါးတောစပ်တွင် ရပ်ကာ ခြေရာနှင့်သွေးစသွေးနများကို ရှာလိုက်သည်။ မတွေ့၊ နောက်ကလိုက်ရင်း လမ်းကြောင်းများ လွဲသွား၍လားဟု စဉ်းစားလိုက်ပြန်သည်။ နောက်ပြန်လည်လျှင် ကောင်းမည်လား။ ရှေ့ဆက်ရမည်လား၊ ကိုပြူးစဉ်းစားမရ။ တောလိုက်ရင်း လူကွဲသွားပါက အချင်းချင်းနားလည်နိုင်သော

ထက်ဝေယံစာပေ

www.burmeseclassic.com

www.burmeseclassic.com



အသံတစ်ခုကိုပေးရအောင်လည်း ဘာသံ ပေးရမည်ကိုတိုင်ပင်မထားခဲ့။ ကိုပြူး တွေနေသည်။

တောကလည်း တိတ်ဆိတ်ငြိမ်သက်ကာ မျောက်အော်သံများနှင့် ကျေးငှက်သာရကာတို့၏ အသံများသာခပ်ဝေးဝေးက ကြားနေရသည်။ နေကလည်း အတော်မြင့်နေသည်။ ရေငတ်လာသောကြောင့် လွယ်ထားသောကြောပိုးအိတ်တွင် ချည်ထားသည့် ရေဘူးကိုစမ်းလိုက်သည်။ မတွေ့၊ ရေဘူးလည်း ပြေးရင်းလွှားရင်း ဘယ်နေရာပြုတ်ကျခဲ့သည်ကို မသိတော့။

ကိုပြူးကတောလိုက်၊ ထင်းခုတ်နှင့်တောထဲကိုရောက်ဖူးသော်လည်း နှံ့နှံ့စပ်စပ်တော့မဟုတ်။ တောဆိုတာကလည်း သစ်ပင်ဝါးပင် ခြုံပင်များကလွဲ၍ ထူးထူးခြားခြားမရှိသောကြောင့် ဘယ်နေရာရောက်နေသည်ကို စဉ်းစားမရ။

ခြေရာနှင့်သွေးစသွေးနများကို ကြည့်ရင်း ပြေးလာခဲ့သော အချိန်က တစ်နာရီကျော် လောက်ရှိမည်ဟု ကိုပြူးတွေးမိသည်။ လောလောဆယ်ပြဿနာက ရေငတ်နေသောပြဿနာဖြစ် သည်။ နွေခေါင်ခေါင်ဖြစ်၍တောင်ကျချောင်းများလည်းမတွေ့ရ၊ တွေ့သော ချောင်းများကလည်း ရေခမ်းနေပြီဖြစ်သည်။ဘယ်နေရာရောက်နေမှန်းမသိ မျက်စိလည်နေသောကြောင့် တစ်ချို့နေရာ များကိုလျှောက်ရင်း လျှောက်ရင်း သုံးလေးခါ ပြန်ရောက်နေသည်။

စောကျိုးနှင့်ကျော်စိုးကိုလည်း အရိပ်အယောင်အပင်မတွေ့ရ။ တစ်နေရာတွင်ဆူးသီးမဲ အပင်ကိုတွေ့လိုက်ရသည်၊ ကိုပြူးဝမ်းသာသွားသည်။ထိုအပင်မှ အသီးများကစား၍ရသည်။ အသီးက ဆီးကင်းခန့်





ရှိသည်။ စတော်ဘယ်ရီသီးအရသာမျိုးဖြစ်၍ အရည်ရွှမ်းသည်။ကိုပြူးက (၄)(၅) လုံးခူးလိုက်၍ဝါးစားလိုက်သည်။ ရေငတ်တော့ပြေသလိုဖြစ်သွားသည်။ မကျေနပ်သောကြောင့် နောက်ထပ် (၄)(၅)လုံး ထပ်စားလိုက်ပြန်သည်။ထိုအခါကြမှ နေသာထိုင်သာရှိသွားသည်။

ကိုပြူးဒီတောထဲကိုရောက်ဖူးသည်။ အခုရောက်နေသော နေရာက ဘယ်နေရာမှန်းမမှတ်မိ။ ပတ်ဝန်းကျင်တဝိုက်၊ ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ ယမနေ၊ တောင်သရက်၊ သစ်အယ်၊ ညန်ပင်၊ မျောက်ချောပင်၊ တယ်ပင်များစုံနေ၍ အောက်ခြေတွင်လည်း စိန်နားပန်းခြုံ၊ ကြောင်ပန်းရွက် ခြုံ၊ ဖန်ခါးပင်၊ တောင်ဇွေးသီးပင်၊ စောင်ချမ်းပင်၊ သနပ်ခါးပင်၊ ထန်းပင်၊ ဆီးပင်၊ သစ်စေးပင်၊ ငါးဥဘူးသီးရုံ၊ ဓွန်လက်သည်းခြုံ၊ ခေါင်ပဲ့ခြုံစသည်ဖြင့် စုံနေသည်။ မြေညီမဟုတ်၊ ဆင်ခြေလျှော၊ တွေ၊ တောင်စောင်းတွေ၊ ချိုင့်ဝှမ်းတွေ၊ မြောင်တွေ ဖြစ်သည်။

ရေငတ်ပြေ ဆူးသီးမဲများဝါးစားပြီး တောတွင်းလျှောက်လာ၍ နာရီဝက်အတွင်းရေကငတ် လာပြန်သည်။ ဗိုက်ကလည်းအဆာလွန်၍ အစာစားချင်စိတ်ပင်မရှိတော့။ တစ်နေရာအရောက်တွင် ရေသံ သဲ့သဲ့ကိုကြားလိုက်ရသည်။ အတော်ခပ်ဝေးဝေးဆီကဖြစ်သည်။ ကိုပြူးဝမ်းသာသွားသည်။ ရေသံကြားရာဆီသို့ ခပ်သွက်သွက်လျှောက် လိုက်သည်။

တောင်ကြားအတိုင်း လက်ဝဲဘက်မှ လာသောအသံဖြစ်၍ တောင်ကြောတွင်လျှောက် နေရာမှ လက်ဝဲဘက်ကို ဖဲ့ဆင်းလိုက်သည်။ ဆင်ခြေလျှောအဆင်းအတိုင်းဖြစ်သည်။ ရေသံက တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



နီးလာပြီဖြစ်သည်။ တဖြည်းဖြည်းနိမ့်ဆင်းသွားရာမှ ရှေ့တွင်မှောင်မိုက်နေသော ငှက်ပျောတောကြီးကို တွေ့လိုက်ရသည်။ ရေသံကငှက်ပျောတောဆီမှ လာနေသောကြောင့် ကိုပြူးဟာ ငှက်ပျောတောဘက်သို့ ဒူးလေးကိုအသင့်အနေအထားကိုင်ကာ ဆင်းသွားလိုက်သည်။

နွေရာသီဖြစ်၍အရိပ်ကောင်း၍ အေးမြနေသော ငှက်ပျောတောထဲတွင် တောကောင်များ နားနေတတ်သော ကြောင့်ဖြစ်သည်။ တစ်ယောက်တည်းဖြစ်၍ ထိုနေရာမျိုးကိုမသွားအပ်ဟု တွေးမိသော်လည်းရေငတ်သည့်ဒဏ်ကို မခံနိုင်သောကြောင့် အရဲစွန့်ကာဆင်းလာခဲ့ခြင်းဖြစ်သည်။ ငှက်ပျောတောက တောင်ဆင်ခြေလျှောအတိုင်း ပေါက်နေခြင်းဖြစ်၍ ခြေချော်မကျစေရန် ငှက်ပျောပင်များကို ဖက်တွယ်၍ဆင်းလာခဲ့ရသည်။ တော်သေးသည်။ တောကောင်များတစ်ကောင်မှမတွေ့။

ကိုက်(၂၀)လောက်ဆင်းလာပြီးနောက် ငှက်ပျောတောက ဆုံးသွားသည်။ ရှေ့ဆက်လျှောက်ရန်လည်း နေရာမရှိတော့။ ချောက်ကြီးကိုတွေ့လိုက်ရသည်။ ချောက်ထဲတွင်တော့ ရေသံသဲ့သဲ့ကိုကြားနေရဆဲ။ ကိုပြူးစိတ်ညစ်သွားသည်။ မတ်စောက်နေသော ချောက်ကြီးဖြစ်၍ဆင်းဘို့ရန်မလွယ်။ ရှေ့ရှိနေသော နေရာကလည်း မည်မျှနက်မှန်းမသိ။ ထိုနေရာမျိုးက ပိုးကောင်(မြွေဆိုး) များရှိတတ်သည်။

ကိုပြူးစိတ်လျှော့ကာ အပေါ်ကိုပြန်တက်လာခဲ့သည်။ ရေငတ်နေရသည့်အထဲ ပင်ပန်းလှသောကြောင့် တောင်ကြောပေါ်ရောက်သည်နှင့် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ထိုအချိန် တွင်ဆီးပင်ခြုံတစ်ခုအစပ်၌ ပောကြက်မောင်နှံ တစ်စုံကမြေကြီးကို ယက်ကာအစာ





ကောက်နေကြသည်။ ကိုပြူးကိုမမြင်အေးဆေးစွာ အစာကောက်နေကြခြင်းဖြစ်သည်။

ကိုပြူးလက်ယားနေသည်။ တခြားအချိန်အနေအထားမျိုးဆိုလျှင် ကိုပြူးရဲ့ဒူးလေးစာမိမည်ကို သေချာသလောက်ဖြစ်သော်လည်း ကိုပြူးက ကိုယ့်ဒုက္ခနှင့်ကိုယ်ဆိုတော့ အသာလေးငြိမ်နေလိုက်သည်။ ပင်ပန်းနေသောကြောင့် လှုပ်တောင်မလှုပ်ချင်။ ခြုံရိပ်ကကောင်းသောကြောင့် ပက်လက်လှန်ကာ မြေပေါ်တွင်အိပ်ချလိုက်သည်။ မျက်လုံးနှင့်တည့်တည့် သစ်ပင်သစ်ကိုင်း သစ်ခက်များကိုကြည့်ရင်း မျက်ခွံများက တဖြည်းဖြည်းလေးလံလာသည်။ ကိုပြူး အိပ်ပျော်သွားသည်။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"ကျော်စိုး ကျည်မဖြုန်းနဲ့ကွ လဲတော့မှာ"

စောဂျိမ်းပြောသည့်အတိုင်း(၃)မိနစ်လောက်အတွင်း ဆတ်ကောင်ကသစ်ဆိမ့်ပင်ကိုမှီ နေရင်းခွေကျသွားကာ အသက်ပျောက်သွားသည်။ နှစ်ယောက်သားဆတ်ကောင်ကို ဝါးတစ်လုံးတွင် လျှိုကာ ရှေ့နောက်ထမ်းလာကြရင်း တောင်သဖန်းပင်ရှိရာသို့ ခပ်သုတ်သုတ် လျှောက်လာကြသည်။ ဆတ်ကောင်နောက်ကို လိုက်တုန်းက ဇောနှင့် မို့မောရမှန်းမသိသော်လည်း ဆတ်ကောင်ကိုထမ်းကာ ပြန်လာရသော ခရီးက တော်တော်နှင့်မရောက်နိုင်ဟု တွေးမိလိုက်ကြသည်။ တောင်သဖန်းပင်အောက်သို့ ရောက်ချိန်တွင် တိတ်ဆိတ်ငြိမ်သက်နေသည်။ ကိုပြူးပစ်ထားသော ယုန်သေက ပုရွက်ဆိတ်များပင်တက်နေသည်။

စောဂျိမ်းက အပင်အောက်တွင်လှည့်လည်ကြည့်လိုက်ရင်း

"ကျော်စိုး ကိုပြူးတစ်ယောက်လဲမတွေ့ပါလားကွ"

"အေးဗျ၊ ဒီလူကျွန်တော်တို့နောက်များ လျှောက်လိုက်လာသလား မသိဘူး။ ဒါပေမယ့် ဒီလူကဒီနယ်သားဆိုတော့ မျက်စိမလည်နိုင်ပါဘူးပြန်ရောက်လာမှာပါ"

"အေး…သူ့ကိုစောင့်ရင်းဝမ်းဖြည့်ကြရအောင်ကွာ၊ ဗိုက်တွေက ဆန္ဒပြနေပြီ"

စောဂျိမ်းနှင့်ကျော်စိုးစားသောက်ပြီးချိန်အထိ ကိုပြူးကရောက်မလာသေး။ စားသောက် ပြီးခဏနားကာ…

"ကျော်စိုး အချိန်တွေရှိသေးတယ်ကွ ကိုပြူးက ဘယ်လျှောက်သွားနေသလဲမသိဘူး။သူ မပါလဲတို့နှစ်ယောက်ဒီနား တစ်ဝိုက်လှည့်ကြရအောင်ကွာ။ ကိုပြူးပြန်လာရင်း တို့မပြန်သေးမှန်း သိရအောင်

ထက်ဝေယံစာပေ



ဆတ်ကောင်နဲ့ ယုန်တွေကိုတောင်သဖန်းပင်မှာပဲ ချိတ်ထားခဲ့မယ်။ မကောင်းဘူးလား"

"ကောင်းတယ်စောဂျိမ်း"

စောဂျိမ်းနှင့်ကျော်စိုးတို့နှစ်ယောက်(၁)နာရီလောက်အတွင်း ချေ(ဂျီ)တစ်ကောင်နှင့် တောကြက်တစ်ကောင်ရလိုက်သည်။ နယ်ခံမဟုတ်သောကြောင့် တောတွင်းတွင်ခတ်ဝေးဝေး မသွားရဲပဲ ချေ(ဂျီ)ကိုထမ်းကာတောင်သဖန်းပင်အောက်ကို ပြန်လာခဲ့ကြသည်။ နေလည်းအတော်စောင်းပြီ။ ကိုပြူးကိုလည်း အရိပ်အယောင်တောင်မတွေ့သေး။ ကျော်စိုးက…

"စောဂျိမ်း ဘယ်လိုလုပ်ကြမလဲ"

"အဲဒါပဲကွ၊ အဲဒါကြောင့် ငါလူပိုမခေါ်ချင်တာ၊ ဒါတောင် ကိုယ်လုပ်ချင်တာမလုပ်နဲ့ တို့စကား နားထောင်လို့ မှာထားတာ"

"ကို ပြူးကနယ် ခံ ဆို တော့ မျက် စိ လည် တာ တော့ မဖြစ်နိုင်ဘူးထင်တယ်"

"ဒါဆိုရင်တို့နဲ့ တွေ့ရမှာပေါ့ကွ၊ မတွေ့ရင်လဲတောင်သဖန်းအောက်ကိုတော့ ပြန်လာသင့်တယ်"

"နေ့လည်းအတော်စောင်းပြီစောဂျိမ်း ဘာဆက်လုပ်ကြမလဲ၊ တော်ကြာကျွန်တော်တို့ပါ တောထဲမှာအိပ်နေရဦးမယ်"

"နယ်ခံမပါပဲ ကိုယ်မကျွမ်းတဲ့တောကိုတော့ မအိပ်ချင်ဘူးပြန်ကြမယ်ကွာ၊ မင်းလမ်းမှတ်မိရဲ့လား"

"မှတ်မိပါတယ် စောဂျိမ်း။ မုဆိုးလုပ်လာတာ ဒါလောက်တော့ မှတ်ဉာဏ်ကောင်းပါတယ်"

ထက်ဝေယံစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ပြန်ကြမယ်ကွာ၊ သူကြီးကိုတော့ သူတပည့်အကြောင်း ရှင်းပြရမှာပဲ"

◆ ◆ ◆ ◆ ◆





ကိုပြူးဘယ်လောက်ကြာအောင် အိပ်ပျော်သွားသည်မသိ ။ သူပခုံးကိုတစ်စုံတစ်ယောက် ကလှုပ်နှိုးလိုက်သောကြောင့် လန့်နိုး သွားသည်။ ကြည့်လိုက်တော့ သူ့ကိုလှုပ်နှိုးလိုက်သည်က အဘိုးအို တစ်ယောက်၊ သျှောင်တစ်စောင်းထုံးထားသည်။ ခေါင်းပေါ်တွင် ကွမ်းသီးလုံးသာသာခန့် ဆံစုကလေး။ လုံချည်တိုတိုဝတ်ထားသည်။ ခြေသလုံးအလယ်တွင် ထိုးကွင်းမင်ကြောင်တစ် ပိုင်းတစ်စကို တွေ့ရသည်။ အဘိုးအိုက . . .

"မှောင်ရီသန်းနေပြီကွ ညဘက်ရောက်လာရင် မင်းကို တောကောင်တွေက အန္တရာယ်ပေးလိမ့်မယ်"

"ကျွန်တော်ဘယ်ရောက်နေတာလဲ အဘ"

"မင်း ရိုးမတောထဲမှာပဲ၊ မျက်စိလည်နေတာလား"

"ဟုတ်ကဲ့ . . . အဘ"

"မင်းအဖော်တွေရော"

"တောလိုက်ရင်း လူကွဲသွားလို့"

"မင်းကဘယ်ကိုပြန်မှာလဲ"

"ကျောက်ဖျာကိုပါ"



www.burmeseclassic.com

www.burmeseclassic.com



“အဝေးကြီးပဲ၊ ကဲ ဒါဆိုရင်ဒီညတော့ အဘတို့အိမ်လိုက်အိပ်”

“ဗျာ···အဘတို့အိမ် ၊ အဘက ဘယ်ရွာကလဲ···”

“အဘကရွာကမဟုတ်ပါဘူး၊ ဒီတောထဲမှာနေတာပဲ”

“ဗျာ···အဘကဒီတောထဲမှာနေတယ်”

“အေးလေ ဘာဖြစ်လို့လဲ၊ ကဲ နောက်မှစကားပြောကြတာပေါ့၊ မှောင်လာပြီတောကောင် တွေကြောက်ရတယ်။ လာသွားကြမယ်”

အဘိုးအိုက ရှေ့ကနေသွားနေ၍ ကိုပြုံးကနောက်ကနေ ဟိုငေးဒီငေးဖြင့် လိုက်သွားသည်။ ကိုပြုံးစိတ်ထဲတွင်ခန့် မှန်းခြေ (၁၀)မိနစ်လောက်သာ လျှောက်လိုက်ရသည် မီးများလင်းထိန်နေသော အိမ်ကြီးတစ်လုံးကိုတွေ့လိုက်ရသည်။ ရေနံချေးများဝနေသော ခြေတံရှည် အိမ်ကြီးဖြစ်သည်။ အောက်လင်းမီးကြီးများကို အပေါ်တွင်တစ်လုံး အောက်တွင်တစ်လုံးထွန်းထားသည်။ အောက်တွင်ကွပ်ပျစ် တစ်လုံး ရှိသည်။

ပတ်ဝန်းကျင်တစ်ဝိုက်ကတော့ အမှောင်ထုများဖုံးလွှမ်း နေသော တောကြီးသာဖြစ်သည်။ ခြံစည်းရိုးက ကျွန်းတိုင်ကြီးများကို ခြမ်းကာစိုက်ထားသော စည်းရိုးဖြစ်သည်။

“မင်း ထမင်းဆာရောပေါ့”

“ထမင်းလဲဆာတယ်”

လောလောဆယ်ရေအရင်သောက်ချင်တယ်”

“အော်···အေး အေး”

အဘိုးအိုက အိမ်ပေါ်ကိုမော့ကြည့်ကာ လှမ်းအော်လိုက်သည်

“လုံမရေ···ရေတစ်ခွက် ယူခဲ့ပါဟော့”





သိပ်မကြာလိုက် ဆံတောက်ကလေးနှင့် ၁၇ နှစ် ၁၈ နှစ် အရွယ် မိန်းကလေးတစ်ယောက် ရေခွက်ကိုကိုင်ကာ ဆင်းလိုက်သည်။ ယွန်းနှင့်လုပ်ထားသော ရေခွက်ဖြစ်သည်။ ကိုပြုံးကရေခွက် ကိုယူကာ အငမ်းမရ မော့သောက်လိုက်သည်။ တစ်စက်မကျန်အောင် သောက်ပြီးမှ ရေခွက်ကို မိန်းကလေးလက်ထဲသို့ထည့်လိုက်သည်။ အခုမှရေခွက်ကို ပေးရင်းကိုပြုံးက မိန်းကလေးကိုသေ သေချာချာကြည့်မိသည်။ အသား ဖြူဖြူနှင့် အတော်ချောလှသော မိန်းကလေး ဖြစ်နေသည်။ အဘိုး အိုက···

“လုံမလေး သူ့အတွက်ထမင်းပြင်ပေးလိုက်ပါ။ ကဲ··· မောင်ရင် ဒီကွပ်ပျစ်မှာ ထိုင်ပြီးနားတော့ ။ မင်းလဲတစ်နေ့လုံး ပင်ပန်းလာရောပေါ့”

ကိုပြုံးကလွယ်ထားသောဒူးလေးနှင့် အထုပ်အပိုးများ ချကာကွပ်ပျစ်ပေါ်တွင် ထိုင်လိုက်သည်။ အဘိုးအိုက အိမ်ပေါ်ကိုတက် သွားသည်။ မကြာခင်အချိန်အတွင်းလက်ဆေးရေ၊ ထမင်းပန်းကန်နှင့် ဟင်းပန်းကန်များကို မိန်းကလေးက လာချပေးသည်။ ကိုပြုံးက မိန်းကလေး ကိုတစ်ခု ခုပြောချင်နေသော်လည်း ပါးစပ်ကထွက်မလာ။

ဟင်းများကဖွယ်ဖွယ်ရာရာဖြစ်သော်လည်း အသားဟင်းလုံး ဝမပါ။ သက်သက်လွတ် ဟင်းများသာဖြစ်သည်။ သီးစုံပဲကုလားဟင်း၊ မှိုရွက်ကြော်ချက်၊ သရက်သီးသုတ်နှင့် သခွားသီးတို့စရာ တို့ဖြစ်သည်။ ငပိရေအဖြစ် ငရုတ်သီး၊ ကြက်သွန်ဖြူနီတို့ကို ထောင်းထားသော ဟင်း ခွက်ကလေး ဖြစ်သည်။ ကိုပြုံးကငတ်ငတ်နှင့် အဝစားပစ်လိုက်သည်။

စားပြီးနောက်မိန်းကလေးက လာသိမ်းသွားသည်။ ကိုပြုံးက

ထက်ဝေယံစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်စကားပြောချင်သော်လည်း စကားတစ်လုံးမျှထွက်မလာ။ မိန်းကလေးထွက်သွားပြီးနောက် အဘိုးအိုလည်း ဆင်းမလာတော့။ ကိုပြူးတစ်ယောက်ဟိုငေးသည်ငေးနှင့် ကွပ်ပျစ်ပေါ်တွင် လှဲလိုက်သည်။ လှဲ လိုက်ပြီး သိပ်မကြာလိုက်၊ ကိုပြူးတစ်ယောက်တစ်ခေါခေါနှင့် အိပ်ပျော်သွားတော့သည်။

"မောင်ရေ・ထထ"

တစ်စုံတယောက်က လာနှိုးနေသလို ခံစားလိုက်ရသောကြောင့် ကိုပြူးကာ မထချင်ထချင်နှင့် ထလိုက်သည်။ နှိုးနေသူက အဘိုးအိုဖြစ်သည်။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ မိုးမလင်း သေး။ ရောင်နီဖြော့ဖြော့ကိုတော့ မြင်နေရသည်။

"မောင်ရင် ရွာကိုပြန်မှာမဟုတ်လား"

"ဟုတ်ကဲ့・・・အဘ"

"ဒါဆိုရင် အခုထဲကသွားတော့ မိုးလင်းလာလို့ နေထွက်လာရင်ပင်ပန်းတယ်"

"ကျွန်တော်လမ်းမမှတ်မိဘူး"

"ကိစ္စမရှိဘူး・・・ အဘလမ်းပြလိုက်မယ်"

ကိုပြူးက နောက်ကလိုက်သွားသည်။ အဘိုးအိုက ရှေ့ကသွားကာ ကိုပြူးကနောက်က လိုက်သွားသည်။ အိမ်ကြီးနဲ့ ခပ်လှမ်းလှမ်းရောက်တော့ အဘိုးအိုက-

"မောင်ရင်ဒီတည့်တည့်ကို လျှောက်သွားဘယ်မှမကွေ့နဲ့၊ မင်းနေတဲ့ ကျောက်ဖျာရွာကို ရောက်လိမ့်မယ်၊ အဲတစ်ခုတော့ရှိတယ်၊ မင်းကမုဆိုးဆိုတော့ လမ်းမှာတွေ့တဲ့ တောကောင်ကိုပစ်ရင်





ပစ်မိလိမ့်မယ်၊ အဲဒါဆိုရင်တော့ မင်းဘယ်တော့မှ ရွာကိုပြန်ရောက်မှာမဟုတ်ဘူးသတိထား"

ကိုပြူးကအဘိုးအိုကို တစ်ခုခုပြောချင်နေသော်လည်း ဆွံ့အနေသူလို စကားကထွက်မလာ။ အဘိုးအိုက စကားပြောပြီးချာကနဲလှည့်ထွက်သွားသည်။ ကိုပြူးကနောက်ကို လှည့်၍ အိမ်ကြီးဆီသို့ ကြည့်လိုက်သည်။ အလင်းရောင်ဖျော့ဖျော့တွင် ရေနံချေးများဝနေသော အိမ်မည်း မည်းကြီးကို ထီးတည်းမြင်လိုက်ရသည်။ ညက တွေ့လိုက်ရသော အသားဖြူဖြူနှင့် မိန်းမပျိုကိုတော့ လုံးဝမတွေ့ရတော့။

အဘိုးအိုပြောလိုက်သည့် လမ်းအတိုင်းဖြတ် တည့်တည့်လျှောက်လာလိုက်တာ တစ်နာရီ လောက်အကြာတွင် ရွာကိုမြင်လိုက်ရတော့သည်။ တောကောင်ကြီးကြီးမတွေ့သော်လည်း တောကြက်တို့ ယုန်တို့တော့ လမ်းတွင်တွေ့လိုက်ရသည်။ အဘိုးအိုပြောသည့်အတိုင်း မပစ်ရဲ သောကြောင့် မပစ်ခဲ့ရ။

ရွာကိုရောက်တော့ သူကြီးက ကိုပြူးကိုဟောက်တော့သည်။ စောဂျိမ်းနှင့် ကျော်စိုးကလည်း ကိုပြူးအတွက်စိတ်ပူနေသောကြောင့် ဝိုင်းမေးကြသည်။ ကိုပြူးက သူတွေ့ကြုံခဲ့ရသော အဖြစ်အပျက်ကို ပြောပြလိုက်သောအခါအားလုံးက အံ့သြကုန်ကြသည်။ စောဂျိမ်းက ကိုပြူးစကားကို မယုံသောကြောင့် ရွာတွင်ရောက်နေသော သစ်ထုတ်လုပ်ရေးမှ လုပ်သားများကို ခြေတံရှည် အိမ်မဲကြီးအကြောင်း မေးလိုက်သည်။

အဖြေက၊ ဤတောဤတောင်ထဲတွင်သူတို့သွားလာနေတာကြာပါပြီတဲ့။ (၁၀)မိုင်ပတ်လည်အတွင်း ရိုးမတောကြီးကို ရှောက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အထိ သစ်ထုတ်လုပ်ရေးလုပ်သားများ၏ ယာယီတဲများက လွဲ၍ ဘာအဆောက်အဦး၊ အိမ်မှုမရှိပါတဲ့။ စောဂျိမ်းက ကိုပြူးကို စိတ်ဖောက်ပြန်၍ ပေါက်ကရ လျှောက်ပြောနေသည်ဟု ယူဆသည်။

ကျော်စိုးက ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်၍ ထိုကဲ့သို့ ဂမ္ဘီရဆန်သော အတွေ့အကြုံမျိုးကို ကိုယ်တိုင်မကြုံဖူးသော်လည်း တောတောင်များ၏လျှို့ဝှက်ဆန်းကြယ်သော အဖြစ်အပျက်များကို ကြားဘူးဖတ်ဘူးသည်။ မည်သို့ဆိုစေ၊ ယခုတစ်ခေါက်မိမိတို့ တောပစ်အဖွဲ့တွင် ပါမလာသော တင်ဝင်းကိုတော့ ထိုအဖြစ်အပျက်ကို ပြောပြရဦးမည်ဟု စိတ်ထဲတွင်တေးထားလိုက်သည်။

ဘာဖြစ်လို့လဲဆိုတော့ မိမိတို့တောပစ်အဖွဲ့တွင် တင်ဝင်းက မှဆိုးလည်းလုပ်ရင်း အတွေ့အကြုံများကို စာနင့်ပြန်ရေးနေသော စာရေးဆရာ တစ်ယောက်ဖြစ်နေသောကြောင့်ပင်။ ။

◆ ◆ ◆ ◆ ◆

မောင်မြင့်မား (ဘိုကလေး)





# တိုက်တိုက်ဆိုင်ဆိုင်

မောင်မြင့်မား (ဘိုကလေး)



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကိုစစ်တင်တစ်ယောက် အိပ်ရာကထထခြင်း၊ ခေါင်းမီးတောက်သွားသည်။ သူ၏တဲသာသာအိမ်ကို အပတ်ပေါင်းမရေတွက်နိုင်အောင်ပတ်ကာချောင်ကြိုချောင်ကြား ပါမကျန်အောင်ရှာသည်။ အိမ်ပတ်ဝန်းကျင်လည်းနံ့နေပြီ။ မဆီမဆိုင်ဇနီးသည် မသေးကိုလည်းဆူပူ ဟောက်ထားသောကြောင့် မသေးနှင့်ကလေးနှစ်ယောက်ချောင်ကုပ်ကာငြိမ်နေ ကြသည်။သူအနှစ်နှစ်အလလ သိမ်းဆည်း၍တရိုတသေကိုင်လာခဲ့တာ အမဲပစ်ရိုင်ဖယ်ကြီး ပျောက်သွားသောကြောင့်ဖြစ်သည်။

ကိုစစ်တင်တောမဝင်သည်မှာ တစ်ပတ်လောက်ရှိပြီ။ ခါးနာနေသောကြောင့် တောပစ်မထွက်ရ၍ အရင်တုန်းကပစ်၍ရထားသော အသားကျပ်တင်အခြောက်များကို ချက်၍ တစ်ဖုံ၊ ဖုတ်၍တစ်နည်းစားနေတာကြာပြီ။ လွန်ခဲ့သော(၃)ရက်လောက်ကပင်





သေနတ်ကို ပွတ်တိုက်၍ဆီထိုးကာသန့်ရှင်းရေးလုပ်ထားသေးသည်။ ထားနေကြနေရာတွင် တောပစ် မထွက်တောင် တစ်ရက်တစ်ကြိမ်လောက်တော့ ကိုင်ကြည့်နေကြဖြစ်သည်။ တူမီးကြီးနှင့် (·၃၃၃)အမဲပစ်ရိုင်ဖယ်ကို အတူယှဉ်ထားသော်လည်း အိပ်ရာကထသောအခါ (·၃၃၃)ရိုင်ဖယ်က ပျောက်နေသည်။ ထို့ကြောင့် ခေါင်းမီးတောက်သွားရခြင်းဖြစ်သည်။

အင်္ဂလိပ်ခေတ် မျက်နှာဖြူအရေးပိုင်မင်းက သူ့ကိုအကူအညီများစွာပေးခဲ့သော မုဆိုးမိုးကြီးအား အင်္ဂလန်ကိုမပြန်မီ လက်ဆောင်ပေးခဲ့သော ရိုင်ဖယ်ဖြစ်သည်။ မုဆိုးမိုးကြီးက ကိုစစ်တင်ရဲ့ အဖေဖြစ်သည်။ဖခင်လက်ထက်ကတည်းက တလေးတစားကိုင်တွယ်၍ လက်ဆင့်ကမ်းကာရယူခဲ့သော အမွေဖြစ်၍ကိုစစ်တင်ကလည်း သေနတ်ကိုအထူးဂရုပြု တလေးတစားကိုင်တွယ်လာခဲ့သည်မှာကြာပြီ။

ထိုသေနတ်ကပင် မိသားစုဝမ်းရေးကိုရှာဖွေကျွေးမွေးလာသည်မှာ နှစ်ပေါင်းမနည်းတော့။ သေနတ်ကို တစ်စုံတစ်ယောက်က ခိုးယူ၍ မကောင်းမှုတစ်စုံတစ်ရာ ကျူးလွန်ခဲ့သော် ကိုစစ်တင်မတွေးရဲ။ သေနတ်ပျောက်သည့်အကြောင်းကိုသူကြီးကိုလည်းမပြောရဲ၊ ပျောက်သည့်အကြောင်းကိုသူကြီးသိသွားမှ ပို၍ပြဿနာကြီးသွားနိုင်သည်။ ကိုစစ်တင်ထိုင်၍ စဉ်းစားနေသော်လည်း ဘာလုပ်ရမှန်းအကြံထွက်မလာ။

ကိုသောကြာ၊ ဖိုးလုံးနှင့်မအေးမြိုင်တို့က ဘုန်းကြီးကျောင်းထွက်သူငယ်ချင်းတွေ။ ဘုန်းကြီး ကျောင်းစာတတ်ပြီး အတန်းစာကိုမသင်နိုင်သော အချိန်မှစ၍သူငယ်ချင်းတွေမခွဲကြတော့။ မအေးမြိုင်က မိဘလက်ငုတ်လက်ရင်း ကွမ်းပစ်၊ ဖားရှာ၊ ငါးရှာနှင့် ချောင်းကြိုချောင်



www.burmeseclassic.com

www.burmeseclassic.com



ကြားမှာ ကျင်လည်နေသည်။

ကိုသောကြာနှင့် ဖိုးလုံးကယောကျာ်းကလေးများဖြစ်၍ မကြာခဏတွဲဖြစ်သည်။ ကိုသောကြာ၏ ဦးလေးဖြစ်သူက စက်တပ်မော်တော်ကလေးတစ်စီးပိုင်သောကြောင့် ထိုမော်တော်တွင် ကိုသောကြာက စက်ပြင်၊ ဝါးထိုးထမင်းချက်လုပ်ရင်း လိုက်နေသောကြောင့် မော်တော်တစ်ခေါက်ထွက်၍ နှစ်ရက်ကြာပြန်လာပြီး နှစ်ရက်နားသည့်အချိန်တွင် ရွာအနောက်ဘက်ရိုးမတောထဲ၌ ကိုသောကြာနှင့်ဖိုးလုံးက ကြက်ပစ်၊ ယုန်ထောင်၊ အမဲလိုက်နေကြ။ အမဲလိုက်သည်ဆိုရာ၌ ဒူးလေးတစ်လက်၊ သားရေခွနှစ်ချောင်းနှင့် အပျော်လိုက်ကြခြင်းဖြစ်သည်။

တစ်ကြိမ်တွင်ကိုသောကြာမော်တော်လိုက်ရင်း လမ်းမှာ မော်တော်စက်ပျက်သောကြောင့် (၄)ရက်လောက်ကြာမှ ရွာကိုပြန်ရောက်လာသည်။ ပြန်ရောက်ရောက်ခြင်း ဖိုးလုံး၏သတင်းဆိုးကို ကြားလိုက်ရသည်။ ဖိုးလုံးတောထဲတွင် ကျားဆွဲခံရသည့် သတင်းပင်ဖြစ်သည်။ ကိုသောကြာပြန် ရောက်မလာသောကြောင့် တောထဲတွင်တစ်ယောက်တည်း ဟင်းစားသွားရှာရင်း ကျားဆွဲခံရခြင်းဖြစ်သည်။ ဖိုးလုံး၏ ခန္ဓာကိုယ် အပိုင်းအစများသာ သက်သေအဖြစ်အသိအမှတ်ပြုလိုက်ရခြင်းဖြစ်သည်။

ကိုသောကြာတို့ ငယ်ငယ်ကလေးထဲက ရွာအနောက်က တောထဲတွင် ဟင်းစားကောင်မျိုး စုံရှိသော်လည်း ကျား(ဟင်းမျိုး) ရှိသည်ဟုတစ်ကြိမ်တစ်ခါမျှ မကြားဖူးခဲ့။ ဖိုးလုံးကျားဆွဲခံရသည် ကို မယုံသောကြောင့်မုဆိုး ကိုစစ်တင်ကိုစုံစမ်းကြည့်တော့ ကိုစစ်တင်က ဟုတ်မှန်ကြောင်းပြောသည်။ ထိုရက်က ကိုစစ်တင်က ငှက်ဖျားထနေ





သောကြောင့် ကျား(ဟင်းမျိုး)နောက်ကို မလိုက်နိုင်။ ကိုသောကြာ၊ ဖိုးလုံးအတွက် အတော်နာကျည်းသွားသည်။ ဖိုးလုံးကိုကိုက်သွားသော ကျား (ဟင်းမျိုး)ကိုကိုယ်တိုင်သတ်ချင်နေသည်။

ထိုအချိန်တွင် မမျှော်လင့်သောသတင်းဆိုး တစ်ခုကရောက်လာပြန်သည်။ မအေးမြိုင်ကို မိချောင်းဆွဲသွားသည်ဆိုသည့် သတင်းဖြစ်သည်။ မအေးမြိုင်နှင့်သူ့အဖေ ကွန်ပစ်ထွက်ကြတော့ မအေးမြိုင်က လှေလှော်ကာတက်ကိုင်ပေးနေကြ၊ သူ့အဖေက လှေဦးတွင် ကွန်ပစ်နေချိန်ပဲ့တွင် ထိုင်နေသော မအေးမြိုင်ကိုမိချောင်းက အမြီးနှင့်ရိုက်ချသွားသည်။ သူ့အဖေက မြင်လိုက်ရသည်။ မအေးမြိုင်ရေထဲကိုကျသွားပြီးကတည်းကတစ်ခါမျှ ပြန်ပေါ်မလာတော့။ အလောင်းလည်းရှာမရတော့ဟုသိရသည်။ ကိုသောကြာတို့ရွာကအရှေ့တွင်ချောင်း၊ အနောက်ဘက်တွင်တောဖြစ်၍ ရေလုပ်ငန်းရော လယ်စိုက်၊ ယာစိုက်တောင်ယာအလုပ်အပြင်ဝါးသနားအလျောက်သားကောင်ရှာ ၊ တောပစ်အလုပ်ကိုလုပ်ကိုင်ကြခြင်းဖြစ်ပါသည်။

ကိုသောကြာကအချစ်ဆုံးသူငယ်ချင်းနှစ်ယောက်ဆုံးရှုံးသွားသောကြောင့် ကျိတ်မနိုင်ခဲမရ ဖြစ်နေသည်။ ကလဲ့စားချေချင်နေသည်။ ကျား(ဟင်းမျိုး)ကိုတော့ကိုသောကြာက တောလိုက်ဖူးသူ ဖြစ်၍အခက်အခဲမရှိယူဆသော်လည်း မိချောင်းကတော့အမေမွေးကတည်းက တစ်ခါမှ မြင်ဘူးသူမဟုတ်။ ဒီရွာဒီချောင်းမှာ မိချောင်းရှိသည်ဟုလည်း မကြားဖူး။ မိချောင်းကိုဘယ်လိုပစ်၊ ဘယ်လို ဖမ်းဆိုတာလည်းမသိ။

ကိုသောကြာကျိတ်၍ ကြံနေသည်မှာကြာပြီ။ ကျား(ဟင်းမျိုး)ကိုပစ်ရန် ကိုစစ်တင်ကိုအကူ အညီတောင်းရသော်လည်း ကိုစစ်တင်က



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းမာရေးမကောင်း။ ကိုစစ်တင်ထံတွင် တူမီးဟောင်း တစ်လက်နှင့် အမဲပစ်ရိုင်ဖယ်တစ်လက်ရှိသည်ကိုသူသိသည်။ တူမီးကိုတော့ မကိုင်ဖူးရိုင်ဖယ်ကို တော့ပစ်ဖူးသည်။ ကိုသောကြာအတွေးတစ်ခုပေါ်လာသည်။ သင့်မသင့်စဉ်းစားသည်။ ပြဿနာကိုနောက်မှ ရှင်းမည်ဟု ဆုံးဖြတ်ကာ ကိုစစ်တင်အိမ်သို့ ညဘက်ထွက်လာခဲ့သည်။

◆ ◆ ◆ ◆ ◆





ယင်ယင်ကတည်းက တောပစ်တောလိုက်သူငယ်ချင်းကို စစ်တင်ထံမှ စာကိုရတာကြာပြီ။ အိမ်ကိစ္စစားဝတ်နေရေးကိစ္စအပြင် ကျော်စိုးနှင့်တင်ဝင်းကိုစောင့်ရင်း တော်တော်နှင့်မလာဖြစ်၊ အခုတော့ ကျော်စိုးရောတင်ဝင်းပါ မအားကြသောကြောင့် တစ်ယောက်တည်း ထွက်လာခဲ့သည်။ ရေလမ်းကသွားရင်နီးသော်လည်း တောင်ပေါ်မှ မရောက်တာကြာ၍ မတွေ့ဖြစ်သော မိတ်ဆွေများကိုလည်း တွေ့ချင်သောကြောင့် တောင်ပေါ်လမ်းအတိုင်း၊ ဇရပ်ပြာမှ ငမြောင်ချောင်၊ ငမြောင်ချောင်မှ ကျောက်တစ်လုံး၊ ထိုမှ ကိုစစ်တင်တို့ရွာကို ခြေလျင်လာခဲ့ခြင်းဖြစ်သည်။

လမ်းပြမောင်စိန်တိုးကို တောင်ကွဲတွင်ထားခဲ့၍ မှုံပြပြမြင်နေရသော ကိုစစ်တင်တို့ရွာကို တောလမ်းအတိုင်း ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။ချောင်းကိုတစ်ချို့နေရာတွင် ဘေးတိုက်၊ တစ်ချို့နေရာတွင်ခပ်လှမ်းလှမ်း၊ တစ်ချို့နေရာတွင် ချောင်းနှုတ်ခမ်းမှအဆင်း လျှောက်ကာ ဖြတ်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ကွဲမှ မှုံပြပြမြင်နေရသော ရွာကိုနစ်နာရီလောက် လျှောက်လာသည်အထိမရောက်သေး။ နေစောင်းနေပြီဖြစ်သည်။ စောဂျိမ်းကအရိပ်ကောင်းသော ပျဉ်းမပင်ကြီးတစ်ပင်အောက် တွင်ထိုင်ကာနားလိုက်သည်။ ပျဉ်းမပင်ပေါ်မှ ဗျိုင်းအုပ်ကြီးက ဆူညံလျှက်ရှိသည်။ ကိုစစ်တင်ထံသို့လာရင်း အလျှင်းသင့်ပါက ဟင်းစား ကောင်တစ်ကောင်လောက်ပစ်ရန် ရည်ရွယ်သော်လည်း တောကြက် နှင့်ယုန်ကလွဲ၍ တစ်ကောင်မျှမမြင်ရသေး။ စောဂျိမ်းက (·၅၀၀) နစ်လုံးပြူးရိုင်ဖယ်ကြီးကို ပျဉ်းမပင်ခြေရင်းတွင် ထောင်လိုက်သည်။ ခပ်ဝေးဝေးရှိချောင်းရေပြင်ကို ရပ်ကာတိုက်လာ သောလေကပျဉ်းမပင် အရွက်များကို လှုပ်ခတ်သွားသည်။

အပင်ပေါ်ကဗျိုင်းအုပ်စုက ဆူညံစွာထပြန်သွားသည်။

"တောက်···တောက်···တောက်···တောက်"

ပျဉ်းမပင်ပေါ်တွင် လျှောက်ပြေးနေသော ရှဉ့်ကောင်ကလေးများ တစ်ကောင်နှင့်တစ်ကောင် အချက်ပေးသံဖြစ်သည်။ စောဂျိမ်းက သတိရှိ စွာနှင့် နစ်လုံးပြူးရိုင်ဖယ်ကြီးကို ကောက်ကိုင်လိုက်သည်။ ချောင်းဘေး ကျူတောထဲမှ သတ္တဝါတစ်ကောင်လှုပ်ကနဲခုန် ထွက်သွားသည်ကို စောဂျိမ်းတွေ့လိုက်ရသည်။

စောဂျိမ်းက ကျောပိုးအိတ်ကို ကောက်လွယ်ကာ တဖြည်း ဖြည်း လျှောက်လာခဲ့သည်။လျှောက်လာရင်းလက်စွဲတော်ရိုင်ဖယ်ကြီးကို ကိုင်တ၍မောင်းတင်လိုက်သည်။ ကျူတောနှင့်စောဂျိမ်းအကြားတွင် ကြိမ်ပင် များနှင့် ဇနိရွှဲခြုံများက ရှိနေသည်။ အပင်များကိုဖြဲကာ သတိကြီးစွာနှင့် လျှောက်လာခဲ့သည်။ စောဂျိမ်းတွေ့လိုက်ရသော သတ္တဝါကြီးက အနက်





နှင့်အဝါစင်းအကောင်ကြီး။

ကြိမ်ပင်များနှင့် ဇနိရွှဲခြုံများကိုလွန်၍ ကျူတောအစပ်ကို ရောက်လာသည်။ ထူးခြားမှုကို မတွေ့ရသေး။ လေပြေကလေးက ချောင်းကိုဖြတ်ကာတိုက်လာသောကြောင့် လေညာ၊ လေအောက် ကိုစောဂျိမ်းသတိထားပြီးဖြစ်သည်။ ကျူတောအစပ်မှ တဖြည်းဖြည်း လျှောက်လာရင်း ကိုက်နှစ်ဆယ်လောက်အရောက်တွင်···

"ဖေါင်း···"

သေနတ်သံမှန်းစောဂျိမ်းသိလိုက်သည်။ ကျူတောထဲတွင် ဝပ်ကာငြိမ်၍ နားထောင်နေရင်း ဘာသံမှ ထပ်မကြားတော့၍အထဲတွင်

"ဂရား"

"ဖေါင်း၅်"

ပထမတစ်ချက်က ပစ်မှတ်ကိုထိလိုက်သောအသံ၊ ဒုတိယ အချက်က ပစ်မှတ်လွဲသွား၍ လေထဲကိုကျည်တိုးဝင်သွားသောအသံ။ တစ်ခုခုတော့ ထူးခြားနေပြီကို စောဂျိမ်းတွေးမိသည်။ အသံကြားရာ နေရာက ဝေးလှသည်တော့မဟုတ်။ ကိုက်(၅၀)လောက်က အသံလာ ခြင်းဖြစ်သည်။ မကြာသေးမီအချိန်ကပင် ကျူတောထဲတွင် ကျား (ဟင်းမျိုး)တစ်ကောင်တွေ့လိုက်ရသောကြောင့် ထိုအကောင်ကြီးနှင့် ပတ်သက်နေရမည်ဟုစောဂျိမ်းစဉ်းစားမိသည်။

လမုပင်ပေါက်ကလေးများနှင့် ကိုင်းပင်များရောထွေးကာ ပေါက်နေသော တောကိုဘိုးကာ ခပ်သုတ်သုတ်လျှောက်နေရင်း သတ္တဝါ နှစ်ကောင်၏ မာန်သွင်းကာ သတ်ပုတ်နေသောအသံကြီးကို ကျယ် လောင်စွာကြားနေရသည်။ တဖြည်းဖြည်းနီးလာသည်နှင့်အမျှ တိုက်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



သံကပိုကျယ်လာသည်။ လဲကျနေသော သစ်ပင်ခြောက်ကြီးတစ်ခုကို ကျော်ကာကြည့်လိုက်သည်တွင် . . .

"ဟာ . . ."

◆ ◆ ◆ ◆ ◆





ကိုသောကြာချောင်းရိုးတစ်လျှောက်လေ့လာနေသည်မှာ နေ့စဉ်လိုလိုဖြစ်သည်။ ချောင်းဖျားမရောက်မီ ရွာနှင့် (၂)မိုင်လောက်အကွာတွင် ချောင်းစပ်၌ တောင်မရိုးပင်ကြီးတစ်ပင် ရှိသည်။ ထိုအပင်ကြီးက ချောင်းထဲကို ကိုင်းကျနေသည်။ ထိုအပင်ပေါ်တွင် ပျားမျှောက်များ အုပ်လိုက်ရှိသည်။ ချောင်းရေအကျတွင် လတာပြင်ပေါ်၌ ပေါ်လာသော ဂဏန်းတွင်းများမှ ဂဏန်းကောင်က လေးများနှင့် ငါးပုံမွှေးအကောင်များကို ပျားမျှောက်များက ကောက်စားနေကြဖြစ်သည်။

ပျားမျှောက်ဆိုတာ တခြားမျှောက်များနှင့်မတူ အသီးအရွက်ရော၊ ဂဏန်းများ၊ ငါးများ အစုံစားကြသော သတ္တဝါများဖြစ်သည်။ ရွာသားများနှင့်မုဆိုးများက ပျားမျှောက်များကိုယောင် လို့ပင်မပစ်၊ သူတို့အသားကစားမကောင်းသောကြောင့်ဖြစ်သည်။

သို့သော် ပျားမျှောက်များကိုချောင်း၍စားနေသော သတ္တဝါတစ်ကောင်ရှိသည်။ ထိုအကောင်က ရေမကျမီအချိန်တွင် လတာပြင်၌ ထဲတွင် ကိုယ်လုံးကိုမြုပ်အောင်နစ်ထားလိုက်ကာ မျက်လုံးကလေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်လုံးသာဖေါ်ထားသည်။ ရေကျသွားသောအခါ တောင်မရိုးပင်ပေါ်ကဆင်း၍ ငှက်နန်းများ၊ ငါးများရှာစားနေသော မျောက်များကို ကိုက်ဆွဲ၍ချောင်းထဲသို့ ဆင်းချသွားတတ်သည်။ နေ့စဉ်တော့မဟုတ်၊ နှစ်ရက်ခြား သုံးရက်ခြားလောက် လာချောင်းတတ်သည်။ ထိုသတ္တဝါကောင်က မိချောင်းကြီးဖြစ်သည်။

ချောင်းရိုးတစ်လျှောက်လိုက်ချောင်းရင်း ကိုသောကြာကိုယ်တွေ့ ကြုံလိုက်ရသောကြောင့် သိနေခြင်းဖြစ်သည်။ မအေးမြိုင်ကို ကိုက်ဆွဲသွားတာလဲ ဒီကောင်ကြီးပဲဟုယုံကြည်နေသည်။ ချောင်းရိုးတစ်လျှောက်မည်သည့်နေရာမျှ မိချောင်းသတင်းကို မကြားမိသောကြောင့်ဖြစ်သည်။

ထို့ကြောင့်ရေမကျမီအချိန်ကတည်းက လေ့လာရင်း ကိုသောကြာတောင်မရိုးပင်အောက် သစ်ပင်ခြောက်ကြီးနှင့် ဇနိရွှဲခြုံကြားတွင် ပုန်း၍စောင့်ကြည့်နေသည်မှာ ကြာပြီ။ တောင်မရိုးပင်ပေါ်က ပျား မျောက်များကလည်း ကွိကွိကွကွနှင့် တစ်ကိုင်းမှတစ်ကိုင်းကိုကူးကာ အော်ဟစ်နေရင်း ရေကျကိုစောင့်နေကြသည်။

တဖြည်းဖြည်းရေကျလာသည်နှင့်အမျှကမ်းခြေမှစကာ လတာပြင်ကတစစနှင့်ပေါ်လာသည်။ ကိုသောကြာကဇနိရွှဲခြုံကြားမှနေ၍ တောင်မရိုးပင်အောက်ရှိ လတာပြင်တစ်လျှောက် မျက်တောင်မခတ်အခြေအနေကြည့်နေသည်။ နာရီဝက်လောက်အကြာတွင် လတာပြင်က ကိုက်(၂၀)လောက်အထိပေါ်လာသည်။ ထူးခြားမှုမတွေ့ရသေး။ တောင်မရိုးပင်ပေါ်မှ မျောက်များကတော့ ကမ်းစပ်အနီးလတာပြင်ပေါ်ကို တစ်ကောင်ပြီးတစ်ကောင်ဆင်းကာ ငှက်နန်းများ ငါးပျံမွေးများကို





အလုအယက်ကောက်စားနေကြသည်။

တစ်ချို့မျောက်များကလည်းသည်။ တွင်းထဲဝင်ပြေးသော ဂဏန်းများကို တွင်းထဲသို့အမြီးကို ထိုးသွင်းလိုက်သည်။ ခဏအကြာတွင် အမြီးကိုညှပ်လိုက်သော ဂဏန်းကို အပေါ်သို့ဆောင့်ဆွဲယူကာ ကောက်ငါးလိုက်သည်။

ကိုသောကြာတစ်စုံတစ်ခုကို သတိပြုမိလိုက်သည်။ ထို့ကြောင့် အမဲပစ်ရိုင်ဖယ်ကိုထိုးချိန်လိုက်သည်။ ကမ်းခြေမှ(၅)ကိုက်အကွာလောက်ရှိ လတာပြင်ပေါ်မှ အပေါ်ကိုထိုးထွက်နေသော အဖုကလေးနှစ်ဖု။ ပျားမျောက်များက ကမ်းခြေမှဆင်းမလာပဲ လတာပြင်ပေါ်သို့ ကိုင်းကျနေသော ကိုင်းများမှ ခိုဆင်းကာသွားကြသောကြောင့် နွံထဲတွင် ကိုယ်လုံးကြီးကိုနှစ်ကာ မျက်လုံးကလေး နှစ်လုံးသာဖေါ်ထားသော မိချောင်းကြီးနှင့်မတိုးမိကြခြင်းဖြစ်သည်။

ကိုသောကြာသဘောပေါက်လိုက်သည်။ မျောက်ဆိုသည့် အကောင်က ခြေမြိမ်သည့် အကောင်မဟုတ်၊ တစ်ကောင်နှင့်တစ်ကောင်လည်း လုယက်သတ်ပုတ်နေတတ်ကြသည်။ ထို့ကြောင့် ချောင်းနေသော မိချောင်းကြီးအနားသို့ တစ်ကောင်မဟုတ်တစ်ကောင်ရောက်လာနိုင်သည်။ သေချာသည်။ မျောက်တစ်ကောင်ကခုန်ဆွခုန်ဆွနှင့် ရှေ့ကနေပြေးနေသော ငါးပျံမွေးတစ်ကောင် နောက်ကိုလိုက်ရင်း မိချောင်းကြီးနားသို့ ရောက်လာသည်။

"ဗွမ်း…"

"ကွိ…ကွိ"

"ဖေါင်း"



www.burmeseclassic.com

ချောင်းနေသည်မှာကြာပြီဖြစ်၍ မျောက်တစ်ကောင် အနား သို့ရောက်လာသည်နှင့် ရှုံ့ထဲမှ ခေါင်းကြီးထောင်ထလာကာ ပါးစပ်ကြီး ဖြဲလျက် ဟပ်လိုက်ချိန်တွင် ကိုသောကြာကသေနတ် မောင်းကိုဖြုတ် လိုက်ခြင်းဖြစ်သည်။

သို့သော် ကိုသောကြာတစ်ကွက်မှားသွားသည်။ မိချောင်းကြီး ကိုသူငယ်ချင်းဖြစ်သူ မအေးမြိုင်အတွက်ကလဲ့စားချေရန်သာ အာရုံ စိုက်နေသောကြောင့် မိချောင်းကြီးကိုမျက်တောင် မခတ်ကြည့်နေချိန် အတွင်း ကိုသောကြာ၏နောက်လဲကျနေသော သစ်လုံးကြီးနှင့်ကပ်လျက် ကုန်းမြင့်မြင့်ကလေးပေါ်မှနေ၍ ကိုသောကြာကိုချောင်းနေသော သတ္တဝါတစ်ကောင်။

ကိုသောကြာကရှေ့ကို အာရုံစိုက်ကာ တစ်လှုပ်လှုပ်နှင့် ချောင်းနေချိန်တွင် ထိုသတ္တဝါက ကိုသောကြာကိုနောက်ကနေ ချောင်းနေခြင်းဖြစ်သည်။ ကိုသောကြာကမိချောင်းကို ခလုတ်ဆွဲလိုက် ချိန်တွင် ထိုသတ္တဝါကောင်က နောက်ကနေခုန်အုပ်လိုက်ခြင်းဖြစ်သည်။ ကိုသောကြာကခလုတ် ဆွဲလိုက်ပြီးနောက်တစ်ချက်ထပ်ပစ်ရန် အလုပ်တွင် နောက်ဘက်ဆီမှ "ဟဲ"ကနဲအသံကြောင့် လှည့်ကြည့် လိုက်ရာ မိမိအပေါ်သို့မိုး၍ကျလာသော သတ္တဝါကြီး။ မျက်လုံးထဲတွင် မည်းကနဲသာမြင် လိုက်ရသော်လည်း ကိုသောကြာသတိရှိသောကြောင့် ခလုတ်ကိုဆွဲထည့်လိုက်သည်။ ငုံ့အရှောင်လိုက်တွင် လက်နှစ်ချောင်းလုံး ကျင်ကနဲဖြစ်သွားကာ သေနတ်ကလွင့်ထွက်သွားသည်။

ဟ္သားကနဲခုန်ဝင်လာသော သတ္တဝါကြီးကသေနတ်သံကြောင့် ဟန်ချက်ပျက်ကာ ကိုသောကြာ၏သေနတ်ကို လက်တစ်ဘက်နှင့်





ပုတ်ထုတ်လိုက်ပြီး ဇန်ရွဲချုံကိုကျော်၍ လတာပြင် ထဲသို့ကျသွားသည်။ လတာပြင်ထဲတွင် ကိုသောကြာ၏ သေနတ်ကျည်ကြောင့် သေလောက် သော နေရာကိုမထိသော်လည်း ဒါဏ်ရာရသွား၍ ဒေါသကြီးကာပါးစပ် ကြီးဖြဲနေသော မိချောင်းကြီး။ "ဟဲ"ကနဲထိုးဝင်လာသော အစါနှင့် အနက်စင်းကျားကြီးကို ထိုးဟပ်လိုက်သည်။

သားကောင်ကိုရှာနေသော တောမှဆိုးက မမျှော်လင့်ပဲရင်ဆိုင် လိုက်ရသော အန္တရာယ်ကြောင့် မိချောင်းကြီးကိုကိုက်ဖဲ့ ကုတ်ခြစ်ကာပြန် ၍ တိုက်ခိုက်နေတော့သည်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com



ဟင်းမျိုး(ကျား)နှင့်မိချောင်းကြီးတို့ လတာထဲတွင်အပြန်အလှန်တိုက်ခိုက်နေသော တိုက် ပွဲဖြစ်သည်။ နှစ်ကောင်စလုံးရှုံ့လူးကာ နှစ်ကောင်လုံးသွေးများရဲနေသည်။ လူတစ်ယောက်က သေနတ်နှင့် ချိန်ကာ ထိုတိုက်ပွဲဆီသို့ ခလုတ်ကိုတစ်ချက်ပြီးတစ်ချက် ဆွဲနေသည်။ ကျည်ဆန်တော့ ထွက်မလာတစ်ချောက်ချောက်အသံသာ ထွက်လာသည်။

စောဂျိမ်းသဘောပေါက်လိုက်သည်။စောစောကသေနတ်သံက ထိုလူငယ်ပစ်လိုက်သော သေနတ်သံဖြစ်ရမည်ဟု၊ စောဂျိမ်းကိုတွေ့လိုက်သော ကိုသောကြာအံ့အားသင့်သွားသည်။ တိုတ်ပွဲက ပြင်းထန်နေသောကြောင့် ရွံ့များက စောဂျိမ်းတို့ ရပ်နေရာကိုပင်လာစင်နေသည်။

ကိုသောကြာက စောဂျိမ်းကို တစ်ချက်ပဲလှည့်ကြည့်ကာ သေနတ်ထဲမှ ကျည်အဟောင်း များကိုထုတ်၍ကျည်သစ်ပြောင်း





ထည့်လိုက်သည်။ ထို့နောက်ထိုးချိန်ကာခလုတ်ကို ဆွဲလိုက်သည်။

" ဖောင်း"

ဟင်းမျိုးကြီးကိုပစ်လိုက်ခြင်းဖြစ်သည်။ ပစ်ကွင်းက လှုပ်ရှားနေသောကြောင့် ထိထိရောက် ရောက်ထိဟန်မတူ။ ကိုသောကြာဘယ်နေရာကို ချိန်၍ပစ်လိုက်သည်ကို စောဂျိမ်းမသိ။

"ဖောင်း"

ရေမှုဆိုးမိချောင်းကြီး၏ တိုတ်ခိုက်နေရင်းပက်လက်လန်သွားချိန်တွင် ကိုသောကြာကပစ် ထည့်လိုက်ခြင်းဖြစ်သည်။ ဝမ်းဗိုက်အပေါ်ပိုင်းနေရာတွင် ကျည်က ဖောက်ဝင်သွားသောကြောင့် မိချောင်းကြီး ငြိမ်ကျသွားချိန်တွင် ဟင်းမျိုးကြီးက မိချောင်းကြီး၏ လက်တစ်ဖက်ကို ကိုက်ထားကာ ဝမ်းဗိုက်သားများကို လက်သည်းကြီးများနှင့် ကုတ်ခြစ်နေဆဲဖြစ်သည်။

သို့သော် ပါးစပ်ထဲတွင် ကိုက်ထားသောလက်ကို ထုတ်လိုက်ကာ ဟင်းမျိုးကြီးက စောဂျိမ်းနှင့် ကိုသောကြာရှိရာသို့ စောင်းကြည့်လိုက်သည်။

"ဖောင်း"

စောဂျိမ်းထံမှ ထွက်သွားသော သေနတ်သံဖြစ်သည်။ နှစ်ကောင်စလုံးသူနိုင်ကိုယ်နိုင်တိုတ် ခိုက်နေရသော သေနတ်သံကို ဂရုမစိုက်မိပဲ မိချောင်းကြီးငြိမ်သွားမှ ဟင်းမျိုးကြီးသတိရကာ လှည့်ကြည့်လိုက်ခြင်းဖြစ်သည်။ ကျည်ထွက်အားပြင်းထန်သော ကျည်သီးကဟင်းမျိုးကြီး၏ မျက်စိနှစ်လုံးကြားကို ပေါက်ဝင်သွားသည်။ တိုတ်ပွဲကြောင့် အားကုန်နေသော ဟင်းမျိုးကြီး ပတ်လက်လန်ကာ



www.burmeseclassic.com

www.burmeseclassic.com



ရွှံ့ထဲသို့ လဲကျသွားသည်။ နစ်ကောင်စလုံးငြိမ်သက်သွားပြီဖြစ်သည်။

ထိုအခါ ကိုသောကြာက လတာပြင်ထဲသို့ ပြေးဆင်းသွားကာ ဟင်းမျိုးကြီးနှင့်မိချောင်းကြီးကို ကျည်တစ်ထောင့်စီ ပစ်လိုက်ပြန်သည်။ စောဂျိမ်းက ကြောင်ကြည့်နေရင်း ကမ်းပါးပေါ်တွင် ကျန်နေခဲ့သည်။

◆ ◆ ◆ ◆ ◆





"ငါလည်းလမ်းမှာကတည်းက မောင်သောကြာရှင်းပြမှပဲ သိမ့်ပတ်လည်သွားတော့တယ်၊ သူ့သူငယ်ချင်းတွေအတွက် သူကလဲ့စားချေချင်နေတာကိုး။ ဒါကြောင့်မို့ သေပြီးသားတွေကို ထပ်ပစ်နေသေးတယ်၊ မင်းငါ့ကို အကူအညီတောင်းတဲ့ကိစ္စက ငါရှင်းစရာမလိုတော့ပါဘူးကွာ စေတင်ရာ"

"ငါလည်း သေနတ်ပျောက်သွားတော့ တော်တော်ဒေါသထွက်နေတာ၊ ဒီကြားထဲခါးက လည်းနာနေတော့ မင်းဆီစာရေးပြီး အကူ အညီတောင်းရတာ။ ခုတော့ မောင်သောကြာလည်း သူ့အမှားကို သူရှင်းပြပြီး ငါ့ကို လာတောင်းပန်သွားပါတယ်။ သူက ကလဲ့စားချေချင်တာပဲရှိတာကိုး တစ်ခြားကိစ္စတွေကို သူထည့်မစဉ်းစားမိဘူး။ ဒီကြားထဲမှာ ကိုက်တိုက်ဆိုင်ဆိုင်မင်းနဲ့ လာတိုးနေသေးတယ်၊ စိတ်နာလွန်းလို့တာဘုရင်ရော၊ ရေဘုရင်ရောနှစ်ကောင်စလုံးငါ့ကိုပေးသွားတယ်"

"ပိုတိုက်ဆိုင်တာက မောင်သောကြာရဲ့ သူငယ်ချင်းနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်စလုံးကို ဇီဝိန်ချွေသွားတဲ့ တောဘုရင်ရော၊ ရေဘုရင်ရော နှစ်ကောင်စလုံးကို ဒုက္ခခံပြီးမရှာရပဲ ထိပ်တိုက်တိုးမိတာပဲ။ ဒါပေမယ့် ဟင်းမျိုးကြီးကို လက်ဦးသွားလို့နို့မို့ရင် ဒီကောင်က မင်းတို့ရှာကို လှည့်ပတ်ပြီး ဒုက္ခပေးမယ့်ကောင်၊ ဒီကောင်ကြီးခြေထောက်မှာ ဒဏ်ရာတွေရထားတယ်၊ ခြေတစ်ဖက်သိမ်နေတယ်၊ ငမြောင်ချောင်က သစ်ထုတ်လုပ်ရေးစခန်းမှာ ကျွဲပေါက်ကလေးတစ်ကောင်ကို ဝင်မြို သွားတာလဲ ဒီကောင်ကြီးပဲဖြစ်မယ်၊ ကျောက်တစ်လုံးကိုဝင်တော့လည်း အိမ်မွေးဝက်တစ်ကောင်ဆွဲသွားတယ် လို့သတင်းပေးတယ်၊ ဒုက္ခတကျ နာတွေဟာ မစွမ်းမသန်ဖြစ်လာရင် အိမ်မွေးတိရစ္ဆာန်တွေဘက် လှည့်လာတာပဲ၊ နောက်အာလွှယ်ရတဲ့လူတွေကို အန္တရာယ်ပေးတော့ တာပဲ၊"

"ဒါပေမယ့် စောဂျိမ်းရ မိချောင်းကြီးကမအေးမြိုင်ကို ဆွဲသွား တဲ့ကောင်ကြီး ဖြစ်နိုင်ပါ့မလား"

"မအေးမြိုင်ကို ဆွဲသွားပြီးမင်းတို့ချောင်းတစ်လျှောက် နောက်ထပ်ဒီကောင်ကြီးကြားမိလို့လား"

"မကြားမိတော့ဘူး"

"ဒီကောင်ကြီးက ပျားမျောက်တွေရှိတဲ့နေရာမှာ ရေတက် ရေကျစောင့်ပြီး ဒုက္ခပေးနေတာကွ။ နောက်ပိုင်းအခြေအနေစောင့် ကြည့်လိုက်ပါကွာ။ဘာသံမှမကြားတော့ရင်တော့ ဒီကောင်ကြီးဆိုတာ သေချာပါတယ်"

"ဒီကောင်ကြီးပဲဖြစ်ပါစေလို့ဆုတောင်းရတာပဲ"

"ကဲ···စစ်တင် ငါလဲရောက်ရော အန္တရာယ်ကောင်တွေမှ





အလိုလိုငြိမ်သွားရော။ ငါဘာ လုပ်ရမလဲ"

"ဟမင်းကမှဆိုးပဲဟာ၊ ဒါမပစ်ရလဲတစ်ခြားတောကောင် ပစ်ပေါ့"

"ဟ ···ဒါတော့ မင်းပြောမှလား။ မင်းလဲအရိပ်ပြလို့ အကောင် မမြင်တဲ့ကောင်၊ ငါကမေ့ လောက်မှ မင်းဆီကို တစ်ခေါက် ရောက်တာ၊ ရောက်တုန်းရောက်ခိုက်ဘာလုပ်သင့် တယ်ဆိုတာ···"

"အဟေး···ဟေး···ဟေး···စောဂျိမ်းငါသဘောပေါက် ပြီ။ တောအရက် မီးတောက်တစ်လုံးနဲ့ ချေ(ဂျီ)သားခြောက်တွေ ရှိတယ်ဟေ့။ ငါကိုယ်တိုင်မပစ်ပဲ တပည့်သောကြာကိုလွှတ်ပြီး ပစ်နိုင်း တယ်ထင်လို့ အထင်တကြီးနဲ့ ရွာသားတွေလာပေးထားတဲ့ ငါးခြောက် တွေရော ငါးစိုတွေရောရှိတယ်။ ကြိုက်သလိုမြည်း·တော်သေးတယ်။ ငါတစ်ခုကံကောင်းသွားတယ်စောဂျိမ်း"

"ဘာကိုလဲ"

"ငါ့ဆီကသေနတ်ပျောက်တယ်ဆိုတာ ဘယ်သူ့ကိုမှမပြော မိလိုက်လို့"

ကိုသောကြာရောက်လာသောကြောင့် စောဂျိမ်းတို့ဝိုင်းက ပို၍စည်သွားသည်။သုံးယောက် သားအောင်ပွဲခံလိုက်ကြသည်မှာ နောက်တစ်နေ့မိုးထိန်ထိန်လင်းသည်အထိ တစ်ယောက်မျှ မနိုးကြသေး။

◆ ◆ ◆ ◆ ◆

မောင်မြင့်မား (ဘိုကလေး)



www.burmeseclassic.com

www.burmeseclassic.com



# ဦးကမ်းနော်နှင့် ရွှေရောင်ပုလဲလုံး

မောင်မြင့်မား(ဘိုကလေး)





စောဂျိမ်းအသက်(၅၀) ကျော်မှ ဇာတ်လမ်းလေးကို သိလိုက်ရခြင်းဖြစ်သည်။ စောဂျိမ်း ဆရာတင်ထားသော မုဆိုးများထဲတွင် မောင်ခမ်းနယ်(ယော/ထမံသီနယ်)က ဦးကမ်းနော်လည်း အပါအဝင်ဖြစ်သည်။ မင်းတုန်းအနောက်ဘက်ရိုးမတောထဲတွင် အမဲပစ်ကြရင်း သစ်ထုတ်လုပ် ရေးစခန်းတစ်ခုတွင် တောခေါင်းကြီးဦးရင်မောင်နှင့် ညဘက်ရေနွေးကြမ်းဝိုင်းဖွဲ့စကားထိုင်ပြောကြရင်း ဦးရင်မောင်သည် အစိုးရဝန်ထမ်း တောခေါင်းလုပ်နေသော်လည်း အမဲပစ်၊ တောလိုက်၊ အတော်ဝါသနာကြီး သူတစ်ယောက်ဖြစ်ကြောင်း သိရသည်။

မုဆိုးအချင်းချင်း စကားထိုင်ပြော၊ အတွေ့အကြုံဖလှယ်ရုံနဲ့ မုဆိုးဝါ၊ မုဆိုးအသက်၊ အတော်များကြောင်းစောဂျိမ်းသဘောပေါက်သွားသည်။ ဦးရင်မောင်သည် မြန်မာပြည်အနှံ့တာဝန် ထမ်းဆောင်ရင်း ရောက်သည့်နေရာတွင် တောပစ်ထွက်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးရင်မောင်၏ စကားထဲတွင် မောင်ခမ်းနယ်အကြောင်းနှင့် မောင်ခမ်းနယ်တဝိုက်ဦးရင် မောင်တောပစ်သည်အကြောင်းပါလာသည်။ ထိုအခါ စောဂျိမ်းက သူ့ဆရာဦးကမ်းနော်ကို သတိရလိုက်သောကြောင့်-

"ဦးရင်မောင်—ထမံသီက မုဆိုးကြီးဦးကမ်းနော်ကို သိသလား"

"သိရုံတင်မကဘူး၊ သူ့အိမ်မှာ စားအိမ်သောက်အိမ်ပေါ့၊ သူနဲ့တွဲပြီး အကြိမ်ကြိမ်အမဲလိုက် ဘူးတာပေါ့၊ နောက်သူနဲ့တောင် ကျွန်တော်အမျိုးတော်သွားသေးတယ်"

"ဟုတ်လား၊ ဘယ်လိုတော်တာလဲ"

"ဦးကမ်းနော်ရဲ့ သမီးအကြီးနဲ့ ကျွန်တော်ရလိုက်သေးတယ်"

"ဩ"

"ကျွန်တော်က ရောက်တဲ့နေရာမှာ မိန်းမယူတတ်တာဆိုတော့ အမျိုးတော်သွားတာပေါ့ဗျာ၊ အခုတော့ ကွဲသွားပါပြီ။ ဘာဖြစ်လို့မေးတာလဲ"

"ဦးကမ်းနော်က ကျွန်တော့်ဆရာပါ၊ မုဆိုးအတတ်ကို သင်ပေးတဲ့ဆရာထဲမှာ သူလည်းပါတယ်"

"ဘယ်အရွယ်လောက်တုန်းက သိကြတာလဲ"

"ကျွန်တော်၁၇နှစ်၊ ၁၈နှစ်လောက်မှာပါ"

ရေနွေးကြမ်းဝိုင်းပြီးနောက် စကားကောင်းနေသောကြောင့် ဦးရင်မောင်အစီအစဉ်နှင့် ကောက်ညှင်းအရက်၊ ဆတ်သားခြောက်ဖုတ်၊ ဖွတ်သားဟင်းများဖြင့် စကားဝိုင်းက ပို၍စိုပြေသွားပြန်သည်။ ဦးရင်မောင်က ကောက်ညှင်းအရက်ကိုသောက်လိုက်၊ ဆတ်သားခြောက်ဖုတ်ကိုဝါးလိုက်လုပ်ရင်း၊ လေးနက်သော စကားတစ်ခွန်းကို ပြောသည်။





"ဦးကမ်းနော်က မုဆိုးဆိုပေမယ့် မုဆိုးစည်းကမ်းဖောက်တာ တစ်ခုရှိတယ်ဗျ"

ထိုစကားကြောင့် စောဂျိမ်းက စိတ်ဝင်စားသွားသည်။ သူ့ဆရာတင်ထားသော မုဆိုးကြီးက မုဆိုးစည်းကမ်းဖောက်သည် ဆိုသောကြောင့်-

"ဘယ်လိုစည်းကမ်းဖောက်တာလဲ ဦးရင့်မောင်"

"ခင်ဗျားက ဦးကမ်းနော်ရဲ့တပည့်ဖြစ်ခဲ့ဘူးတော့ ဆရာ့အကြောင်း ပြောမယ်ဆိုတော့နာ ရင်နာမယ်၊ ဒါပေမယ့် ခင်ဗျားလည်း မုဆိုးဆိုတော့ နာသင့်မနာသင့်စဉ်းစားပေါ့ဗျာ၊ ဦးကမ်းနော်က အသက် ၇၀ ကျော်မှ ဆုံးတယ်၊ မသေမီမှာ အပော်ချမ်းသာသွားတယ်၊ ထမံသီက အချမ်းသာဆုံးထဲမှာ သူပါတယ်၊ သူ့အသက် ၅၀ ကျော် လောက်မှာ မုဆိုးအလုပ်ကို လုံးဝစွန့်လွှတ်လိုက်တယ်၊ အဲဒါဘာဖြစ်လို့ လဲသိလား"

"ပြောပါဦးဦးရင်မောင်"

"သူတောပစ်ထွက်ရင်း အဆောင်ကောင်းတစ်ခုကို ရသွားတယ်၊ စောဂျိမ်းက မုဆိုးဆိုတော့ ပိုနားလည်ပါတယ်၊ တောပစ်ထွက်လို့ တပည့်ခေါ်သွားရင် တပည့်အတွက် ရတဲ့သားကောင်ဝေစုထဲက သုံးချိုး တစ်ချိုးကို ပေးရတယ်၊ တပည့်က ကျေနပ်ရင်တချို့က ဟင်းစားလောက်ပဲ ပေးတာရှိတယ်၊ မုဆိုးအချင်းချင်းဆိုရင်တော့ တစ်ယောက် တစ်ဝက်ထုံးစံပဲ၊ ဦးကမ်းနော်နဲ့ ကျွန်တော်ဟာမုဆိုးချင်းဆိုတော့ တောပစ်ထွက်ရင် တစ်ယောက်တစ်ဝက် ယူနေကြပဲ၊ သူ့အိမ်မှာ စားသောက်နေ စဉ်ကတော့ တစ်မျိုးပေါ့ဗျာ၊ သူနဲ့ ကျွန်တော်တောပစ် ထွက်ရင်း အဆောင်ကောင်းတစ်ခုကို သူရလိုက်တယ်၊ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



သူလုံးဝမပြောဘူး၊ အဲဒီအဆောင် ကောင်းကြောင့် တောပစ်မထွက်တော့ပဲ သူချမ်းချမ်းသာသာနဲ့သေတဲ့အထိ နေသွားရတယ်၊ အဲဒီအဆောင်ကောင်းကို ကျွန်တော်လည်း မရထိုက်ဘူးလားဗျာ"

"အတူတူတောပစ်ထွက်တာဆိုတော့ ရထိုက်တာပေါ့ဗျာ"

"အဲဒါကြောင့် ဦးကမ်းနော်မှဆိုးစည်းကမ်းဖောက်တာလို့ ကျွန်တော်ပြောချင်တာ"

"ဘယ်လိုအဆောင်ကောင်းလဲ"

"ဆတ်အမြဲတောကွ"

◆ ◆ ◆ ◆ ◆





နွေဦးရွက်ကြွေဆိုသည့်အတိုင်း တစ်တောလုံးမြေပြင်ပေါ်တွင် ရွက်ခြောက်များဖြင့် ပြည့်နေသည်။ အပင်များပေါ်မှ ဝါရွှေနီရွက်ရော်များက လေအဝှေ့တွင်တလွင့်လွင့်ကြွေကာ ဖဲပုံကျနေသလောက် အပင်များပေါ်က ကြွေလုကြွေခင်ရွက်ရင်းများက မြေပြင်ပေါ်သို့ ခုန်ချရန် စိုင်းပြင်း နေကြသည်။အချိန်ကျသော်လည်း သဘာဝနှင့် မကိုက်ညီသော အပင်များလောက်သာ စိမ်းစိမ်းစိုစို ကျန်နေခဲ့သည်။

တောဆိုသည့်အတိုင်းသစ်ပင်မျိုးစုံပေါက်ရောက် သောကြောင့် တစ်ချို့အပင်များကနွေဦးတွင် ရွက်မကြွေကြံ့ကြံ့ခိုင်သည်။

ရွက်ခြောက်များကို အသံမကြားအောင်ဖွဖွနင်းကာ မုဆိုးနှစ်ယောက်တစ်လှမ်းခြင်း လျှောက်လာကြသည်။ သေနတ်ကိုယ်စီကိုင်၍ အထုတ်အပိုးကိုယ်စီ လွယ်ထားကြသည်။ တစ်ယောက်က လေသံတိုးတိုးဖြင့်

"ငါပစ်နေကြမြောင်ကို ရောက်တော့မယ် ခြေသံလုံပစေနော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ဦးကမ်းနော်"

ရွက်ကြွေတောအလယ်မှ စိမ်းစိမ်းစိုစို ရှိနေသောကြောင့် မြောင်ကို ရောက်တော့မည်ဆိုသော်လည်း ကိုက်(၂၀၀)လောက် ဝေးသေးသည်။ ကြားတွင်နဘူးခြုံ၊ မိုးနံ့ခြုံ၊ ပါတ်နွယ်ခြုံ၊ ကြောင်ပန်း ရွက်ခြုံ၊ ၁ ပတ်ခြုံ၊ စွန်လက်သည်းခြုံများက သူ့အစုနှင့်သူခြား နေသေးသည်။ ဪ . . . တခါ မြောင်ဆိုတာက အောက်ဘက်ကို ကိုက်(၃၀)လောက်နိမ့်ဆင်းသွားသောနေရာဖြစ်သည်။

"ဝေါင် . . . ဝေါင် . . . ဝေါင်"

"ချေ(ဂျီ) ဟောက်သံထင်တယ် ဦးကမ်းနော်"

"အေး . . ."

ယုန်များနှင့် တောကြက်များက ရှတ်ကနဲ ရှတ်ကနဲ ပြေးလွှား နေသည်။ ဦးကမ်းနော်၏ စိတ်ကို ဆွပေးသလိုဖြစ်နေပြီ။ ဦးကမ်းနော် တောပစ်ထွက်နေကြဒူးလေးသာပါရင် ဘယ်အလွတ် ပေးလိမ့်မတုန်း။ အခုတော့ ဦးကမ်းနော် လက်ထဲမှာကိုင်ထားတာက (.၄၀၄)ပြောင်း ဝအကျယ် ရိုင်ဖယ်။ ကိုရင်မောင်ပေးထားသော ရိုင်ဖယ်ဖြစ်၍ တော်တော်လည်းကျွမ်းကျွမ်းကျင်ကျင် ပစ်တတ်နေပြီဖြစ်သည်။ ထို သေနတ်ကြီးကိုရကတည်းက ဦးကမ်းနော်ဒူးလေးမကိုင်တာကြာပြီ။ ချက်ကောင်းမှန်လို့ကတော့ တစ်ချက်ဆိုဆိုသလောက်ထိရောက်သော သေနတ်ဖြစ်သည်။ ကိုရင်မောင်နှင့် ပေါင်း၍ထိုသေနတ်ကိုင်ရ က တည်းက ဟင်းစားအတော်ဖူလုံနေသည်။ ဆန်ဘိုး ဆားဘိုးလည်း ပြောစရာမလို။ အသားစိုအသားခြောက်များနှင့် လဲလှယ်၍နေရသည်။

ဖွဖွနင်းကာလျှောက်လာကြရင်း မြောင်ထိပ်ကိုရောက်လာကြ





သည်။ မြောင်ထိပ်တွင်တော့ တမာနှင့် မျောက်လုပ်ပင်ကြီးနှစ်ပင်ရှိသည်။ တစ်ပင်က ကတုံးဖြစ်နေ၍တစ်ပင်ကအရွက်များ ကြွေနေဆဲ။ ဦးကမ်း နော်က မျောက်လုပ်ပင်ကြီးဘေးတွင် ရပ်ကာမြောင်ဘက်ကိုကြည့် လိုက်သည်။

လှုပ်ရှားမှုမတွေ့ရငြိမ်သက်နေသည်။ ဦးကမ်းနော်က ကိုရင်မောင်ကို မေးဆတ်ပြလိုက် ကာနိမ့်ဆင်းသွားသော မြေသား အတိုင်းမြေလှမ်းလိုက်သည်။ ကြောင်ပန်းရွက်ခြုံကြီးဘေးအရောက်တွင် ကိုက်(၂၀)လောက်အကွာရှိတောင်သဖန်းပင်ကြီးအောက်တွင် ငုံ့ကာ ငုံ့ကာနှင့်သဖန်းသီးများ ကိုစားနေသောချေ(ဂျီ)ပေါက်တစ်ကောင်။ ဦးကမ်းနော်တို့ဘက်သို့ ဖင်ပေးကာစားနေသော ကြောင့်ဦးကမ်းနော်တို့ ကိုမမြင်။ ဝပီးနေ၍တချိန် (၃၀)(၄၀)လောက်ရှိမည့်အကောင်ဖြစ်သည်။

ဦးကမ်းနော်က ပစ်ရန်ချိန်လိုက်ပြီးမှ တစ်စုံတစ်ခုကိုသတိရကာ ကိုရင်မောင်ကိုပစ်ရန် ငေါ့ပြလိုက်သည်။ ကိုရင်မောင်ကိုင်ထားသော (၁၂)ဘို့ နှစ်လုံးပြူးက ခြောက်လုံးကျည်ထည့်ထား၍ ယခုအနေအထား တွင် ပစ်ရန်အနေတော်ဖြစ်သည့်အပြင် ဦးကမ်းနော်သေနတ်က သားကောင် ကြီးများပစ်ရန်အတွက်သာ ဖြစ်သောကြောင့် ဖြစ်သည်။

ကိုရင်မောင်က ကြောင်ပန်းရွက်ခြုံဘေးတွင်ရပ်ကာ ချိန်လိုက်ချိန်တွင် . . .

"ကစ် . . . ကစ် . . . ကစ် . . . ကစ်"

"ဖြော . . . ဖြော . . . ဝရော . . . ဝရော"

တကစ်ကစ်အော်သံများနှင့်အတူ ရွက်ခြောက်များကိုဖြတ်၍ ပြေးလွှားသံများက တဖြော ဖြောနှင့်ဆူညံနေသည်။ ဦးကမ်းနော်က



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခုကို သတိရကာ ကိုရင်မောင်၏ လက်ကိုဆွဲ၍ နောက်ကို လှည့်ပြေးတော့သည်။

ထိုနောက်မြောင်ထိပ်၌ မျောက်လုပ်ပင်ကြီးပေါ်သို့တက်ကာ ခွကြားတစ်ခုခု၌ထိုင်နေလိုက်သည်။ တပြောပြောအသံများကအနားကို ချဉ်းကပ်လာကြသည်။ တောဝက်သုံးကောင်က ရှေ့မှအသက်လုကာပြေးနေ၍ နောက်မှ ဒလကြမ်းလိုက်လာသော (၁၄)(၁၅)ကောင် ခန့်ရှိတောခွေးအုပ်။

လေအောက်မှ ရောက်နေသည့်အပြင် ဦးကမ်းနော်တို့က သွက်သွက်လက်လက်ဖြင့် အပင်ပေါ်ရောက်နေ၍သာ တော်တော့သည်။ သို့မဟုတ်ပါက တောခွေးများ၏ဦးတည်ချက်က ဦးကမ်းနော်တို့ဘက်သို့ လှည့်လာနိုင်သည်။ တောကောင်ကြီးများကိုပင်မရှောင် အုပ်စုလိုက်ရန်မူ တတ်သောတောခွေးများကို မုဆိုးများကလည်းရှောင်တတ်သည်။

အသံများကအတော်ဝေးသွားမှ ဦးကမ်းနော်တို့နှစ်ယောက် မျောက်လုပ်ပင်ပေါ်မှဆင်း လာကြသည်။

"ရင်မောင်ရေ ချေ(ဂျီ)ပေါက်လည်း တောခွေးအုပ်အသံကြောင့် လစ်သွားပြီ၊ အရိပ်အခြေ တောင်မတွေ့တော့ဘူး"

"အေးဗျာ၊ ဒီကောင်တွေအနောက်အယုက်ပေးတာနဲ့ ဒီနားတဝိုက်က တခြားတောကောင်တွေလဲ လစ်ကုန်ကြရောပေါ့။ ဒါဆိုခဏနားပြီးနောက်မှ ခရီးဆက်ကြရအောင်ဗျာ"

ကိုရင်မောင်ကသူ့လက်ဆောင်ရထားသော အာမီရမ်များကို ရေဗူးတစ်ဗူးတွင်ဖေါက်ထည့် ထား၍ထိုရေဗူးကိုဖွင့်လိုက်သည်။နောက် ပါလာသော ဆိတ်သားခြောက်ဖုတ်နှင့် ညောင်ချဉ်ဖူးသုတ်ကို ထုတ်လိုက်





သည်။ ဦးကမ်းနော်ကလည်း တောင်လိပ်သားဟင်းနှင့် ပဒ္ဒူဥကြော်ကို ထုတ်လိုက်သည်။ ဦးကမ်းနော်က ခွက်တစ်ခုတွင် အရက်နည်းနည်း ထည့်၊ ဖက်တစ်ခုတွင် ဟင်းနည်းနည်းစီယူထည့်လိုက်ကာ မျောက်လုပ် ပင်အောက်တွင် တင်မြှောက်ပသ၍ပါးစပ်ကလည်း တတွတ်တွတ် ရွတ် ဖတ်နေလိုက်သည်။

ဦးကမ်းနော်ပြီးချိန်တွင် ကိုရင်မောင်ကတစ်ခွက်နှင့်ဟင်း ၃ဖတ် ၄ ဖတ်တောင်ဝါးပြီးနေပြီ။ ကိုရင်မောင်ကဦးကမ်းနော်ကို အရက်ခွက် ကမ်းပေးလိုက်သည်။ဦးကမ်းနော်ကအရက်ခွက်ကို ကိုင်ကာ ဆိတ်သား ခြောက်တစ်ဖတ်ကိုဝါးရင်း မတ်တပ်ရပ်လျှက်ကပင် တော၏အခြေ အနေကို လေ့လာနေလိုက်သည်။ကျေးငှက်သာရကာများ၏ အော်သံ များမှလွဲ၍ အေးဆေးငြိမ်သက်နေ သည်။

ဦးကမ်းနော်က ကိုရင်မောင်ဘေးတွင် ဝင်ထိုင်လိုက်ကာ လိပ်သားဟင်းတစ်ဖက်ကိုနှိုက် စားလိုက်သည်။ ဘာရယ်မဟုတ် လိပ်သားဟင်းကိုဝါးနေရင်း ပတ်ဝန်းကျင်ကိုကြည့်လိုက်ရော···

"ဟာ···"

ဦးကမ်းနော်က သူ့လက်စွဲတော် (·၄၀၄)ရိုင်ဖယ်ကြီးကို ကောက်ကိုင်ကာ တဖြည်းဖြည်း ထလိုက်သည်။ကိုရင်မောင်ကလည်း အရက်ခွက်ကိုချကာ ဦးကမ်းနော်ကြည့်နေရာဘက်ကို ကြည့်လိုက်သည်။ ဘာကောင်မှတော့မတွေ့။

"ဦးကမ်းနော် ဘာကောင်လဲ"

"ဆတ်တော့ဆတ်ပဲ အကောင်အတော်ထွားတယ်။ တောင်သဖန်းပင်ဘက်ကို တစ်လှမ်းချင်းသွားနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



တောင်သဖန်းပင်ဘက်ကိုကြည့်လိုက်တော့မှ ကိုရင်မောင်က မြင်သွားသည်။ ကိုရင်မောင် ပင်အံ့သြသွားသည်။ ဆတ်ဆိုသော အကောင်မျိုးတော့မှန်သည်။ အရပ်အမြင့် အလုံးအထည်က သာမန် ဆတ်များနှင့်မတူ အတော်ကွာခြားနေသောကြောင့်ဖြစ်သည်။ ကိုရင်မောင်ကလည်း သူ့သေနတ်ကိုဆွဲကာထလိုက်လာသည်။

တောင်သဖန်းပင်က အနိမ့်ဘက်တွင်ဖြစ်၍ကြားတွင်လည်း ခြုံနွယ်များကရှိနေ၍ သတ္တဝါကောင်ကိုမြင်ကွင်းက ပျောက်သွားလိုက် ပြန်ပေါ်လာလိုက်တွေ့နေရသည်။ဦးကမ်းနော်ကရှေ့က နေသွားနေရင်း စွန်လက်သည်းခြုံတစ်ခုဘေးတွင် ဝပ်လိုက်သည်။ သစ်ပင်ပေါ်မှ သစ်ရွက်များ လှုပ်ခတ်နေပုံက လေတိုက်ရာကိုညွှန်ပြနေသည်။ ဦးကမ်းနော်တို့က လေအောက်ကဖြစ်နေသည်။

သတ္တဝါကောင်က အေးဆေးစွာပင်တောင်သဖန်းသီးများ ကိုကောက်စားနေသည်။

“ဖျောက်”

နောက်ကလိုက်လာသော ကိုရင်မောင်ထံမှ အသံဖြစ်သည်။

သစ်ကိုင်းခြောက်တစ်ခုခုကိုနင်းမိဟန်တူသည်။ ထိုအသံ ကြောင့်သတ္တဝါကောင်က ငုံ့ကာ စားနေရာမှ ခေါင်းထောင်ကြည့်လိုက် သည်။ ပစ်ကွင်းကောင်းကိုလက်လွှတ်၍မဖြစ်။

“ဒိုင်း”

“အား···”

“ဝရော···ဝရော···ဗျော”

ဦးကမ်းနော်က သေနတ်မောင်းကိုဆွဲလိုက်ချိန်တွင် နောက်





ဘက်မှကပ်ပါလာသော ကိုရင်မောင်ထံမှ အားကနဲအသံကြားလိုက် ရပြီး ကိုရင်မောင်က ဆင်ခြေလျောကလေးအတိုင်း ဒလိမ့်ခေါက် ကွေးလိမ့်ကျသွားသည်။ သစ်ကိုင်းခြောက်ကိုကျော်ရင်း သစ်ရွက် ခြောက်များအောက်မှ ချိုင့်ကိုနင်းမိကာ ခြေချော်၍လိမ့်ကျသွား ခြင်းဖြစ်သည်။

ဦးကမ်းနော်က ကိုရင်မောင်အသံကြောင့်ရုတ်တရက် နောက်ကို လှည့်ကြည့်လိုက်ပြီး ဒလိမ့်ခေါက်ကွေးလိမ့်ကျသွားသော ကိုရင်မောင်အဖြစ်ကို တွေးမိလိုက်ကာပစ်ကွင်းကိုတစ်ချက်ကြည့် လိုက်သည်။ဦးကမ်းနော်ကခေါင်းကိုတည့်တည့်ချိန်ကာ ပစ်ထည့်လိုက်ခြင်း ဖြစ်၍ နားရွက်ရှေ့နားဆီမှသွေးများစီးကျနေသည်ကို မြင်နေရသည်။

သတ္တဝါကောင်က လဲမကျသေး။ သွေးရူးသွေးတန်းဖြစ်နေပုံ ရသည်။ ကိုရင်မောင်အတွက်က စိုးရိမ်စရာမရှိသောကြောင့် ဦးကမ်းနော် သည် ကြားမှခြုံပုတ်များကို တိုးဝေ့ကာသတ္တဝါကောင် ရှိရာသို့ အပြေးဆင်းသွားလိုက်သည်။ ဦးကမ်းနော် ၁၀ ပေခန့်အကွာလောက် အရောက်တွင် သတ္တဝါကောင်က ဝဲဘက်သို့ယိုင်သွားကာ ဗုန်းကနဲ လဲကျသွားသည်။

ပွဲသိမ်းပစ်ရန်ပင်မလိုတော့၊ ဦးကမ်းနော်အနားသို့ တရွေ့ရွေ့တိုးသွားချိန်တွင် သတ္တဝါတစ်ကောင်၏ ကျည်ထိထားရာ ခေါင်းထဲမှအဝါရောင်အလုံးကလေးခုန်ထွက်လာသည်။ ထိုအလုံး ကလေးက ရွက်ခြောက်များအကြား မြေပြင်ပေါ်တွင် လိမ့်ဆင်းသွားကာ တစ်နေရာတွင်ရပ်သွားသည်။ ဦးကမ်းနော်က ပထမတော့ကြောင်၍ ကြည့်နေရာမှ သတိပြန်ဝင်လာကာ မရဲတရဲဖြင့် ထိုအလုံးကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူလိုက်သည်။ ဇီးသီးလုံးခန့်ပုလဲလုံးကလေးလို အလုံးကလေး ဖြစ်သည်။

ဦးကမ်းနော်ကထိုအလုံးကလေးကိုင်ပြီး စဉ်းစားနေလိုက်ကာ ပြီးမှအိတ်ထဲကိုကောက် ထည့်လိုက်သည်။ ထို့နောက် သေနတ်မှန်သွားသော သတ္တဝါကောင်ကို ကြည့်လိုက်ရာနေရာတွင် မတွေ့ရတော့။ သွေးရှူးသွေးတန်းဖြင့် ထမျှားပြေးသွားသလား သတိရလိုက်သောကြောင့် ပတ်ဝန်း ကျင်ခြုံပုတ်များကိုလိုက်ရှာရာအရိပ်အယောင်ပင်မတွေ့။ လဲကျရာနေရာတွင် သွေးကွက်များသာ တွေ့ရ၍ ရှန်းကန်လူးလှိမ့်ရှားထားသော ခြေရာလက်ရာလည်း မတွေ့ရ။

သွေးရှူးသွေးတန်းဖြင့် ထပြေးလျှင်လည်းအသံတော့ကြားရမည်။ ပြေးသွားရာလမ်းတစ် လျှောက်သွေးစသွေးန်တွေ့ရမည်။ ယခုတော့ အစအနပင် ပျောက်နေသည်။ ဦးကမ်းနော်က သတိရ၍ အိတ်ကိုစမ်းလိုက်သည်။ အလုံးကလေးက အိတ်ထဲတွင်ရှိနေသည်။

ထိုအချိန်တွင်ကိုရင်မောင်က ခြေထောက်ထော့နဲ့ထော့နဲ့ ဖြင့်အနားကို ရောက်လာသည်။

"ဦးကမ်းနော်ဟိုအကောင်ကြီးရော"

"ပျောက်နေတယ်"

"ဗျာ… ခေါင်းကိုထိလိုက်တာပဲ၊ ကျွန်တော်လည်း သေသေချာချာမြင်လိုက်ရတာပဲ။ ပွဲသိမ်းတစ်ချက်တောင် ပစ်စရာမလိုဘူး မဟုတ်လား"

"အေး…"

"ခင်ဗျားရောက်လာတော့ ရှိသေးတယ်မဟုတ်ဘူးလား၊





ပတ်ဝန်းကျင်ကိုရှာကြည့်ပြီးပလား၊ တော်ကြာသွေးရှူးသွေးတန်းနဲ့"

"ရှာကြည့်ပြီးပြီကွ"

ကိုရင်မောင်ကမကျေနပ်၍ပတ်ဝန်းကျင်ကိုလိုက်ကြည့်နေသည်။ မတွေ့တော့မှ ပြန်လာကာ မကျေမနပ်ဖြင့်…

"မဟုတ်သေးဘူးဗျ၊ ဦးကမ်းနော် ပစ်လိုက်တာ ချက်ကောင်းဗျ၊ ပွဲသိမ်းသေနတ်သံမကြားလို့ ကျွန်တော်ကသေချာပြီလို့တွက်ထားတာ"

"မင်းကဘယ်လိုဖြစ်တာလဲ"

"သစ်ကိုင်းခြောက်နင်းမိပြီး လဲကျမလိုအဖြစ်မှာ ကျွန်တော်နင်းမိတဲ့နေရာက ချိုင့်ဖြစ်နေတယ်။ အဲဒါနဲ့ ဒလိမ့်ခေါက်ကွေးလိမ့်ကျသွားတာပဲ။ အခုတောင် ပေါင်မျက်သွားလို့ ထော့နဲ့ထော့နဲ့ ဖြစ်နေတာ"

"မင်းအဖြစ်ကိုကြည့်ပြီး ပထမတော့ စိုးရိမ်သွားတယ်"

နောက်တော့ ဘာမှမဖြစ်နိုင်ဘူးဆိုတာသိလို့ ဟိုအကောင်ကြီးကိုလဲရလိုဇောနဲ့ ပြေးလာတာ ဒီရောက်တော့ ဘာကောင်မှတောင် မတွေ့တော့ဘူး"

"ခေါင်းကိုထိတာမဟုတ်လား"

"အေး…"

"ဆန်းတော့ဆန်းတယ်ဗျ၊ အဲဒီကောင်ကဘာကောင်လဲဗျ"

"ပုံသဏ္ဍာန်ကဆတ်ပဲ၊ ငါတော့ဆတ်ဝံလို့ထင်တယ်ကွ၊ ဆတ်မျိုးထဲမှာ အကောင်ကြီးတယ်။ ကျွဲတွေထက်တောင် အရပ်မြင့်သေးတယ်။ မျက်လုံးကစိမ်းနေတတ်တယ်။ ငါ့မှဆိုးသက်တမ်းတစ်လျှောက်မှာ တစ်ခါပဲကြုံဘူးလို့သိတာပဲ။ ဒါပါဆိုရင်တော့နှစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ဂျမ်မကောင်းဘူးဗျာ။ ဘာဆက်လုပ်ကြမလဲ"

"သေနတ်သံကြောင့် ဒီနားတစ်ဝိုက်မှာဘာကောင်မှမရှိတော့မှာ မဟုတ်ဘူး။ ပြန်ကြပါစို့ကွာ"

◆ ◆ ◆ ◆ ◆





"အမြဲတေဆိုတာ ရခဲတယ်။ မှဆိုးတိုင်းမရတတ်ဘူး။ တချို့ရပေမယ့်၊ မထိုက်တန်လို့ဘာမှအသုံးဝင်မဝင်တာတွေလဲရှိတယ်။ ဦးကမ်းနော်ဟာ အဲဒီအမြဲတေကိုရပြီး ၃ ရက် ၄ ရက်နေတော့ သူ့ကိုအိပ်မက်ပေးတယ်။ အိပ်မက်ထဲမှာ သူပစ်လိုက်တဲ့ ဆတ်ဝံကြီးပေါ်လာပြီး "ငါလည်းအသက်ကြီးပြီ၊ မင်းနဲ့ထိုက်လို့မင်းရတာ။ မင်းချမ်းချမ်းသာသာနေပေတော့" လို့ပြောပြီးပျောက်သွားတယ်။ ဦးကမ်းနော်ဟာ အရင်ကငါနဲ့အတူတောပစ်ထွက်နေကြ၊ တောထဲ ရောက်လာရင်နှစ်ယောက်အတူ ခွဲသွားတာနဲ့ ပြန်တွေ့ရင်သူ့ဆီမှာ ဟင်းစားကောင်တစ်ကောင်နှစ်ကောင်တော့ အမြဲရနေကြ။ ငါကတော့ အတော်ခက်ခက်ခဲခဲပစ်မှ တကောင်တလေပဲရတယ်။ အဲဒီအမြဲတေကို အိတ်ထဲဆောင် ထားရင်သားကောင်ကသူ့ကို မှဆိုးလို့မထင်ဘူးသားကောင်အချင်းချင်းထင်ပြီး အနားရောက် ရောက်လာလို့ သူကအလွယ်တကူပစ်နိုင်တာပဲ။ ဟင်းစားဆိုရင်ပေါ်မှပေါ်။ ငါတောင်သူ့ကိုမှီခိုပြီး



www.burmeseclassic.com

www.burmeseclassic.com



စားနေရတယ်။ နောက်တော့ဆတ်ဝံကြီးက အိပ်မက်ထပ်ပေးတယ်တဲ့

"ချမ်းသာချင်ရင် ဒီလိုနည်းနဲ့ မချမ်းသာချင်ပါနဲ့။ တောမပစ်ပါနဲ့တော့။ ဆက်ပြီး သားကောင်တွေကိုဒုက္ခပေးနေရင် သူ့ကို အဆိုးမဆိုနဲ့" လို့ပြောတယ်တဲ့။ အဲဒီက စပြီးဦးကမ်းနော်လည်း မုဆိုးဘဝကို စွန့်လွှတ်လိုက်တာပဲတဲ့။ မုဆိုးဘဝကိုစွန့်လွှတ်ပြီး နောက်ပိုင်းတကယ်လည်း ဦးကမ်းနော်ဟာ သေတဲ့အထိ ချမ်းချမ်းသာသာ နေသွားရတယ်"

"ဒါတွေကို ဦးရင်မောင်က ဘယ်လိုသိတာလဲ"

"စောဂျိမ်းရာ ဦးကမ်းနော်သမီးက ငါ့မိန်းမလေကွာ"

စောဂျိမ်းကခေါင်းတဆတ်ဆတ်ညိတ်ကာ ကောက်ညှင်းအရက်တစ်ခွက်ကို မော့၍ဖွတ် သားဟင်းတစ်ဖက်ကိုဝါးလိုက်သည်။

◆ ◆ ◆ ◆ ◆

မောင်မြင့်မား (ဘိုကလေး)





# မည်းမည်းအကောင်ကြီး

မောင်မြင့်မား (ဘိုကလေး)



www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးနှင့်စောကျိမ်း မော်တင်စွန်းဘုရားကို ရောက်သည့်အချိန်က ဘုရားပွဲတော်ရက်မဟုတ်၊ သွားသည့်နေရာကမော်တင်စွန်းဘုရားကနေမြွေတောင်၊ မြွေတောင်မှ (၂)မိုင်ခန့်ဝေး သောပင်လယ်ကမ်းခြေမှ ရခိုင်ရွာကလေးတစ်ရွာကိုဖြစ်သည်။ ထိုရွာတွင် ကိုဘမောင်နှင့် ကိုဘသိန်း ဆိုသော ညီအစ်ကိုနှစ်ယောက်ရှိသည်။ ထို ညီအစ်ကိုနှင့် လွန်ခဲ့သော(၅)နှစ်ခန့်က မော်တင်စွန်း ဘုရားပွဲတွင်ဆုံခဲ့ကြရင်း ခင်မင်ရင်းနှီးသွားခြင်းဖြစ်သည်။

ကျော်စိုးနှင့်စောကျိမ်းက အမဲလိုက်ဝါသနာပါသောကြောင့် သူတို့ရွာကိုအလည်လာပါရန်နှင့် ရွာပတ်ဝန်းကျင်တော များအတွင်းအမဲလိုက်ရန် ခေါ်သောကြောင့်ရောက်ခဲ့ကြခြင်းဖြစ်သည်။

သိပ်မရှာလိုက်ရ၊ အထည်ရောင်းသော ကိုဘမောင်နှင့် ကိုဘသိန်းတို့အိမ်ကိုရောက်သည်။ မထင်မှတ်ပဲရောက်လာ သောကြောင့် ညီအစ်ကိုနှစ်ယောက်လုံးကဝမ်းသာနေကြသည်။ ကိုဘမောင် ကရခိုင်သံဝဲဝဲဖြင့်···





"ဝမ်းသာတယ်ဗျာ၊ ခင်ဗျားတို့လာမယ်တောင်မထင်ဘူး၊ ...ျန်တော်တို့နေရာက ဝေးတာကိုးဗျ"

ကျော်စိုးက

"ခင်ဗျားတို့ရွာနားမှာ တောတောင်တွေပေါတယ်ကြားလို့ ...ချင်နေတာကြာပြီ။ လာဘို့ ကိုစောကျိမ်းနဲ့ ချိန်းနေတာလဲကြာပြီ။ ...မှ နှစ်ယောက်လုံး အားလို့ထွက်လာကြတာ၊ ဟိုင်းကြီးကနေ ...ော်တော်ငှားပြီးလာခဲ့ရတယ်ဗျ။ ဒါတောင်မော်တော်ဆရာတွေက ...ပ်မလိုက်ချင်ဘူး"

"ဟုတ်တယ်လေဆရာရဲ့ အပြန်ကိုလူမှမရတာကိုး။ လိုက်ပို့ ...ပဲတော်လှပြီ"

ကိုဘသိန်းက···

"ကဲ··ကဲ ဆရာတို့ ကျွန်တော့်အကိုကြီးနဲ့ စကားပြောကြဦး။ ...ရာတို့စားဘို့သောက်ဘို့ အတွက်စီမံလိုက်ဦးမယ်။ ဒီမှာကတော့ ...်လယ်နဲ့နီးလို့ပင်လယ်စာတွေပဲ စားရမယ်နော်"

စောကျိမ်းက···

"သိပ်ကောင်းပေါ့ကိုဘသိန်းရယ်၊ ကျွန်တော်တို့ကလဲ ပင်လယ်...တွေ မစားဘူးလို့ သိပ်စားချင်နေတာ"

"ဟုတ်လား။ ဒါဆိုစိတ်ချဆရာတို့ မစားဘူးတာတွေ ကျွေးမယ်"

စောကျိမ်းနှင့်ကျော်စိုးက ကိုဘမောင်နှင့်စကားကောင်းနေချိန်...ွင် ကိုဘသိန်းက(၁)နာရီအတွင်း ထမင်းပွဲကိုဖွယ်ဖွယ်ရာရာ စီစဉ်ပြီး...ဖြစ်သည်။

"လာဆရာတို့ ထမင်းစားဘို့အဆင်သင့်ဖြစ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့နှစ်ယောက်လည်းလာလေဗျာ၊ အတူစားရအောင်"

"ဆရာတို့အရင်စားကြပါ၊ ကျွန်တော်တို့နောက်မှစားမယ်"

"ခင်ဗျားတို့ဟင်းတွေက ဘာတွေတုန်းဗျ။ လုပ်စမ်းပါဦး"

"ဒါကကျောက်ပုဇွန်သုတ်၊ ဒါကပင်လယ်မျှော့ဟင်း။ ဒါက ငါးဆင်ခြောက်ဖုတ်၊ ဒါက ခရုဟင်းချို ၊ ပြီးတော့ ဒါက ငရုတ်သီးထောင်း"

"ကောင်းတယ်ဗျာ မစားဘူးတာတွေကြီးပဲ"

စောဂျိမ်းနှင့်ကျော်စိုးတို့နှစ်ယောက် ချွေးတလုံးလုံးဖြင့် ခေါ်၊ မဖေါ်အောင်စားကြပြီးနောက် စောဂျိမ်းက…

"ကိုဘသိန်းခင်ဗျားငါးဆင်ခြောက်က အုံးဆံကြိုးကြီး ဝါးရသလိုပါပဲလား။ ဘာမှအရသာ မရှိဘူး"

ကိုဘသိန်းကရယ်သည်။

"ငါးဆင်ခြောက်ဆိုတာ ကြာကြာဝါးမှအရသာပေါ်တာဆရာရဲ့ ဆရာပြောတဲ့ အုံးဆံ ကြိုးကိုညက်နေအောင် ဝါးလိုက်ဆရာ၊ အရသာတွေ့လာလိမ့်မယ်"

စောဂျိမ်းက ငါးဆင်ခြောက်ကိုဝါးရင်းသဘောပေါက်သွားသည်။

"အေးဗျ၊ ဟုတ်တယ် ကြာကြာဝါးမှ အရသာပေါ်လာတာကိုးဗျ ၊ ဒီတစ်ခါပဲစားဘူးတယ်၊ ကောင်းတယ်ဗျာ"

ကျော်စိုးက ခရုဟင်းချိုကိုခပ်သောက်လိုက်ရင်း

"တောပစ်ကဘယ်တော့ထွက်ကြမှာတုန်း"

"ဆရာတို့ရယ် ဒီနေ့တော့ခရီးပမ်းလာတာနားကြပါဦး၊ နောက်နေ့မနက်စောစောထွက်ကြတာပေါ့၊ ညကြရင် တောကောင်တွေ

ထက်ဝေယံစာပေ




အသံဆရာတို့ ကြားရမှာပဲ၊ ကျွန်တော်တို့ရွာက တောနဲ့နီးတော့ တောကောင်တွေအသံအစုံကြားရတယ်၊ ပင်လယ်နဲ့နီးတော့ ပင်လယ်ကလဲ စားရတယ်။ လှိုင်းပုတ်သံလဲကြားရတယ်"

စောဂျိမ်းက…

"ဒီနေ့ အေးအေးဆေးဆေးအနားယူပြီး မနက်စောစောထွက်ကြရအောင်ကွာ၊ တောနဲ့ လဲနီးတော့ အဆင်ပြေပါတယ်"

ရွာထဲမှထွက်လာ၍ (၁၅)မိနစ်လောက်ကြာသည်နှင့် ပင်လယ်ကမ်းစပ်သဲသောင်ပြင်ကြီး ပေါ်ကိုရောက်သည်။ လှိုင်းသံကတဝုန်းဝုန်း၊ ပင်လယ်လေကတဖြူးဖြူးနှင့်သဲသောင်ပေါ်တွင်လမ်းလျှောက်ရသည်ကို စောဂျိမ်းနှင့်ကျော်စိုးက သဘောကျနေသည်။

သဲသောင်ပြင်ပေါ်မှ လျှောက်လာကြရင်း နာရီဝက်လောက်အကြာတွင် ပေ(၁၀၀)ကျော်လောက်မြင့်သော ကျောက်တောင်ကြီးတစ်ခုကို ခပ်လှမ်းလှမ်းတွင်မြင်လိုက်ကြရသည်။အဖေါ် လိုက်လာသောကိုဘသိန်းက…

"အဲဒီကျောက်တောင်ကြီးအနောက်ဘက်က တောကြီးရှိတယ်။ တောကောင်တွေကတော့ ပေါမှပေါပဲ၊ ရွာမှာကပင်လယ်နဲ့နီးတော့ ငါးလုပ်တဲ့လူတွေပဲများတယ်။ မုဆိုးကလဲမရှိ၊ အမဲလိုက်တာတို့လဲမလုပ်ကြတော့ တောကောင်တွေပေါချင်တိုင်း ပေါနေတာပေါ့"

စောဂျိမ်းတို့လျှောက်လာကြရင်း သဲသောင်ပေါ်မှဖဲ့ထွက်ကာ ချုန်းတောတစ်ခုခုကို ဝင်လိုက်ကြသည်။ အုန်းတောကို(၄၅)မိနစ်လောက်ဖြတ်လိုက်သည်နှင့် သဲသောင်နှင့်ပင်လယ် ကြီးကိုဘွားကနဲတွေ့လိုက်ရပြန်သည်။ ကျော်စိုးက…

ထက်ဝေယံစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုဘသိန်း ဒီပင်လယ်နဲ့ သဲသောင်က…"

"စောစောကကျွန်တော်တို့ လျှောက်လာတဲ့သဲသောင်ပဲ ကမ်းရိုးတန်းကကွေ့နေတာကို ကျွန်တော်တို့က အနန်းတောထဲ ဖြတ်လာလို့ပြန်ဆုံကြတာ"

"ဩော်…"

ထိုအချိန်တွင် ရှေ့ကိုက်(၂၀၀)လောက်သဲသောင်ပေါ် မျှောက်တစ်အုပ်ကို လှမ်းမြင်လိုက်ရသည်။ မျှောက်များက ဟိုပြေး ဒီပြေးနှင့် အလုပ်ရှုပ်နေကြသည်။ စောဂျိမ်းကကျော်စိုးကို လှမ်းပြော လိုက်သည်။

"ကျော်စိုးရေ မျှောက်ချေးခါးတော့ စားရပြီလား"

ကိုဘသိန်းက…

"ဆရာတို့က ဒီမျှောက်တွေပစ်မလို့လား"

"အင်းပေါ့"

"ကျွန်တော်တို့ဒေသမှာ ဒီမျှောက်သားကို မစားဘူးဆရာ"

"ဘာဖြစ်လို့လဲ"

"အဲဒီကောင်တွေကို မျှောက်ဖားငါးလို့ခေါ်တယ်၊ ဒီကောင်တွေ က ကျောက်ကြိုကျောက်ကြားက ပင်လယ်ငါးလည်းစားတယ်။ ဂဏန်း လဲစားတယ်"

"ကျွန်တော်တို့မှဆိုးလုပ်လာတာကြာပါပြီ။ မျှောက်ဆိုတာ အသီးအရွက်ပဲစားတာတွေ့ဘူးပါတယ်။ ဘယ်နှယ့် ငါးတို့၊ ဂဏန်းတို့ စားရတယ်လို့"

ကိုဘသိန်းက မျှောက်အုပ်ဆီသို့ တစ်ချက်လှည့်ကြည့်လိုက်ရ။





"ကဲ…လာ ၊ ဆရာတို့ကို မကြုံဘူးတာ ကျွန်တော်ပြမယ်၊ ကျွန်တော့်နောက်ကလိုက်ခဲ့"

ကိုဘသိန်းကရှေ့ကသွားနေရင်း တစ်နေရာတွင် ဆီးပင်များ အုပ်လိုက်ပေါက်နေသော ဆီးတောတစ်ခုကို ရောက်လာသည်။ ဆီးပင် များအောက်တွင် ဆီးသီးခြောက်၊ ဆီးသီးမှည့်များ၊ ခြေချစရာနေရာ မရှိအောင် ကြွေကျနေသည်။ ကောက်မည့်သူမရှိ၊ အပင်ပေါ်တွင် လည်း ဆီးသီးမှည့်များတဝင်းဝင်း။ ဆီးပင်အုပ်စုအစပ်အရောက်တွင် မျှောက်အုပ် နှင့်ကိုက်(၅၀)လောက်သာ ဝေးတော့သည်။

ကိုဘသိန်းက လက်ပြလိုက်သောကြောင့် ဆီးပင်များ အကွယ် တွင်နေရာယူလိုက်ကြသည်။ မျှောက်အုပ်ကတော့ ကွိကွိကွကွနှင့် အလုပ်ရှုတ်နေဆဲ။ စောဂျိမ်းက…

"ကိုဘသိန်း ဒီကောင်တွေဘာလုပ်နေကြတာလဲ"

"ဒီကောင်တွေ ဂဏန်းနှိုက်စားနေကြတာဗျ။ သူတို့ ဘာလုပ် နေကြတယ်ဆိုတာ ဆရာသေသေချာချာကြည့်"

စောဂျိမ်းနှင့်ကျော်စိုးက မျှောက်အုပ်လှုပ်ရှားနေပုံကို ဂရုစိုက် ကြည့်ရင်း သဘောပေါက်သွားသည်။ ဂဏန်းတွင်းများထဲသို့ မျှောက်က အမြီးကိုထိုးသွင်းသည်။ အမြီးကိုဂဏန်းညှပ်လိုက် သောအခါ အပေါ်သို့ ဆွဲထုတ်လိုက်သည်။ အမြီးတွင်ပါလာသော ဂဏန်းကိုမျှောက်က ဆွဲယူ လိုက်ကာဝါးစားလိုက်သည်။ စောဂျိမ်းက…

"သဘောပေါက်ပြီ ကိုဘသိန်းရေ၊ အသားစားတဲ့ မျှောက်ကို ခုမှပဲကြုံဘူးတော့တယ်။ ဩော်…ကျော်စိုးရေ တို့စားဘူးတဲ့ မျှောက်ချေး ခါးက အသီးအရွက်တွေစားတဲ့ မျှောက်ချေးခါးကွ၊ အခုမျှောက်ချေးခါး



www.burmeseclassic.com

www.burmeseclassic.com



အသီးအရွက်ရော ၊ အသားရောပါတဲ့ မျောက်ချေးခါးပေါ့ကွာ"

"ဆရာတို့ပစ်ချင်လို့လား"

"ဒါပေါ့"

"ဒီကောင်တွေအသားက စားမကောင်းဘူးဆရာ"

"ကျွန်တော်တို့က အသားအစားပါဘူး ချေးခါးပဲစားမှာပါ"

"ဒါဆိုရင် ဒီကောင်တွေကို ဒီကနေလှမ်းပစ်ရင်ဝေးမှာပေါ့။တောထဲပြန်ဝင်လာမှ ပစ်ရင်မကောင်းဘူးလား။ ဒီကောင်တွေသိပ်မကြာဘူး။ ပြန်ဝင်လာလိမ့်မယ်။ အဝင်လမ်းက စောင့်ပစ်ကြပေါ့"

"ကောင်းတယ် ကိုဘသိန်း"

ကိုဘသိန်းကလမ်းပြရင်း ရှေ့ကသွားသည်။ ကျောက်တောင်ကြီးကလက်ယာဘက်တွင် ကျန်နေခဲ့သည်။ တောင်နောက်ကြောရှိတောစပ်အရောက်တွင် ကိုဘသိန်းကရပ်လိုက်သည်။ တောစပ်ကခြုံပုတ်များ၊ ဆီးပင်များ၊ သင်ပေါင်းပင်များနှင့် ရှုပ်နေသည်။ သိပ်မကြာလိုက်မျောက်များက ဂဏန်းများစားပြီးဝသွားသောကြောင့် စောဂျိမ်းတို့ရှိရာတောစပ်သို့ တကွဲတပြားစီအပြေး လာနေကြသည်။ စောဂျိမ်းနှင့်ကျော်စိုးကမုဆိုးဒူးထောက်ထိုင်ကာ သေနတ်များကိုအသင့်ချိန်ထားလိုက်သည်။ ကိုဘသိန်းကမျက်တောင်မခတ်ကြည့်နေသည်။

"ဒိုင်း"

"ဖြန်း"

စက္ကန့်ပိုင်းလောက်သာခြားကာ မတူညီသောသေနတ်သံနှစ်ချက်က ထွက်သွားပြီးနောက် မျောက်နှစ်ကောင်သောင်ပြင်ပေါ်တွင် အရုပ်ကြိုးပြတ်လဲကျသွားသည်။ အခြားမျောက်များက သေနတ်သံ

ထက်ဝေယံစာပေ



ကြောင့်တကွဲတပြားစီ ထွက်ပြေးကုန်ကြသည်။ ထိုအချိန်တွင် စောဂျိမ်းတို့အနောက် ဘက်ဆီမှ တဗျောဗျောတောတိုးသံကြီးနှင့် အတူ "ဂရား"ဟု အသံနက်ကြီး ထွက်ပေါ်လာသည်။

စောဂျိမ်းရောကျော်စိုးပါ လန့်ဖြန့်၍ နောက်လှည့်ကြည့်သည်။ သင်ပေါင်းတောထဲမှ ဒရောသောပါးပြေးထွက်လာသောမည်းမည်းအကောင်ကြီး။ စောဂျိမ်းတို့ရှိရာသို့ သင်ပေါင်းပင်များကို တိုးကာ တည့်တည့်ပြေးလာနေခြင်းဖြစ်သည်။

စဉ်းစားချိန်မရလိုက်၊ သေနတ်ကိုင်ထားသောလက်များက မောင်းကွင်းကိုလက်ညှိုးနှင့် ဆွဲချလိုက်သည်။ သေနတ်သံနှစ်ချက်တစ်ပြိုင်နက် ထွက်သွားပြီးနောက် မည်းမည်းအကောင်ကြီးက တုန့်ကနဲရပ်သွားသည်။ စက္ကန့်ပိုင်းအတွင်း နောက်ထပ်သေနတ်သံနှစ်ချက်ရှေ့ဆင့်နောက်ဆင့် ထွက်သွားပြန်သည်။

ဗုန်းကနဲမြည်ကာ သတ္တဝါကောင်ကြီးကလဲကျသွားသည်။ လုံးဝ မလှုပ်တော့။ ထိုအခါကြမှ ကျော်စိုးနှင့် စောဂျိမ်းတစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ စောဂျိမ်းက···

"မထင်ဘူးကွ၊ ငါတောင်လန့်သွားတယ်"

"ဒီနေရာမှာ ဝက်ဝံရှိမယ် ကျွန်တော်လဲမထင်ဘူး"

ကိုဘသိန်းက ဘယ်ချောင်ကထွက်လာသည်မသိ မျက်စိမျက်နှာပျက်နှင့် ထွက်လာသည်။

"ကိုဘသိန်းခင်ဗျား ခေါ်လာတဲ့တောက တကယ့်တောပဲဗျ၊ ကျွန်တော်တို့ အမဲလိုက်ပေါင်းများပြီ တောတိုင်းမှာ ဝက်ဝံမတွေ့ဘူးဗျ"

"အဲဒါဝက်ဝံလားဆရာတို့ ကျွန်တော်တော့ တစ်ခါမှတော့

ထက်ဝေယံစာပေ

www.burmeseclassic.com

www.burmeseclassic.com



မမြင်ဖူးဘူး"

"တော်သေးတာပေါ့ဗျာ၊ ကျွန်တော်တို့က လက်မြန်လို့ နင့်မို့ရင် မတွေးရက်အောင်ပဲ"

"ရှာနဲ့နီးတဲ့ တောဆိုတော့ကျွန်တော်တို့က ဒီလိုကောင်မျိုး ရှိမယ်တောင်မတွေးမိဘူး။ သိပ်အန္တရာယ်များတဲ့အကောင်မျိုး"

"စောဂျိမ်း ကျွန်တော်ထင်တာတော့ . . ."

"အေး . . . ပြော"

"ဒီကောင်မျိုးက သားငါးကြိုက်တဲ့ အကောင်မျိုးဗျ၊ ပင်လယ်နဲ့ နီးတော့ ကျောက်ကြို ကျောက်ကြားက သားငါးရှာစားရအောင်လာရင်း ကျွန်တော်တို့နဲ့တွေ့တာဖြစ်နိုင်တယ်"

"အေး . . . ဖြစ်နိုင်တယ်၊ အေးခုတော့ ကံဆိုးတာပေါ့ကွာ၊ ကျည်လေးချက်နဲ့ ဇာတ်သိမ်းသွားပါပြီ။ ကဲ . . . ကိုဘသိန်းရွာပြန် ပြီးရွာသားတွေအကူအညီတောင်းပြီး သယ်ရအောင်၊ ကျုပ်တို့က မျောက်တွေထမ်းပြီး ပြန်ကြတာပေါ့ဗျာ"

"တောကောင်ထပ်မပစ်တော့ဘူးလား၊ တောထဲတောင် မဝင်ရသေးဘူး"

"တောကောင်ဟင်းစားတွေရပြီလေဗျာ ဘာလိုတော့လဲ"

"ဒီကောင်ကြီးက စားလို့ရသလား"

"ခင်ဗျားတို့ရွာသားတွေတော့ စားမစားမသိဘူး။ ကျုပ်တို့မှဆိုး တွေကတော့ စားလို့ရတာ အကုန်စားပဲ"

ကျော်စိုးက . . .

"စောဂျိမ်း ဒီကောင်ကြီးမှာကျွန်တော်တို့ ယောကျ်ားတွေ





အတွက် အကျိုးပြုတာတစ်ခုပါ တယ်မှတ်မိလား"

"မှတ်မိပါတယ်ကွာ ဝံသည်းခြေလေ၊ ကဲ . . . ကိုဘသိန်း မျောက်တွေထမ်းပြီးပြန်ကြရအောင်"

ကိုဘသိန်းက သေနေပြီဖြစ်သော ဝက်ဝံကြီးကို တစ်ချက် ကြည့်ကာ ကယောင်ကတန်းနှင့် နောက်ကလိုက်လာခဲ့တော့သည်။

◆ ◆ ◆ ◆ ◆

မောင်မြင့်မား (ဘိုကလေး)



www.burmeseclassic.com

www.burmeseclassic.com



လင့်စင်ပေါ်မှာတခဏ

မောင်မြင့်မား(ဘိုကလေး)





နယ်ခံမုဆိုး ဖိုးလုံး၊ စောကျိမ်းနှင့် စောအယ်စေးတို့သုံးယောက် ရွာထိပ်သို့ ရောက်သည့် အချိန်ကနေဖအတော်စောင်းနေပြီ။ ရွာထိပ်တွင် ခြေတန်ရှည်ကျွန်းအိမ်ကြီးတစ်လုံးရှိသည်။ ထိုအိမ် ကြီးရှေ့အရောက်တွင် စောအယ်စေးက ခဏရပ်လိုက်ကာ . . .

"ခဏကလေးနော် ကျွန်တော့်ဆရာကိုဝင် နှုတ်ဆက်လိုက်ဦးမယ်"

စောအယ်စေးကခြံထဲအရောက်တွင် အသက်(၃၀)ခန့် လူတစ်ယောက်က အိမ်ပေါ်ကဆင်းလာသည်။ စောအယ်စေးကိုမြင်လိုက်တော့ . . .

"ဟာ စောအယ်စေးဘယ်တုန်းကွ"

"ဆရာ့ဆီမရောက်တာကြာလို့ ဝင်နှုတ်ဆက်တာဆရာ"

"အေး . . . မင်းလည်းပျောက်နေတာ အတော်ကြာပြီ၊ အခု ဘယ်သွားမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တောပစ်သွားမလို့ပါဆရာလေး"

"ဟော...ညဘက်ကြီးလား"

"လင့်ထိုးပြီးပစ်မှာပါ"

ဆရာလေးဆိုသူက ခြံဝတွင်ရပ်နေသောမုဆိုးဖိုးလုံးနှင့် စောကျိမ်းကိုကြည့်လိုက်ကာ...

""ဟိုဟာ မင်းနဲ့ပါလာတဲ့ လူတွေလား"

"ဟုတ်ပါတယ် ဆရာလေး၊ မုဆိုးစောကျိမ်းနဲ့ကိုဖိုးလုံးပါ""

"ဒါဆိုရင် ညည်းသည်တွေကိုခေါ်လိုက်ဦးလေကွာ ရေနွေးကြမ်း လေးဘာလေးသောက်ရ အောင်"

စောအယ်စေးက...

"ကိုဖိုးလုံးနဲ့စောကျိမ်းခဏလောက်ထိုင်ကြပါဦးလား ဆရာ လေးကရေနွေးကြမ်းသောက်ပါဦးတဲ့"

ဆရာလေးဆိုသူက...

"မုဆိုးကြီးတွေခဏလောက်နားပါဦးလား"

စောကျိမ်းက

"အချိန်သိပ်မရှိတော့လို့"

"လာပါ၊ ခဏလောက်ပါ၊ ထိုင်ကြပါဦး"

အိမ်ရှေ့တွင်ရှိသော ကွပ်ပျစ်တစ်လုံးပေါ်တွင် ဝင်ထိုင်လိုက် ကြသည်။ အိမ်ထဲတွင်အသက် ခပ်ကြီးကြီးအမျိုးသမီးတစ်ယောက်က ရေနွေးကြမ်းအိုးနှင့် ပုရစ်ကြော်များထည့်ထားသော ပန်းကန်တစ်ချပ်ကို လာချပေးသည်။

စောအယ်စေးက...





"ကိုဖိုးလုံးနဲ့ စောကျိမ်းဒါက ကျွန်တော်ငယ်ငယ်က စာသင် ပေးဖူးတဲ့ဆရာလေးဦးအေးချိုပါ။ ဆရာလေး ဒါကကျွန်တော့်မုဆိုးဆရာ ကိုဖိုးလုံးနဲ့ စောကျိမ်းပါ။ ကိုဖိုးလုံးကတော့ ဟိုဘက်ရွာကပါ။ ဆရာလေး မြင်ဖူးမှာပါ။ စောကျိမ်းကတော့ ကိုဖိုးလုံးနဲ့မိတ်ဆွေ အောက်အရပ်က လာတာပါ"

ဆရာလေးကိုအေးချိုက...

"မုဆိုးကြီးတွေ တွေ့ရတာဝမ်းသာပါတယ်။ ကျွန်တော့် အဖေလည်း တစ်ချိန်တုန်းက မုဆိုးပါပဲ။ မနှစ်ကမှဆုံးသွားတာပါ။ မုဆိုး ဦးကြွက်နီဆိုရင် ဒီတစ်နယ်လုံးမသိသူမရှိပါဘူး"

ကိုဖိုးလုံးက...

"ဩော်...ဦးကြွက်နီလား၊ ကျွန်တော်သိတာပေါ့။ လယ်ဝေး မြို့နယ်ထဲက ဥသျှစ်လှိုင်းဒိုင်နယ်မှာ တစ်ခါဆုံဘူးတယ်။ တောပစ် ထွက်ရင်း စကားစပ်မိလို့ တစ်နယ်တည်းသားတွေဆုံတော့ ဆက်မိ သွားတာ။ အဲဒီတုန်းကအသက်(၅၀)ကျော်လောက်ရှိမယ်၊ ကျွန်တော်က ခပ်ငယ်ငယ်..."

"ဟုတ်တယ်၊ အဖေဆုံးတော့ (၆၅)နှစ်မှာပါ။ မဆုံးမီအထိ တောပစ်တုန်း။ သိပ်ဝါသနာ ကြီးတာ။ ဒါကြောင့်မို့ မုဆိုးတွေဆိုတော့ အဖေကိုသတိရလို့ အကိုကြီးတို့ကိုလှမ်းခေါ်လိုက်တာပါ"

"ဩော်...ဦးကြွက်နီသားကိုး၊ ကျွန်တော်နဲ့တွေ့စဉ်တုန်းက ကျွန်တော်က မုဆိုးပညာသင်စ၊ ဦးကြွက်နီက ဒူးလေးပစ်သိပ်ဖြောင့် တာသူ့ဒူးလေးကလည်းကောင်းမှကောင်း။ မပေါ်ကနီရောင်ကို တောက် နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဖေ့အမွေကို ကျွန်တော် သေသေချာချာ သိမ်းထားတယ်။ ကျွန်တော်ကတော့ အဲဒီအလုပ်တွေဝါသနာမပါလို့ အိမ်မှာပဲအလှချိတ်ထားပါတယ်။ ဒါထက်မုဆိုးကြီးတို့က တောပစ်သွားတာညဘက်ကြီးလား"

ကိုဖိုးလုံးက···

စောအယ်စေးတို့ပြောင်းခင်းတွေကို တောဝက်တွေခဏခဏ ဝင်တတ်တယ်ပြောလို့ ပစ်ပေးမလို့ပါ။ ပြောင်းခင်းအစပ်မှာ ဖိုးပြန်ကုန်းတန်းရှိတယ်။ အဲဒီကုန်းတန်းက ဆင်းဆင်းလာတယ်ကြားလို့ ကုန်းတန်းမှာလင့်ထိုးပြီးပစ်မလို့ပါ။ ဒါပေမယ့် လင့်ထိုးပြီး ပစ်မယ်ဆိုတာထက် သူမှာ ဆောက်ထားတဲ့ လင့်ဟောင်းတစ်ခုရှိတယ်။ အဲဒီလင့်ဟောင်းကလည်း ခိုင်ခိုင်ခန့်ခန့်ပဲ။ အဲဒီလင့်ဟောင်းကပဲ ပစ်မှာပါ။

ဆရာလေး ကိုအေးချိုက တွေကနဲတစ်ချက်ဖြစ်သွားသည်။ ပြီးမှ···

"ဖိုးပြန်ကုန်းတန်းက လင့်ဟောင်းဟုတ်လား၊ ကိုဖိုးလုံး"

"ဟုတ်တယ် ဆရာလေး"

"ကျွန်းသားတွေနဲ့ အခိုင်အခန့်ဆောက်ထားတာမဟုတ်လား"

"ဟုတ်တယ်···ဟုတ်တယ်"

"အဲဒါဆိုရင် ကျွန်တော့်အဖေ ဆောက်ထားတဲ့ လင့်ပဲဖြစ်မယ်။ တခြားနေရာမှာအဲဒီလင့် မျိုးဆောက်ထားတာတွေ့မိသေးလား"

"မတွေ့မိပါဘူး။ဖိုးပြန်ကုန်းတန်းမှာအဲဒီတစ်ခုပဲတွေ့ပါတယ်။ ဟုတ်ပါတယ်နော် စောအယ်စေး"

"ဟုတ်ပါတယ်၊ အဲဒီတစ်ခုပဲရှိပါတယ်"





"ဒါဆိုရင်သေချာပါတယ်။ အဖေဆောက်ခဲ့တဲ့လင့်ပဲ၊ အဖေလည်းအဲဒီမှာ တောဝက်ပစ်ဖူးတယ်။ ဒါဆိုရင်တော့ ကိုဖိုးလုံးတို့ စောကျိမ်းတို့ သတိတော့ထားနော်၊ အဲဒီနေရာကနဲနဲကြမ်းတယ်လို့ အဖေက ပြောဖူးတယ်"

"ဘယ်လိုကြမ်းတာလဲ"

"အဲဒါတော့ ကျွန်တော်မမေးမိဘူး။ အဖေပြောဖူးတာကြားလို့"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ အခုလိုကြားရတာ၊ ကြမ်းတယ်ဆိုတော့ သတိတော့ထားရ မှာပေါ့ဆရာလေး"

"ကဲ···ကဲ ရေနွေးကြမ်းနဲ့ပုရစ်ကြော်စားကြပါဦး"

ခပ်သုတ်သုတ်စားသောက်ကြပြီးနောက် စောကျိမ်းတို့အဖွဲ့မှိုးမချုပ်မီ တောထဲသို့ ခပ်သုတ်သုတ်ဝင်လာကြသည်။ စောအယ်စေးတို့ ယာခင်းကိုရောက်တော့ အတော်မှောင်နေပြီ။ ဖိုးပြန်ကုန်းတန်းကို မှုန်ပျပျမြင်နေရသည်။ ယာခင်းထဲတွင်တော့ ပြောင်းဆန်နေအောင် တောဝက် များကဝင်မွှေထားသည်ကိုတွေ့ကြရသည်။ ယာခင်းကိုဖြတ်၍ ဖိုးပြန်ကုန်းတန်းဘက်သို့ ချီတက်ခဲ့ကြသည်။ ယာခင်းထဲမှာက ပုန်းနိစရာတဲမရှိ၊ စင်မရှိသောကြောင့် တောဝက်များဝင်လာတတ်သော ဖိုးပြန်ကုန်းတန်းကို ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

စောကျိမ်းတို့ ဖိုးပြန်ကုန်းတန်းအစပ်သို့ ရောက်ချိန်တွင် ယာခင်းဘက်မှ တပြောပြောမြည် အောင်ကြားလိုက်ရသော အသံများ။ ပြောင်းပင်များလှုပ်ရမ်းနေသည်။ နောက်ဘက်ကိုလှည့်ကာ အသံကြားရာ ဆီသို့ကြည့်လိုက်ကြသည်။ တပြောပြောအသံနှင့်အတူပြောင်းပင်များက စောကျိမ်းတို့ဦးတည်ရာသို့ လှုပ်ရမ်းနေသည်။ သတ္တဝါတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်တော့ ဦးတည်၍လာနေပြီဟု ထင်လိုက်မိကြသည်။

ကိုဖိုးလုံးက တူမီးကြီးကို ထိုးချိန်လိုက်သလို၊ စောဂျိမ်းကလည်း လက်စွဲတော်(၅၀၀) နစ်လုံးပြူးရိုင်ဖယ်ကြီးကို ထိုးချိန်လိုက်သည်။ ပြောင်းခင်းအစပ်နှင့် ကုန်းတန်းအစပ်က ကိုက်(၅၀) လောက်သာဝေးမည်။ ဦးတည်လှုပ်ရမ်းနေသော ပြောင်းပင်များက ရုတ်တရက် ငြိမ်သက်သွားသည်။

သို့သော် တပြောပြောအသံကြီးက ကြားနေရဆဲ။ သတ္တဝါတစ်ကောင်ပြောင်းခင်းကို တိုး၍ဝင်လာသည်ဆိုလျှင် တောတိုးသံနှင့်အတူ သစ်ပင်များလှုပ်ရမ်းနေရမည်မှာသဘာဝဖြစ်သည်။ အခုဟာက လှုပ်ရမ်းနေခြင်းက ငြိမ်သက်သွားပြီးတပြောပြောအသံကြီးက ကြားနေရခြင်းဖြစ်သည်။ စောဂျိမ်း၊ ကိုဖိုးလုံးနှင့် စောအယ်စေးတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ကြောင်နေကြသည်။ မိနစ်ဝက်လောက်ကြာမှ အသံကြီးကပျောက်သွားသည်။

ကိုဖိုးလုံးက...

"စောဂျိမ်းဘယ်လိုဖြစ်တာလဲ"

"မသိဘူးလေကွာ"

"ကဲ...ကဲ မမှောင်ခင် လင့်ပေါ်ရောက်ဘို့သွားကြရအောင်ဗျာ"

ကုန်းတန်းအစပ်မှ လင့်ရှိရာသို့(၁၅)မိနစ်လောက် လျှောက်လိုက်သည်နှင့်ရောက်သွားသည်။ ရောက်ချိန်ကအတော်ပင်မှောင်နေပြီ။ စောဂျိမ်းကပါလာသောဓါတ်မီးနှင့် လင့်ပေါ်ကို ထိုးကြည့်လိုက်သည်။ လင့်ပေါ်တွင်ဘာမျှမရှိ။ လူမတက်သည်မှာ ကြာ၍သစ်ရွက်သစ်ခက်သစ်ကိုင်းများလင့်ပေါ်သို့ ကိုင်းကျနေသည်ကိုသာတွေ့ရသည်။





"ရှုတ်"

"ဗျော...ဗျော"

စောဂျိမ်းက အသံကြားရာဆီသို့ လက်နှိပ်မီးကို ထိုးကြည့်လိုက်သည်။ ခြုံပုတ်များလှုပ်ရမ်း သွားသည်ကိုသာ တွေ့လိုက်ရသည်။ အကောင်ကိုမမြင်ရ။ ကိုဖိုးလုံးကပါလာသော ကညင်ဆီမီး တုတ်ကြီးကိုရှို့လိုက်သည်။ ပတ်ဝန်းကျင်တစ်ဝိုက်လင်းထိန်သွားသည်။

စောဂျိမ်းက...

"စောအယ်စေးတောဝက်တွေက မင်းတို့ပြောင်းခင်းထဲကို ဘယ်အချိန်လောက်ဝင်လာ တတ်သလဲ"

"မှောင်ပြီးသိပ်မကြာခင်ရောက်လာတတ်တာပဲ"

"ဝင်လာရင်ကော"

"ဒီ.. ဖိုးပြန်ကုန်းတန်းဘက်က ဆင်းလာတာပါပဲ၊ တခြားဘက်က ဝင်မလာ[illegible]"

"ကိုဖိုးလုံးဒါဆိုရင် အချိန်သိပ်မရှိတော့ဘူးဗျ၊ အလေးအပေါ့သွားစရာရှိရင် သွားသွားထားလိုက်ကြပြီးရင် အပေါ်တက်ကြရအောင်"

"မရှိပါဘူး"

"ဒါဆိုရင်တက်ကြရအောင်"

သုံးယောက်သားလင့်ပေါ်သို့ တက်ကာနေရာယူလိုက်ကြသည်။ ကျွန်းသားနှင့် အခိုင်အခန့်လုပ်ထားသည့်အပြင် အတော်ကျယ်သောကြောင့် သုံးယောက်သား ချောင်ချောင်ချိချိ နေနိုင်သည်။ လင့်ပေါ်ရောက်သည်နှင့်ကိုဖိုးလုံးက ညင်ဆီမီးတုတ်ကြီးကို မီးငြိမ်းလိုက်သည်။ စက်နာရီအားဖြင့် (၇)နာရီဝန်းကျင်လောက်ရှိမည်ဖြစ်သည်။ ပုရစ်အော်သံ



www.burmeseclassic.com

www.burmeseclassic.com



ညဥ့်ငှက်များအော်သံများမှ လွဲ၍တစ်ခြားအသံများမကြားရ။ ပုရစ်အော်သံများက ဟိုမှသည်မှ အဆက်မပြတ်အော်မြည်နေကြ၍ ညဥ့်ငှက်သံများက တစ်ချက်တစ်ချက်မှ ကြားရခြင်းဖြစ်သည်။

မုဆိုးအကျင့်အတိုင်းလင့်ပေါ်တွင် တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြပဲ၊ ငြိမ်သက်စွာထိုင်နေကြသည်။ စောကျိမ်းက (.၅၀၀) နှစ်လုံးပြူးရိုင်ဖယ်ကြီးကို အသင့်ကိုင်ထားသလို ကိုဖိုးလုံးကလည်း တူမီးကြီးကိုအသင့်ကိုင်ထားသည်။

"တောက်...တောက်...တောက်"

"တောက်...တောက်...တောက်"

စောကျိမ်းလက်ကိုတစ်ယောက်ကလာကိုင်လိုက်သည်။ စောကျိမ်းက သိလိုက်သည်။ စောအက်စေးပဲဖြစ်မည်။ သို့သော် ကိုဖိုးလုံးထံမှ မတိုးမကျယ်အသံထွက်လာသည်။

"စောအယ်စေး၊ အဲဒါဒေါင်းတွေ တစ်ကောင်နဲ့တစ်ကောင် အချက်ပေးကြတာပါ၊ ဘာမှ မဟုတ်ပါဘူး"

စောကျိမ်းကပင် ရှင်းမပြလိုက်ရ။ ကိုဖိုးလုံးရှင်းပြလိုက်သောကြောင့် စောအယ်စေးလက်က ပြန်ရုပ်သွားသည်။ တောက ငြိမ်သက်သွားပြန်သည်။ သူ့အတွေးနှင့်သူ လင့်ပေါ်တွင်လည်းငြိမ်သက်သွားပြန်သည်။ စောကျိမ်းထံမှ ဟောက်သံသဲ့သဲ့ပင် ထွက်ပေါ်လာသည်။ စောအက်စေးက ပါလာသော ဆတ်သားခြောက်ကို တမြုံ့မြုံ့ဝါးကာ ရေသောက်၍ဗိုက်ထဲကို မျှောချနေသည်။

"အီ--အီ--အီ---အီ"

အသံကြားသည်နှင့် စောကျိမ်းက ဆတ်ကနဲနိုးလာသည်။





လေသံသဲ့သဲ့ဖြင့်-

"ကိုဖိုးလုံးဝက်တွေဝင်လာပြီ၊ ဝက်ပေါက်ကလေးတွေတောင် ပါလာတယ်ထင်တယ်"

"ဟုတ်တယ်၊ စောကျိမ်း ဝက်ပေါက်ကလေးတွေတောင် ပါလာတဲ့အသံပဲ"

"အသင့်လုပ်ထားနော်"

"စိတ်ချ...စောကျိမ်း"

ထိုအချိန်တွင် ကိုက် ၂၀/၃၀အကွာလောက်ဆီမှ ဒုတ်ကနဲ၊ ဒုတ်ကနဲအသံများကိုပါ ကြားလိုက်ရသည်။ တစ်ဆက်တည်းပင် ရှူးကနဲ၊ ရှူးကနဲနှာမှုတ်သံများကို ဆက်တိုက်ကြားလာရသည်။ စောကျိမ်းက-

"ကိုဖိုးလုံး အကောင်များတယ်၊ ၁၀ကောက်ထက်မလျော့ဘူး"

""စိတ်ချစောကျိမ်း"

တချွတ်ချွတ်ဘောတိုးသံများနှင့်အတူ ဝက်ပေါက်ကလေးများ၏ အီအီအီအသံက ပျောက်သွားလိုက်၊ ပေါ်လာလိုက်ဖြစ်သည်။ တောဝက်များက အခြေအနေကို အကဲခပ်ရင်းဝင်လာ ကြဟန်တူကြောင်း စောကျိမ်းတွေးလိုက်မိသည်။ လင့်ပေါ်မှကြည့်လျှင် ပြောင်းခင်းကို လှမ်းမြင်နေရသည်။ မှောင်မိုက်နေသော်လည်း လဆန်းလား လဆုတ်လား မသိသောရက်၏ မှန်းဆမရသောအလင်းရောင်အချို့ကြောင့် မြင်နေရခြင်းဖြစ်သည်။ထို့အတူ လင့်အောက်မှ ဟိုမှသည်မှ မည်းမည်း သဏ္ဍာန်များရွေ့လျား ပြေးသွားနေပုံကိုလည်း မြင်နေရခြင်းဖြစ်သည်။

စောကျိမ်းကစောအယ်စေးကိုလက်ကုတ်လိုက်သည်နှင့် လက်နှိပ်မီးရောင်က လင့်အောက်တွင် ဖြာကျသွားသည်။ စောကျိမ်းရော၊



www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးလုံးပါမြင်နေရသော မြင်ကွင်းအတိုင်းအသင့်ပြင် ထားသော ခလုတ်များကိုဆွဲလိုက်ကြသည်။

"ဒိုင်း"

"ဒိုင်း

"အား"

စောဂျိမ်းရော၊ ကိုဖိုးလုံးပါလင့်ပေါ်မှ အောက်ကို ပြုတ်ကျသွားသည်။ စောအယ်စေးလည်း လက်နှိပ်မီးကိုထားရာမှကြောင် သွားကာ ယောင်၍ ပိတ်လိုက်မိသည်။ ပြီးမှ ကယောင်ကတန်းဖြင့် ပြန်၍ဖွင့်လိုက်မိသည်။ စောဂျိမ်းရောကိုဖိုးလုံးပါ လင့်အောက်တွက် ပက်လက်လန်နေသည်။ အနားတွင်တော့ မချိမဆန့်ဖြင့် အသက်ငင် နေသော တောဝက်နှစ်ကောင်။

စောအယ်စေးက လင့်ပေါ်မှကသောကမျှောဖြင့် အပြေးဆင်း သွားလိုက်သည်။ စောဂျိမ်း ရောကိုဖိုးလုံးပါကုန်းရုန်း၍ ထနေကြသည်။ မြေပြင်ပေါ်တွင် သစ်ရွက်ခြောက်များ အထပ်ထပ်ရှိနေသောကြောင့်သာ တော်တော့သည်။ ကိုဖိုးလုံးထလိုက်ချိန်တွင် အောက်တွင်ပြားနေသော ဝက်ပေါက်ကလေးတစ်ကောင်။

သေနတ်သံများကြောင့်ရော၊ သစ်ပင်ပေါ်ကပြုတ်ကျသည့် အသံများကြောင့် တောဝက်အုပ်ကတော့တပြောပြောမြည်အောင် တောတိုးကာပြေးကုန်ကြပြီဖြစ်သည်။

"စောဂျိမ်းတို့ဘယ်လိုဖြစ်တာလဲ"

"တော်သေးတာပေါ့ကွာ၊ ခေါင်းနဲ့စောက်ထိုးမကျလို့ နင့်မို့ ရင်ဇက်ကျိုးသွားနိုင်တယ်။ ဘယ်လိုဖြစ်တာလဲဆိုတော့ ငါလည်းမစဉ်းစား





တတ်အောင်ပဲ၊ မင်းတော့တို့ကို တွန်းချတာ မဟုတ်ပါဘူးနော်"

"ဟာ. . .စောဂျိမ်းကလည်းကြံကြီးစည်ရာ. . ."

ကိုဖိုးလုံးကတကိုယ်လုံးပွတ်သပ်နေရင်း

"သေနတ်ချိန်နေတုန်းမှာတစ်ယောက်ယောက်က နောက် ကနေတွန်းချလိုက်သလိုခံစား လိုက်ရတယ်။ လက်နှစ်ဘက်စလုံးက သေနတ်ကိုင်ထားတော့ ဆွဲစရာမရလိုက်ဘူး။ အကျတော် လို့ပေါ့ကွာ နင့်မို့ရင်မလွယ်ဘူး"

"ဟုတ်တယ်ကိုဖိုးလုံးကျုပ်ကိုလည်း တွန်းချလိုက်သလို ခံစား လိုက်ရတယ်"

လင့်ပေါ်သို့ပြန်မတက်ရဲကြတော့ပဲ အိတ်ထဲမှပါလာသော မီးခြစ်ကိုထုတ်ကာ သစ်ရွက်ခြောက်များကို မီးပုံရှို့လိုက်ပြီး အတွေး ကိုယ်စီဖြင့် မီးပုံဘေးတွင်ဝိုင်းထိုင်နေလိုက်ကြတော့သည်။ အနားတွင် တော့ ဝက်သေနှစ်ကောင်နှင့် ဝက်ပေါက်သေတစ်ကောင်။

စောဂျိမ်းက. . .

"ကြံကြံဖန်ဖန်ကွာ တို့ပြုတ်ကျပြီး ပိလို့သေတဲ့ဝက်ကတော့ တော်တော်ကံဆိုးတာပဲ။ ဝက်ပေါက်ကလေးမို့မှပစ်လိုက်ရပဲ လူပိပြီးတော့ သေလိုက်ရသေးတယ်"

ကိုဖိုးလုံးက. .

"ဟား. . .ဟား. . .ဟား. . .ဟား ပြုတ်ကျလို့ တော့ကံဆိုးတာပေါ့ဗျာ။ ဒါပေမယ့်ကံ ကောင်းတော့ ဒီကောင်လေး တစ်ခုထိုးပြီး မီးကင်စားရတာပေါ့"

"ညနေကတည်းက ငါ့စိတ်ထဲမှာ [illegible]

www.burmeseclassic.com



တွေလှုပ်နေတာငြိမ်သွားပြီး တဖြောဖြောအသံကြီးက ကြားနေရတာကိုသိပ်မဟုတ်ဘူး"

ထိုအချိန်တွင် တောစပ်ခပ်လှမ်းလှမ်းမှ တဟေးဟေးအသံများနှင့်အတူ မီးလုံးများတလှုပ် လှုပ်သွားနေသည်ကို လှမ်းမြင်လိုက်ကြရသည်။ စောဂျိမ်းက...

"ဟာ...လာပြန်ပြီနော်၊ ဘာတွေလဲဟ"

စောအယ်စေးက

"ဩော်ရွာက လူတွေ သေနတ်သံကြားလို့ ကျွန်တော်တို့နောက်ကိုလိုက်လာတာဖြစ်မယ်။ သေနတ်သံကြားရင် တောဝက်တော့ရပြီလို့ ကျွန်တော်ပြောထားလို့ လာကြတာပါ"

"ဩော်..."

မီးတုတ်ကိုစီနှင့် ရွာသား(၁၀)ယောက်ခန့်ရောက်လာကြသည်။ တောဝက်သေများကိုမြင် ၍ဝမ်းသာအားရထမ်းပိုးကြရန်လုပ်နေကြသည်။ စောအယ်စေးက...

"စောဂျိမ်းတို့လည်း ပြန်လိုက်ကြမှာ မဟုတ်လား။ လင့်ပေါ်တက်ပြီး စောင့်ချင်သေးလို့ပါ"

"စောဂျိမ်းကလင့်ပေါ်ကို တစ်ချက်စောင့်ကြည့်ကာ

"ဟာ...နေနေ ၊ မတက်တော့ဘူး။ တို့လင့်ပေါ်မှာ ကျန်နေခဲ့တဲ့ ပစ္စည်းတွေမင်း လူတွေတက်ယူခိုင်းလိုက်တော့ကွာ။ သေနတ်သံတွေရော လူသံတွေရောဆိုတော့ တောဝက် မပြောနဲ့ ဘာကောင်မှ တောင်ဒီနားကို လာမှာမဟုတ်တော့ဘူး။ တို့လဲပြန်ကြတာပေါ့"

ရွာသားများက တောဝက်များကိုထမ်း၍ တစ်လမ်းလုံးပျော်





နေကြသော်လည်း စောဂျိမ်းကတော့ ငြိမ်၍ပင်လိုက်လာပါသည်။ သူ့အတွေးတွင်နောက်နေ့ကြရင်တော့ ကျောင်းဆရာ ကိုအေးချို့ကို သူ့အဖေမှဆိုးကြီးဆောက်ထားခဲ့သော လင့်အကြောင်းကို အေးအေးဆေးဆေးမေးချင်သေးသည်ဟူသော အတွေးပင်ဖြစ်သည်။ ။

◆ ◆ ◆ ◆ ◆

မောင်မြင့်မား(ဘိုကလေး)



www.burmeseclassic.com

www.burmeseclassic.com



# ပြောင်သွားသောပြောင်

မောင်မြင့်မား(ဘိုကလေး)





ဆောင်းရာသီ၏ နေ့တစ်နေ့၊ နေရာကားငန်ရွဲကြီးတော။ စောဂျိမ်းက ပြောင်းဖူးပြုတ်တစ်ဖူးကို ဆားအနည်းငယ်ပွတ်ကာ အားရပါးရဝါးနေသည်။ ဆာဆာနှင့် ပြောင်းဖူးပြုတ်နှစ်ဖူးအကုန် လောက်တွင် တင်ဝင်းကနှစ်လုံးပြူးကြီးကို ကိုင်ကာ အပြေးအလွှားရောက်လာသည်။

"စောဂျိမ်း--စောဂျိမ်း"

"ဟာ- ဘာလဲဟ၊ ဘယ်လိုဖြစ်လာတာလဲ"

"ဟာ စောဂျိမ်းရာ၊ ကျွန်တော်မိုက်နာနေတာနဲ့ တောထဲခထာဝင်ပြီးထိုင်လိုက်ကာရှိသေး၊ နောက်ဘက်ကနေတဗျောဗျောနဲ့ ပြေးလွှားတဲ့ အသံကြားလို့ကြည့်လိုက်တော့ ကျွဲအုပ်ကြီးနဲ့တိုးနေတယ်။ ဒီကောင်တွေကလဲ ကျွန်တော့်ကို တွေ့တော့လန့်ပြီး အနောက်ဘက်ကို ပြေးကုန်ကြရော၊ နောက်မှ ကျွန်တော်စဉ်းစားမိတာက ဒါလောက်ရှာနဲ့ဝေးနေတာ ကျွဲတွေက တောထဲကိုဘယ်လို လုပ်ရောက်လာနိုင်မှာလဲဆိုတာ စဉ်းစားမိတယ်။"

"တင်ဝင်းရာ ညံ့ပါ။ အေးလေ၊ မင်းလည်းတို့နဲ့လိုက်ပြီး အတွေ့



www.burmeseclassic.com

www.burmeseclassic.com



အကြံ့ရှာတုန်းဆိုတော့ ဟုတ်ပါတယ်၊ ကျော်စိုးသာသိရင် မင်းကိုရယ်မှာ သေချာတယ်။"

"ဘာကောင်တွေလဲစောဂျိမ်း"

"အဲဒါပြောင်တွေကွ"

"ဒီလိုမှန်းသိရင် ကျွန်တော့နှစ်လုံးပြူးနဲ့ ဆော်ထည့်လိုက်ပါတယ်"

"မင်းအဘပြောင်တွေကို နှစ်လုံးပြူးနဲ့ပစ်ရင် အယားပြေရုံပဲရှိမယ်၊ မင်းကိုတောင် လိုက်ပြီးဆော်လိုက်ဦးမယ်၊ ဒီကောင်တွေက (·၃၃၃)တို့၊ (·၄၀၄)တို့ (·၄၇၅) တို့နဲ့မှ ပစ်လို့ရတာ၊ နောက်မှတ်ထား၊ ပြောင်ဆိုတာ သားကောင်ကြီး၊ တောရုံသေနတ်နဲ့ပစ်လို့မရဘူး။ အခုဒီကောင် တွေ ဘယ်ဘက်ကိုပြေးကုန်ကြလဲ"

"အနောက်ဘက်ကိုပဲ စောဂျိမ်း"

"ဝေးဝေးတော့ မရောက်နိုင်သေးဘူး၊ လိုက်ရင်ရနိုင်တယ်။

စောဂျိမ်းက တဲအကွင်းတကုတ်ကုတ်နှင့် အလုပ်ရှုပ်နေသော ဦးပန်းအောင်အား-

"ဦးလေး ဒီတောထဲမှာ ကျစ်တွင်းတွေများရှိသလား"

"ရှိတယ်၊ ဒီကနေ နှစ်မိုင်လောက်ဝေးတဲ ့နေရာမှာ ကျစ်တွင်းတစ်ခုရှိတယ်"

"ဒါဆိုရင် အတော်ပဲ ကျော်စိုးပြန်လာရင် လိုက်ကြရအောင်ကွာ"

◆ ◆ ◆ ◆ ◆





ဒီနယ်ဒီတောတွေက သွားလည်းသွားဘူးသည်။ ရောက်လည်းရောက်ဘူးသည်။ သို့သော် တစ်ယောက်တည်းတော့မဟုတ်။ မုဆိုးတွေပါသည်။ နယ်ခံတွေပါသည်။ အဖော်တွေပါသည်။ အခုဟာကတစ်ယောက်တည်း။ မကြောက်ဘူးဆိုပေမယ့် နည်းနည်းတော့ ရွံ့သည်။ သစ်ထုက်လုပ် ရေးစခန်းက ငယ်ပေါင်းတစ်ယောက်ထံမှ မတွေ့တာကြာ၍ ကျော်စိုးလာခဲ့ခြင်းဖြစ်သည်။

အပြန်တွင် ငယ်ပေါင်းသူငယ်ချင်းက မပြန်ရဲ၍အဖော်တစ်ယောက်တည်းထည့်ပေးလိုက်မည်ဆိုသော်လည်း ကျော်စိုးက တစ်ယောက်တည်း ပြန်လာခဲ့ခြင်းဖြစ်သည်။

တစ်လမ်းလုံးတောက တိတ်ဆိတ်နေသည်။ ကျေးငှက်သာရကာများ၏ အသံမှလွဲ၍ဘာ သံမှမကြားရ။ တစ်ယောက်တည်းဆိုတော့ ကျော်စိုးက သတိကြီးစွာဖြင့် သေနတ်ကိုကိုင်ကာ ခပ်သွက်သွက်လျှောက်လာခဲ့သည်။ သစ်ထုတ်လုပ်ရေးစခန်းက ထွက်လာခဲ့သည်မှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီကျော်မျှ ကြာပြီ။ တစ်ကောင်တစ်မြီးမှမရသေး။ တောကြက်တို့ ယုန်တို့ ရှဉ့်တို့တောင်မတွေ့ရ။ တောတိရစ္ဆာန်တွေရှိသောတောလို့ တောင်မထင်ရ။ တိတ်ဆိတ်ငြိမ်သက်နေသည်။

တောင်ကြောအတိုင်းလျှောက်လာပြီး ရွက်စိမ်းတောကျော်လျှင် စောဂျိမ်းတို့ စခန်းချရာနေရာကို ရောက်ပြီ။ ရွက်စိမ်းတောက ရေိယာနည်းနည်းတော့ကျယ်သည်။ သားကောင်များရှိတတ်သည်။ ကျော်စိုးက မောလာသောကြောင့် ရေဗူးကိုမော့သောက်လိုက်သည်။

"ဗျော . . . ဗျော . . . ဝရော"

ကျော်စိုးရေဗူးကို မော့သောက်လိုက်ချိန်တွင် မထင်မှတ်သော အန္တရယ်ကောင်ကာဝင်လာသည်။ တစ်ယောက်တည်းမို့ ကျော်စိုးက သတိ ထားနေခြင်းဖြစ်သည်။

အစွယ်ဖွေးဖွေးနှင့် တရှိန်ထိုးဝင်လာသော တောဝက် တစ်ကောင်။ ကျော်စိုးက ဝက်တောင်းဆိုတာ သိလိုက်သည်။ ကိုယ်ကိုရိုကာဘေးသို့ ၃/၄ လှမ်းမျှ ရှောင်လိုက်သည်။ အရှိန်မည် မျှပြင်းသည် တော့မသိ၊ ဒုန်းကနဲအသံနှင့်အတူ ဝက်တောင်းကြီးက ကညင်ဘေးတွင် ခွေကျသွားသည်။

ချက်ချင်း ပြန်ထသည်။ ခေါင်းတစ်ပတ်လည်ကာ ကျော်စိုးကို မျက်နှာမူလိုက်သည်။

"ဒိုင်း . . ."

"ဒိုင်း . . ."

စောဂျိမ်းထံမှ ခေတ္တတောင်းလာသော (・၅၀၀)နှစ်လုံးပြူး ရိုင်ဖယ်က ကျည်အားပြင်းသည်။ တောကောင်ကြီးများနှင့် အံကိုက်ဖြစ်





သည်။ ဝက်တောင်းကြီးက တုန့်ကနဲဖြစ်သွားသည်။ အဆီမရှိသော အခေါက်ထူကြီးပေါ်တွင် ဖွေးကနဲဖြစ်သွားသည်။ ကျည်ထိရာပစ်မှတ်က လက်မ လောက်သာခြားသည်။ နှစ်နေရာစလုံး ဖွေးကနဲဖြစ်သွားသည်။

သို့သော် လဲကျမသွားပဲ " ဖောက်" " ဖောက်" ဟူသော မေးရိုက်သံနှင့်အတူ ကျော်စိုးထံသို့ ရထားခေါင်းတွဲကြီးတစ်စီးဝင်လာသလို " ဝေါ"ကနဲရောက်လာသည်။ ကျော်စိုးက စိတ်ကိုငြိမ်အောင်ထား၍ ရပ်နေရာမှ ဝက်တောင်းကြီးအနားရောက်ဖို့ နှစ်ပေခန့်မျှ အကွာတွင်ဘေးတွင် ရှိသော ဇန်ရွဲခြုံထဲသို့ ခုန်ဝင်လိုက်သည်။

"ဒုတ်"

ဟူသော အသံနှင့်အတူ ကျော်စိုးရပ်နေရာအနောက်ဘက်ရှိ လူ့နှစ်ဘက်စာကြီးသော တောင်မရိုးပင်ကြီးတွင် ခေါင်းစိုက်နေသည်။ ကျော်စိုးက ရှောင်ထွက်လိုက်သောကြောင့် ဝက်တောင်းကြီးက သူ့အရှိန်နှင့်သူ တောင်မရိုးပင်ကြီးကို ထိုးကော်၍ပတ်လိုက်ခြင်းဖြစ်သည်။

ကျော်စိုးက ခြုံထဲကနေ ကပျာကယာထကာကြည့်လိုက်သည်။ ဝက်တောင်းကြီးတောင်မ ရိုးပင်ကို ခေါင်းစိုက်ကာထမလာတော့။ ကျည်ထိရာ ဒဏ်ရာများက သွေးများတစိမ့်စိမ့်စီးကျနေသည်။ ကျော်စိုးက ခပ်လှမ်းလှမ်းမှနေကာ သစ်ကိုင်းခြောက်တစ်ခုနှင့် ပစ်ပေါက်လိုက်သည်။ လုံးဝမလှုပ်တော့။ ကျော်စိုးပျော်သွားသည်။ ခရီးသွားဟန်လွှဲတောဝက် တစ်ကောင်ရလိုက်သောကြောင့် ဖြစ်သည်။

ဇန်ရွဲကြီးကို ရောက်ကတည်းက ဟင်းကောင်းကောင်းတစ်ခါမျှ မစားရသေး။

ကျော်စိုးတောဝက်ကြီးနားရောက်ချိန်တွင် တောင်မရိုးဖူးကို



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစိုက်နေသော တောဝက်ကြီးက တစ်ဘက်ဘေးကို ဗုန်းကနဲ ပြည်အောင် လဲကျသွားလေသည်။

"ဟာ"

တောဝက်ကြီးပက်ထည့်လိုက်သော အစွယ်နှစ်ချောင်းက တောင်မရိုးပင်၏ ပင်စည်တွင် ကျန်နေခဲ့သည်။ ဝက်မာန်စွယ်ဆိုတာ ဒါကိုခေါ်တာလား၊ တောဝက်တစ်ကောင်ပစ်ပြီးရင်တော့ အစွယ်ရမည်ဆိုတာမှန်သည်။ သို့သော် ဒေါ်မာန်ထနေချိန်တွင် ရလိုက်သောအစွယ်မို့ မာန်စွယ် လို့ခေါ်တာလား၊ ကျော်စိုးပျော်နေသည်။ စခန်းကိုပြန်ရောက်တော့ စောဂျိမ်းနှင့် တင်ဝင်းကိုသူ ကြွားဦးမည်။ တောဝက်ကြီးကိုတော့ သူတစ်ယောက်တည်းမနိုင်သောကြောင့် ထားခဲ့မည်။ သို့သော် ကျော်စိုး တစ်စုံတစ်ခုကို သတိရသောကြောင့် ခါးကြားမှဝေါလိုက် ဓါးမြှောင်ကို ထုတ်ကာ သိုတန်ကြီးကို လှီးထုတ်လိုက်သည်။

◆ ◆ ◆ ◆ ◆





"ပြောင်ဆိုတဲ့ကောင်မျိုးက လူနဲ့ရလျှင်ထွက်ပြေးတတ်တယ်။ အကျဉ်းအကျပ်တွေ့တဲ့ အခါကြမှလူကိုရင်ဆိုင်တိုက်ခိုက်တတ်တယ်။ ပြောင်တွေရဲ့အဓိကအစားအစာကတော့ မြက်နုကလေးတွေပဲ၊ မြက်နုမရှိရင်တော့ သစ်ရွက်၊ သစ်ညွန့် သစ်ခေါက်တွေလည်း စားတတ်တယ်။ ချိုထဲမှာတော့ ပြောင်ချိုကတော့ အလှဆုံးလို့ငါထင်တယ်။ ပြောင်တစ်အုပ်မှာ ၁၀ ကောင်ကနေ အကောင် ၂၀ လောက်အထိ ရှိတတ်တယ်။ အဲဒီပြောင့်အုပ်ကို အရွယ်ရောက်ပြီးတဲ့ပြောင်ထီးတစ်ကောင်က ခေါင်းဆောင်တတ်တယ်။ အရွယ်မရောက်သေးတဲ့ ပြောင်ထီး အသေးကလေးတွေလဲ ပါတယ်ပေါ့ကွာ။ နောက် ဒီကောင်တွေက ကျစ်တွင်းတွေကို ကြိုက်တတ်တယ်ကွ။ ကျစ်တွင်းတွေက မြေငန်တွေကိုယက်ပြီး အေးအေးလူလူ နားနေတတ်တယ်"

စောဂျိမ်းကမှုဆိုးသင်တန်းတက်ခါစ တင်ဝင်းကိုမှုဆိုး သင်ခန်းစာပို့ချနေသည်။ ထိုအချိန်တွင် ကျော်စိုးကခပ်သုတ်သုတ်ဝင်လာသည်။

"စောဂျိမ်း ခင်ဗျားတို့ဘာကောင်တွေရထားသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



““ဟာ···ဘယ်မှမတွက်ရသေးပဲ ဘာကောင်တွေရရမှာလဲ မင်းပြန်အလာကိုစောင့်နေတာ”

“ကျုပ်တောဝက်တစ်ကောင်ပစ်ခဲ့တယ်ဗျ။ တောင်မရှိးပင်အောက်မှာ ထားခဲ့တယ်။ မသယ်နိုင်ဘူး”

“ဟော···တယ်ဟုတ်ပါလား”

“ဟုတ်ဆိုဗျာ၊ ဝက်မာန်စွယ်တောင်ရလိုက်သေး”

“ဘာကွ၊ မာန်စွယ်ဟုတ်လား”

ကျော်စိုးက ထုတ်ပြလိုက်ကာ ရလာပုံကိုလည်း ပြောပြလိုက်သည်။ စောကျိမ်းကရယ်သည်။ “မာန်စွယ်ရတော့ ဘာတွေကောင်းသလဲကွ”

“အဲဒါတော့မသိဘူးဗျ။ စောကျိမ်းကိုမေးမလို့”

“ငါလဲမသိလို့မေးတာပါ။ အဲဒါမာန်စွယ်တွေ ငါ့ဆီမှာအများကြီး။ မင်းလိုချင်ရင်တောင်ပေး လိုက်ဦးမယ်။ အဲဒါကိစ္စထားလိုက်ဦး။ မင်းသူငယ်ချင်းတင်ဝင်းက ပြောင်အုပ်ကိုတွေ့လိုက်တယ်။အဲဒီကောင်တွေ လိုက်ဆော်လိုက်ကြရအောင်”

“ဟုတ်လား ဘယ်လောက်ကြာသွားပြီလဲ၊ ကျွန်တော်နဲ့တော့ မတိုးလိုက်ဘူး”

“တစ်နာရီနီးပါးလောက်ရှိပြီကွ၊မင်းအလာကိုစောင့်နေတာ ဦးပန်းအောင်ကပြောတယ် ဒီကနေနှစ်မိုင်လောက် ဝေးတဲ့နေရာမှာ ကျစ်တွင်းတစ်ခုရှိတယ်တဲ့”

“ဒါဆိုရင်တော့ လိုက်ရင်မီသေးတယ်ဗျ၊ ဘယ်လိုလဲ”

“အေး···သွားကြမယ်လေကွာ”





“ဒါဆိုရင်ယူစရာရှိတာတွေထည့်ကြတော့၊ ဦးပန်းအောင် ဘာတွေများစားစရာလုပ်ထားသေးသလဲ”

“ငပိကင်နဲ့ မြူရွက်သုတ်ပဲ ရှိတယ်တဲ့”

“ဒါဆို ရှိတာထည့်ခဲ့ဗျာ ညနေစာတော့ တောဝက်သားက သေချာပါတယ်”

လိုသောပစ္စည်းများကို ကြောပိုးအိတ်များတွင်ထည့်ကာ သုံးယောက်သားခပ်သုတ်သုတ် ချီတက်လာကြသည်။ နာရီဝက်လောက်အကြာတွင် ပြောင်အုပ်ကိုခြေရာခံမိကြသည်။ ဆယ်ကောင်ဝန်းကျင်လောက်ရှိသော ပြောင်အုပ်ဖြစ်သည်။ သွားရာလမ်းတစ်လျှောက် သစ်ရွက်၊ သစ်ညွန့်၊ ရွက်နုကလေးများကို ဆွဲယူသွားကြောင်း တွေ့ရသည်။ တချို့နေရာများတွင် အစိုအဟိုင်းရှိနေသေးသည်။ ပြောင်ချေးများ။

ဦးပန်းအောင်ပြောသည့်အတိုင်း ပြောင်အုပ်ကကျစ်တွင်းကို ဦးတည်နေသည်။ ကျော်စိုးက လွန်ခဲ့သော ၃ နှစ်ခန့်က ထိုကျစ်တွင်းတွင်ပစ်ခဲ့ဘူးသောကြောင့် ပြောင်အုပ်သွားရာလမ်းအတိုင်း ကျစ်တွင်းရှိရာသို့ ခြေလှမ်းသွက်သွက်လှမ်းလာကြသည်။ တောကအောက်ခြေရှုပ်သော တောမျိုး။ ငှက်မျိုးစုံအသံနှင့်မျောက်အော်သံများက ဆူညံနေသည်။ တစ်နေရာတွင်တဝီဝီအော်သံကြောင့် ရှေ့ကနေသွားနေသောကျော်စိုးက···

“တင်ဝင်း အဲဒါဘာသံလဲသိလား”

“လေယာဉ်ပျံ အသံလို့ထင်တယ်”

“အေး···အဲဒီသတ္တဝါအော်သံကွ”



www.burmeseclassic.com

www.burmeseclassic.com



အသံကြားရာသစ်စိမ်းပင်ကြီးအောက်တွင်ရပ်ကာ ကျော်စိုးက အပင်ပေါ်သို့လှည့်ပတ် ချောင်းနေသည်။ တစ်နေရာတွင်ရပ်ကာ…

"တင်ဝင်း ဒီအပေါ်တည့်တည့်ကိုကြည့်လိုက်"

သစ်ရွက်သစ်ခက်များအကြားမှ မြင်လိုက်ရသော ရင်အုံကြီး ဖြစ်သည်။ တက်နင်းကာသစ် ကိုင်းကညွတ်ကာတလှုပ်လှုပ်ဖြစ်နေသည်။

"ဟာ နည်းနည်းနောနော အကောင်ကြီးမှမဟုတ်ပဲ ၃ ပိဿာ ၄ ပိဿာလောက်ရှိမယ်ဟေ့ ဆော်လိုက်မလား"

"ဟာ…မင်းအဘ ဆော်ထည့်လိုက်လို့ သေနတ်သံကြောင့် တို့တောဝင် ဘတဲ့ ဦးတည်ချက် ပျက်သွားမှာပေါ့။ ပြောင်တစ်ကောင် ရရင် တစ်ရွာလောက်စားလောက်တယ်။ မင်းအကောင်က တနပ်စာ အပြင် အဲဒီကောင်အသားက စားလို့မကောင်းဘူး။ ပွစိစိနဲ့"

"မသိပါဘူးကွာ၊ ငါက အကောင်မြင်တော့ လက်ယားနေလို့"

တောတန်းကလေးကို လွန်ပြီးနောက်ဗွေ(တောင်ရိုးအလယ် ကုန်းကြော)အတိုင်းမသိမသာ မြင့်တက်လာသော မြေလမ်းအတိုင်း တက်လာကြသည်။ မြေလမ်းကဝါးခုတ်သမားများ၊ ထင်းခုတ် သမားများ သွားနေကြလမ်းဖြစ်ဟန်တူသည်။ တစ်ပေခန့် လမ်းကလေးဖြူးနေ သည်။ ပြောင်အုပ်က ထိုလမ်းမှမသွား။ ကုန်းကြောဘေးတော ကင်ပွန်း ခြုံ၊ ဆူးရစ်ခြုံနှင့်တောင်လမုခြုံများပေါက်နေသော ခြုံများကိုတိုးကာ သွားထားကြောင်းမြင်နေရသည်။

ခြုံများမှ ရွက်နု ရွက်ဖူးများကို သွားရင်းလာရင်း စားသောက် သွားကြသေးသည်။ စောဂျိမ်းနှင့်ကျော်စိုးက တစ်ယောက်နှင့် တစ်ယောက်မေးငေါ့ကာ ပြလိုက်သည်။ တင်ဝင်းကတော့မသိ။ ဗွေ

ထက်ပေယံစာပေ



အတိုင်းတရွေ့ရွေ့လျှောက်လာကြရင်း မိနစ်(၂၀)လောက်အကြာတွင် မြေလမ်းမှဖဲ့ထွက်ကာ ကုန်းကြောဘေးသို့ ဆင်းလိုက်ကြသည်။ ပြောင် အုပ်က ဝဲဘက်သို့ကွေ့ထွက်သွားနေသောကြောင့် ဖြစ်သည်။

မုဆိုးခြေလှမ်းကလည်း ခပ်သွက်သွက်မို့သိပ်မကြာမီ ပြောင် အုပ်ကို မီလာနိုင်သည်ဟု စောဂျိမ်းကတွေးမိသည်။ကျော်စိုးအတွေးအရ ပြောင်အုပ်သည်ကျစ်တွင်းတွင် မြေငန်များကို စားတတ်သောကြောင့် ကျစ်တွင်းသို့အမီရောက်လာကြသော်လည်း ခြေရာများကကျစ်တွင်းဘက် သို့ ဦးတည်မနေကြောင်းစောဂျိမ်းကယူဆသည်။

စောဂျိမ်းကဦးဆောင်ကာ ကုန်းကြောဘေးသို့ ဆင်းလိုက်ပြီး တောကင်ပွန်းခြုံများထဲသို့ တိုးလိုက်သည်။ ခြုံတောထဲမှ ပွတ်တိုက်တိုး ဝင်သွားသော ခြေရာလက်ရာများကအထင်အရှားဖြစ်သည်။ ခြုံက ကျိုးတိုးကျဲတဲပေါက်နေ၍သာ တော်တော့သည်။ စောဂျိမ်းက သေနတ်ကို အသင့်ကိုင်ရင်း ရှေ့ကနေသွားနေသည်။ ခြုံများက ကြောပိုးအိတ်များ အကျီများကို ငြိနေတတ်၍ ခရီးတော့သိပ်မတွင်လှ။

"ဖြော…ဖြော…ဖြော"

"ဖုန်း…ဖုန်း…ဖုန်း"

ဒရောသောပါးပြေးလာသောလူသုံးယောက်၊ အနားရောက် လာမှ စောဂျိမ်းတို့နှင့်ရင်ဆိုင်တိုးသည်။ ခြုံတောထဲမှ ဗြုန်းကနဲပြေး ထွက်လာသောကြောင့် စောဂျိမ်းတို့လည်းလန့်၊ သူတို့လည်း လန့်ကုန်ကြ သည်။ စောဂျိမ်းက-

"ဟေ့…လူတွေဘာဖြစ်လာတာလဲ"

တစ်ယောက်က-

ထက်ပေယံစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဆရာတို့. . ."

စောဂျိမ်းတို့ ကိုင်လာသောသေနတ်များကို ကြည့်ကာမျက်စိမျက်နှာပျက်ကုန်ကြသည်။ စောဂျိမ်းက-

"ကျုပ်တို့က မုဆိုးတွေပါ မကြောက်ကြပါနဲ့"

"ဟုတ်လား တော်ပါသေးရဲ့"

"မြောင်အုပ်နဲ့ တိုးလာလို့ ဆရာရေ ဒါကြောင့်မို့ပြေးလာတာ"

"ဘယ်အေးမှာလဲ"

"တော်တော်ဝေးဝေးကျန်နေခဲ့ပြီ၊ ကျွန်တော်တို့က ဝါးခုတ်နေရင်းဆိုတော့ ဝါးတွေရော၊ အထုတ်အပိုးတွေရော၊ ထမင်းထုပ်တွေရော ကျန်နေခဲ့ပြီ"

ကျော်စိုးက ထိုလူသုံးယောက်ထဲမှ တစ်ယောက်ကို သိပုံရသည်။ ထို့ကြောင့်

"ခင်ဗျားကို ဦးပန်းအောင်တဲကိုလာတာတွေ့ဘူးပါတယ်"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်က ဦးပန်းအောင်တူပါ၊ အလိမ်လယ်ရွာကပါ"

"ကျုပ်တို့က အဲဒီမြောင်တွေနောက်လိုက်လာတာ၊ ခင်ဗျားတို့တွေ့တဲ့ ဝါးတောက တော်တော်ဝေးသလား"

"ကျွန်တော်တို့ ပြေးလာတာ နာရီဝက်လောက်တော့ရှိပြီ"

"ခင်ဗျားတို့နောက်ကို လိုက်လာလို့လား"

"စောစောကတော့ လိုက်လာတယ်၊ အခုတော့ ပါမလာတော့ဘူး"

"နောက်ကိုလှည့်မကြည့်ဘူးလား"





"ကြောက်ကြောက်နဲ့ လှည့်မကြည့်ဖြစ်ပါဘူး"

"ကဲကဲ--အခုဘာကောင်မှ နောက်ကပါမလာပါဘူး။ အဲဒီအကောင်တွေသွားပစ်မလို့ လိုက်ကြဦးမလား"

"ဟာမလိုက်တော့ပါဘူး"

"ဒါဆိုရင် ခင်ဗျားတို့ ကျန်နေခဲ့တဲ့ပစ္စည်းတွေကျုပ်တို့ အပြန်ယူလာခဲ့မယ်၊ ခင်ဗျားတို့က ကျုပ်တို့ကိုအကူအညီတစ်ခုပေး"

"ပြောပါဆရာ"

"ဦးပန်းအောင်တဲကို မရောက်ခင် ရှက်စိမ်းတောထဲမှာတောင်မရိုးပင်ကြီးတစ်ပင်ရှိတယ်"

"သိပါတယ်ဆရာ. . .ဆောင်းဝင်စဆိုရင် အဲဒီအပင်က ပွင့်တတ်တော့ အပွင့်ပွင့်ချိန်ဆိုရင် တစ်တောလုံး မွှေးနေတာကတယ်"

"ဟုတ်ပြီ၊ အဲဒီအပင်အောက်မှာ ကျုပ်ကောဝက်တစ်ကောင်ပစ်ထားတာရှိတယ်၊ ခင်ဗျားတို့ ဦးပန်းအောင်တဲကို ထမ်းသွားလိုက်၊ နောက် ဦးပန်းအောင်ကိုပြောပြီး တစ်ယောက်ကိုနှစ်ပိဿာ စီလောက်ယူသွားလိုက်"

"စိတ်ချဆရာ"

"ဒါဆိုရင်သွားကြတော့"

"မြောင်ခြေရာများကို ကြည့်၍လိုက်လာခဲ့သည်မှာ တောကင်ပွန်းခြုံများထဲတွင် နာရီဝက်လောက်ကြာပြီဖြစ်သည်။ ကင်ပွန်းခြုံလွန်လျှင် မြောက်လယ်ကွင်းကို ရောက်မည်။ မြောက်လယ်ကွင်းတွင် ဝက်ပျောတောတစ်ခုရှိသည်၊ အလယ်တွင် စမ်းချောင်းကလေးတစ်ခု ရှိသည်။ စမ်းချောင်းအစပ်တွင် စိမ်းစိုသောမြက်တောကွင်းများရှိသည်။ ထိုမြက်



www.burmeseclassic.com

www.burmeseclassic.com



များက ပြောင်များအကြိုက်ပင်ဖြစ်သည်။

မြောက်လယ်ကွင်းအစပ်မှ ကြည့်လိုက်လျှင် ငှက်ပျောတောက စိမ်းစိုကာ ယိမ်းပျိုဖြိုများ ယိမ်းကနေသလို လေတိုက်ရာသို့ လှုပ်ရမ်းနေသည်။ ငှက်ပျောတောအခြေအနေကို ကြည့်လိုက်ရာ ထူးခြားမှုမတွေ့ ထို့ကြောင့် စောကျိမ်းက-

"ကျော်စိုး ငြိမ်ငြိမ်သက်သက်ပါပဲလား"

"အေးဗျ . . . ကျွန်တော်လည်း အဲဒါစဉ်းစားနေတာ"

"စမ်းချောင်းအစပ်က မြက်တောကွင်းထဲများ ရောက်နေပြီလား"

"ဖြစ်နိုင်တယ်"

သုံးယောက်သားအင်ပင်ပေါက်ကလေးအုပ်စုမှ သစ်ကိုင်းသစ်ခက်များကို ဖြိုကာအထွက်တွင်-

"ဗျော . . . ဗျော"

"ဝုန်းဝုန်း"

တောဝက် ၄ကောင်၅ကောင်က ရေစပ်စပ်ရှိနေသော ရွှံ့အိုင်တစ်ခုတွင်လူးနေရာမှ စောကျိမ်းတို့ကို တွေ့သွားသောကြောင့် ဝရုန်းသုန်းကား ထွက်ပြေးကြခြင်းဖြစ်သည်။ စောကျိမ်းတို့ပင် လန့်သွားသည်။

"နင့်မေ့ကလွှား ပြောင်တွေနောက် လိုက်နေလို့ပေါ့ကွာ . . နင့်မို့ရင် ဟင်းစားတစ်ကောင်ကတော့ အသေအချာပဲ"

ငှက်ပျောတောကြီးက မိုက်နေအောင်ထူလှသည်။ ခုတ်မည့်သူမရှိ၊ ခူးမည့်သူမရှိသောကြောင့် အပင်များကကြီးချင်သမျှကြီးကာ ငှက်ပျောသီးများကလည်း နုတာတွေ၊ ရင့်တာတွေ၊မှည့်တာတွေ၊ မှည့်၍



BURMESE CLASSIC .com



ကြွေတာတွေအများအပြားတွေ့ရသည်။ တစ်ချက်တစ်ချက် လေအဝှေ့တွင် ငှက်ပျောပင်များက ဝေါကနဲမြည်ကာ ယိမ်းထိုးသွားသည်။

သုံးယောက်သား သေနတ်များကို အသင့်ကိုင်ကာ ငှက်ပျောတောအတွင်းသို့ ဝင်လာသည်။

ထူးခြားမှုမတွေ့ရ။ စောကျိမ်းက ကျော်စိုးကိုမေးငေါ့ပြသည်။ ကျော်စိုးက ခေါင်းယမ်းပြသည်။ ငှက်ပျောတောကို အလယ်မှ ဖောက်ထွက်လာကြရာ (၅)မိနစ်ခန့်ကြာမှ ငှက်ပျောတောအစပ်ကို ရောက်သည်။ စိမ်းစိုသောမြက်တောတွင်းက ဆီးကြိုနေသည်။ မြက်တောကွင်းသည် ပြောင်မပြောနှင့် ဆိတ်တစ်ကောင်ရပ်နေလျှင် ထည်းထည်းကြီးမြင်သာလောက်၍ သတ္တဝါတစ်ကောင် တပြီးမှမတွေ့ ရှင်းလင်းနေသည်။

တွေ့ပါပြီ၊ မြက်တောကွင်းအတွင်း ပြောင်အုပ်ကျသွားသောကြောင့် ခါးလည်မှ ပြတ်နေသော မြက်ဖြတ်များကို အစီအရီတွေ့ရသည်။ စောကျိမ်းက စမ်းချောင်ကလေးဘက်ကို ကြည့်လိုက်သည်။ ပြီးမှ မြက်ဖြတ်များကို မြှောက်ကာလုပ်လိုက်သည်။ မြှောက်တင်လိုက်သောကြောင့် မြက်ပြတ်များက စောကျိမ်းကိုယ်ပေါ်ကို ပြန်ကျလာသည်။ စောကျိမ်းတို့က လေအောက်က။

စောကျိမ်းက ကျော်စိုးကိုလက်ပြကာ စမ်းချောင်းဘက်သို့ ခြေဦးလှည့်လိုက်သည်။ စမ်းချောင်းနေရာက မသိမသာကလေး နိမ့်ဆင်းသွား၍ ချောင်းစပ်တွင် ဆူးရစ်ခြုံနှင့် ဥနဲခြုံများက အစီအရီ ပေါက်နေသည်။ ထည်းထည်းမားမားဆို၍ မျောက်လုပ်ပင်ကြီး တစ်ပင်သာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သားမျောက်လုပ်ပင်ကြီးဘေးတွင်ကပ်ကာ ဆူးရစ် ခြုံနှင့်ဥနဲခြုံများကိုကျော်၍ ကြည့်လိုက်သည်။ တွေ့ပါပြီ၊ စမ်းချောင်း အတွင်းငုံ၍ ရေသောက်နေသော အကောင်များနှင့် တစ်ကောင်နှင့် တစ်ကောင်ပွတ်တိုက်ကာ ကလူကျီစယ်လုပ်နေသော အကောင်များ။ စုစုပေါင်း ကိုးကောင်တိတိဖြစ်သည်။ ပြောင်များက အနိမ့်ပိုင်းတွင်ဖြစ်၍ အပေါ်စီးမှ မြင်နေရခြင်း ဖြစ်သည်။

ဦးချိုကားကားနှင့် ပြောင်အားလုံးထဲတွင် ဦးချိုအလှဆုံး အကောင်ကြီးကို ၃ ကောင် ၄ကောင်က ဝိုင်းခတ်လိုက်၊ ထိုပြောင်ကြီး က ထွက်ပြေးသွားလိုက် ပြန်ပြေးလာလိုက်နှင့် လုပ်နေကြသည်။ စောဂျိမ်းကတွေးလိုက်သည်။ ထိုပြောင်ကြီးက တချိန်က ခေါင်းဆောင် လုပ်နေသော ပြောင်ထီးကောင်ကြီး ဖြစ်နိုင်သည်။

အသက်အရွယ်ကြီးလာချိန်တွင် ပြောင်ငယ်၊ ပြောင်ပေါက်များ ပြန်ခုခံသောကြောင့် ထွက်ပြေးနေရခြင်းဖြစ်သည်။ တချိန်တွင် ထိုပြောင် ထီးကောင်ကြီးသည် သင်းကွဲပြောင် ဖြစ်လာနိုင်သည်။

လှုပ်ရှားနေသောမြင်ကွင်းကို စောဂျိမ်းကတာဝန်ခွဲဝေ လိုက်သည်။ ညှိုမှိုင်းနေသော ဦးချိုနှင့် ပြောင်ထီးကောင်ကြီးအား ပြန်လည်ခတ်နေသော တစ်ကောင်ကိုကျော်စိုးအတွက် ပြလိုက်သည်။ စောဂျိမ်းကပြောင်ထီးကောင်ကြီးကို ချိန်လိုက်သည်။ ပစ်ကွင်းကလှုပ်ရှား နေသော ပစ်ကွင်း။ မှုဆိုးအတွက် တရားမျှတသော ပစ်ကွင်းဖြစ်သည်။

"ဒိုင်း..."

"ဒိုင်း..."

(·၅၀၀) နှစ်လုံးပြူးရိုင်ဖယ်နှင့် (·၄၇၅)မဂ္ဂဇင်းရိုင်ဖယ်သံ





များက စက္ကန့်ပိုင်းလောက်သာ ခြား၍ထွက်သွားသည်။သို့သော်...

"ဒိုင်း..."

ပြောင်ထီးကောင်ကြီးအား ပြန်ခတ်နေသော အကောင်က ခတ်ပြီးခေါင်းပြန်အကျတွင် ကျော်စိုးကခလုတ်ကို ဆွဲလိုက်သော်လည်း ထိုအကောင်က ရုတ်ချည်း ခေါင်းပြန်ထောင်လိုက်သောကြောင့် ပစ်မှတ်က နည်းနည်းလွဲသွားသည်။ သေလောက်သော ကျည်ရာမဟုတ်။ ထို့ကြောင့် ကျည်က လည်ပင်းအောက်ကို ဖေါက်၍ဝင်သွားချိန်တွင် ခေါင်းကို ဆတ်ကနဲခါလိုက်ချိန်၌ နားထင်တည့်တည့်သို့ ကျည်တစ် ချက်ပစ် သွင်းလိုက်ခြင်း ဖြစ်သည်။

ပြောင်ထီးကောင်ကြီးကတော့ စောဂျိမ်းလက်ချက်ကြောင့် ကျည်တစ်ချက်တည်းနှင့် ဗိုင်းကနဲ လဲကျသွားသည်။ ကျော်စိုးပစ်လိုက် သောအကောင်က ခေါင်းကြီးခါရမ်းကာ ပဝ်ခြာလည်ပြီးမှ လဲကျ သွားတော့သည်။ ကျန်အကောင်များကတော့ သေနတ်သံများကြောင့် စမ်းချောင်းကိုဖြတ်ကာ တစ်ဘက်တောထဲသို့ ဒရောသောပါး ပြေးကုန် ကြတော့သည်။

အကောင်ကြီး၏ အလေးချိန်များသောကြောင့် ပြောင်အုပ် ပြေးသံက တစ်တောလုံးဆူညံကာ အတော်ကြာမှ အသံပျောက်သွား သည်။

အတုန်းအရုန်းလဲနေသော ပြောင်နှစ်ကောင်အနက်စောဂျိမ်းက သူပစ်လိုက်သောပြောင် ထီးကောင်ကြီးကို တစိမ့်စိမ့်ကြည့်ကာ သဘော ကျနေသည်။ စွင့်ကားနေသော ဦးချိုကြီးက ခန့်မှန်းခြေ လက်မ(၃၀) လောက်ရှိကာ အလေးချိန်ကလည်း ပေါင်နှစ်ထောင်နီးပါး ရှိမည်ဟု



www.burmeseclassic.com

www.burmeseclassic.com



တွက်မိသော ကြောင့်ဖြစ်သည်။ စောဂျိမ်းက သူ့အတွေးနှင့်သူတွေးကာ ကျောပိုးအိတ်ထဲမှ ရေဗူးထဲတွင်ထည့်ထားသော ရမ်အရက်ကို မော့သောက်နေချိန်တွင် တဖြစ်ဖြစ်မြည်နေသော ညှော်နံ့က နှာခေါင်းတွင်းသို့ဝင်လာသည်။

ကျော်စိုးက ပေါင်သားတစ်တုံးကို လှီးကာ မီးကင်နေပြီဖြစ်သည်။

"ဟ… မြန်လှချည်လား"

"စောဂျိမ်းရဲ ခရီးပမ်းလာတယ်လေဗျာ၊ နားဦးမှပေါ့၊ နောက်ပြီး ငပိကင်နဲ့ မြူရွက်သုတ်ပဲ ပါလာတာ ဆာနေပြီဗျ။ ခင်ဗျားအဲဒါနဲ့ ပဲစားမလား"

"အေးပါ ဟုတ်ပါတယ်၊ နို့ မင်းတို့က ပြောင်သားကြီးကင်ပြီး ဒီအတိုင်းစားမှာလား"

"ဒါကတော့ စောဂျိမ်းရေဗူးထဲကဟာလေးလဲ နည်းနည်း မျှဦးမှပေါ့"

"အေး… အဲဒီလိုလုပ်စမ်းပါဦးကွ"

ပြောင်သားမီးကင်နံ့က ပတ်ဝန်းကျင်တစ်ခုလုံး မွှေးကြိုင်သွားသလို၊ ထမင်းမပါသော်လည်း ငပိကင်၊ မြူရွက်သုတ်နှင့် ပြောင်သားကင်က ရမ်အရက်နှင့် ပေါင်းစပ်လိုက်သောအခါ မီးကင်ထားသော ပြောင်သားတုံးကြီးလည်း တက်တက်စင်အောင် ပြောင်သွားပါတော့သတည်း။ ။

◆ ◆ ◆ ◆ ◆

မောင်မြင့်မား(ဘိုကလေး)

ထက်ဝေယံစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မောင်မြင့်မား

မှုခင်းဝတ္ထုတိုများ

BURMESE CLASSIC .com

www.burmeseclassic.com